www.burmeseclassic.com

# ဆရာဍဂါ

ရင်ခုန်စည်းချက် ရိုက်ခတ်သံများ



Digital Art : Idea Kyaw & Mg Kyaw Oo

www.burmeseclassic.com

www.burmeseclassic.com


## ထုတ်ဝေမှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၀၀၉၁၆၀၆၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၉၉၃၀၇၀၈
အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
အတွင်းဖလင် - အောင်မင်းလွင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ။
ပထမအကြိမ်။
အုပ်ရေ - ၃၀၀
တန်ဖိုး - ၁၅၀ ကျပ်


# လိုင်းထက်သာ

www.burmeseclassic.com

www.burmeseclassic.com

"မမ လက်ထပ်ရတော့မယ်" ဆိုစကားကို မမလှိုင်း ပြောလာချိန်တွင် နှိုင်း ဝမ်းနည်းစွာ ငိုကြွေးခဲ့ရ၏။

"လှိုင်းထက်သာနှင့် နှိုင်းဆက်ရာ"

ဒက်ဒီမာမီတို့မှ မွေးထားသော ဒီညီအစ်မနှစ်ယောက်သည် ဘဝတွင် သူများတကာထက် ပိုမိုချစ်ခင်ခဲ့ကြတာ ငြင်းမရပေ။

မမလှိုင်းသည် နှိုင်းဆက်ရာဆိုသော သူမထက် အသက်ဆယ်နှစ်တိတိကြီးခဲ့၏။ ထို့ကြောင့် မမက သူမအပေါ် ညီမငယ်တစ်ဦးထက် သမီးလေးလို ပိုချစ်ခဲ့သည်။ ထို့အတူ သူမကလည်း မမအား မိခင်တစ်ဦးလိုပါပဲ။

ထို့ကြောင့် မမလက်ထပ်သွားတဲ့အချိန်မှာ သူမဝမ်းနည်းစွာ ငိုကြွေးခဲ့ရသည်။



"အဟင့် ဟင့် ဟင့်"

အခန်းထဲမှာ တစ်ယောက်တည်းငိုနေသော သူမအနားသို့ အဖေသည် စိုးရိမ်စွာရောက်လာ၏။

"အို နှိုင်း၊ ကလေးရယ် ဘာကြောင့်ငိုနေရတာလဲကွယ်"

သည်တော့ သူမက မမကိုနမြောစွာကြည့်မိ၏။ ဘာကြောင့်များ မမဟာ ဒီလိုအချိန်ကြမှ ပိုရှုလှနေရတာပါလိမ့်။

"မမ မမက ဟိုလူကြီးနဲ့ လက်ထပ်သွားပြီး နှိုင်းကို တစ်ယောက်တည်း ထားခဲ့မှာ မဟုတ်လားဟင်"

သည်လိုမေးတော့ မမမျက်နှာ ကွက်ခနဲ ပျက်သွားလျက်...

"ဒါကတော့ကွယ်"

ရုတ်တရက် မမ၏လှပသော မျက်လုံးတွေ ဝေးဝေးသွားလျက် သူမကို ကြင်နာစွာကြည့်သည်။ ထို့နောက် နူးညံ့သော သူမ၏ဆံနွယ်တို့ကို မမက နွေးထွေးသည့်လက်ဖြင့် ဖွဖွပွတ်သပ်လျက်...

"နှိုင်းတို့ဆီ မမ မကြာခဏပြန်လာမှာပါ ကလေးရယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဟင့် … ဟင့် … မမနဲ့ နှိုင်းမခွဲနိုင်ဘူး"

"အို ကလေးရယ်"

မမသည် စိတ်ထိခိုက်ဟန်ဖြင့် သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်၏။ ထို့နောက် သူမပါးပြင်ပေါ်မှ မျက်ရည်များကို ကြင်နာစွာ သုတ်ပေးလျက် …

"မမလည်း နှိုင်းလေးကို မခွဲနိုင်ပါဘူးကွယ်"

"ဒါဆို ဟိုလူကြီးကို မမ လက်မထပ်နဲ့ပေါ့"

"အို"

နှိုင်းပြောလိုက်တဲ့ ဟိုလူကြီးဆိုတာ လှိုင်းချစ်ရတဲ့ မောင့်ကိုလေ။ တကယ်တော့ မောင်သည် လှိုင်းအတွက် မထမဆုံး ချစ်ဦးသူဖြစ်၏။

မောင့်ဘက်ကလည်း လှိုင်းကို မြတ်မြတ်နိုးနိုးချစ်ခဲ့သည်။ မောင်နှင့်လှိုင်းတို့၏ အချစ်ရေးကို နှစ်ဘက်လူကြီးမိဘတွေကလည်း သဘောတူခဲ့၏။

"ဒက်ဒီတို့မှာ လှိုင်းနဲ့နှိုင်းဆိုတဲ့ သမီးနှစ်ယောက်ပဲရှိတယ်၊ ဒါကြောင့် ဒက်ဒီနဲ့မာမီက သမီးတို့နှစ်ယောက်ကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ သမီးတို့အသိနော်၊ ဒီအတွက်



ဒက်ဒီတို့က သမီးတို့စိတ်ချမ်းသာရေးကိုပဲ ဦးစားပေးတယ်၊ သမီးတို့ရဲ့ အိမ်ထောင်ရေးကိစ္စမှာလည်း ဒက်ဒီတို့ ဝင်ရောက်မစွက်ဖက်ဘူး၊ သမီးတို့စိတ်ကြိုက် ရွေးခွင့်ရှိတယ်၊ တစ်ခုတော့ရှိတယ် သမီးတို့ ရွေးလိုက်တဲ့လူဟာ မိဘဂုဏ်သိက္ခာ၊ မျိုးရိုးဂုဏ်သိက္ခာကို မထိခိုက်ဖို့ပဲ"

လှိုင်းတို့၏မိဘများက သမီးတွေအပေါ် ဒီလိုနားလည်မှုရှိခဲ့တာကြောင့် ကျေးဇူးတင်ရ၏။ ထို့ကြောင့် လှိုင်းရွေးလိုက်တဲ့ မောင်သည် ဒက်ဒီတို့ဂုဏ်သိက္ခာကို ပိုမိုမြင့်စေခဲ့၏။

"ဗညားတော်"

ထိုအမည်ပိုင်ရှင် မောင်သည် လှိုင်းထက် အသက်သုံးနှစ်ခန့်ကြီးကာ အချိန့်တိကျသော အလုပ်ကြိုးစားသော အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အောင်မြင်နေသည့် အများတကာလေးစားခံရသော ကုမ္ပဏီပိုင်ရှင် စီးပွားရေးသမားတစ်ယောက်။

မောင်နှင့်လှိုင်းတို့ စတင်တွေ့ဆုံခဲ့တာက လှိုင်း၏သူငယ်ချင်း မေခင်ရဲ့မင်္ဂလာဆောင်မှာဖြစ်သည်။

"မေခင်ရဲ့ မင်္ဂလာပွဲမှာ လှိုင်း သတို့သမီးအရံ လုပ်ပေးရမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မလုပ်ချင်ပါဘူး"

အရှက်အကြောက်ကြီးသော လှိုင်းက လူရှေ့ထွက်ရမှာကို ရှက်သလိုရှိုး ငြင်းခဲ့ပေမယ့်…

"မရဘူးနော် လှိုင်း၊ တခြားပွဲတွေ မလုပ်ချင်ပေမယ့် မေခင်ဟာ လှိုင်းနဲ့ အခင်ဆုံးသူငယ်ချင်း၊ ဒါကြောင့် လုပ်ဖြစ်အောင် လုပ်ပေးရမယ်"

အခင်ဆုံးသူငယ်ချင်းဆိုသော စကားတစ်ခွန်းနှင့်ပင် မေခင်အား လှိုင်း ဆက်ငြင်းခွင့်မရပေ။

"အင်းလေ မေခင် ဒီလောက်တောင်းဆိုမှတော့ လှိုင်းလုပ်ရမှာပေါ့၊ လှိုင်းက သတို့သမီးအရံမလုပ်ရင် မေခင်ကိုခင်ဘူးလို့ ပြောမှာမဟုတ်လား"

"ဒါပေါ့"

အပြုံးဖြင့် မေခင်ခေါင်းညိတ်တော့ လှိုင်း ရှက်စောင်းသာသာထိုး၏။

"သတို့သားအရံကလည်း လှိုင်းလိုပဲ မနည်းပြောထားရတာ"

"ဘယ်သူလဲ မေခင်"



"ဦးဗညားတော်"

"ဟင် ဘယ်သူ"

ဗညားတော်ဆိုသောနာမည်ကို သူမဘဝတွင် ပထမဆုံးကြားဖူးခြင်း၊ မေခင်ကပြုံးကာ…

"ဦးဗညားတော်ဆိုပေမယ့် လူကငယ်ပါသေးတယ်၊ အလုပ်အကိုင်က ကုမ္ပဏီပိုင်ရှင်သူဌေးမို့လို့ ဂုဏ်အရ 'ဦး'တပ်ခေါ်နေရတာ၊ ကိုမောင့်ရဲ့ အခင်ဆုံးသူငယ်ချင်းလေ"

"ဘာပဲဖြစ်ဖြစ် လှိုင်းတော့ တစ်ခါမှ သတို့သမီးအရံ မလုပ်ဖူးလို့ လူတွေရှေ့ထွက်ရမှာ ရှက်သလိုပဲကွယ်"

လှပချောမောသော လှိုင်းကို မင်္ဂလာပွဲများအတွက် သတို့သမီးအရံခေါ်ပေမယ့် ငြင်းဆန်ခဲ့တာချည်းပါ။ ထာခေါ်တာက ဒက်ဒီမာမီတို့မိတ်ဆွေတွေ လှိုင်းငြင်းတော့ ဒက်ဒီတို့ကလည်း စွတ်မတိုက်တွန်းပါ။

"ကျွန်တော့်သမီးကြီးက သိပ်အရှက်အကြောက်ကြီးတာဗျာ၊ လူစည်ကားတဲ့နေရာတွေကို သူက သိပ်သွားတာမဟုတ်ဘူး၊ အားနာတယ်ဗျာ"

မိတ်ဆွေတွေကို ဒက်ဒီက ခပ်ပြုံးပြုံးပဲ ထိုသို့ပြောပေးတတ်

www.burmeseclassic.com

www.burmeseclassic.com



၏။ နားလည်မှုရှိသော သူတွေကတော့…

"ရပါတယ်ဗျာ ဦးသားမိုးရဲ့သမီးက သိပ်ချောသိပ်လှ တော့ မင်္ဂလာပွဲမှာ သတို့သမီးအရံသာလုပ်ရင် လူတကာအေးကြည့် ရမှာ၊ ဒါပေမယ့် ကလေးက အရှက်အကြောက်ကြီးတော့ ဘာတတ် နိုင်မှာလဲ"

"ဒီလောက်လှတဲ့ကလေးမ အိမ်တွင်းပုန်းနေတာ နမြော စရာပဲ"

"ခါစုမြတ်လည်း ကိုယ့်သမီးအလှလေးတွေ့ နားချပေးပါ ဦး"

မာမီကတော့ ပြုံး၍…

"ကျွန်မတို့က သမီးတွေစိတ်မချမ်းသာတာ ဘာမှ မတိုက် တွန်းချင်ပါဘူးရှင်"

"အမယ်လေး လိုက်လည်းလိုက်တဲ့ မိသားစုပဲ"

လှိုင်းနှင့်နှိုင်းဆိုလျှင် အငယ်ဖြစ်သော နှိုင်းကမှ သွက်သွက် လက်လက်ရှိလေ၏။

"ကဲ သမီးကြီး မရရင်တော့ သမီးငယ်လေးကိုပဲ ပန်း ခြင်းကိုင်ခေါ်ရမှာပဲ၊ နှိုင်း ပန်းခြင်းကိုင်မယ်မဟုတ်လား"



"ဟုတ်ကဲ့ ကိုင်ပါမယ်"

"ကဲကြည့် သမီးငယ်လေးက သွက်လိုက်တာ"

ဆယ်နှစ်အရွယ် နှိုင်းသည် မင်္ဂလာပွဲတိုင်းမှာ ပန်းခြင်းကိုင် ဖြစ်ခဲ့၏။ လှိုင်းက နှိုင်းအတွက် ဂါဝန်မှအစပြင်ပေးသည်။

"နှိုင်းလေးက သိပ်ချစ်စရာကောင်းတာပဲ"

အဖြူရောင် ဂါဝန်ဖွတ်ဖွတ်လေးနှင့် နှိုင်းကို အားရသော အပြုံးဖြင့်ကြည့်ကာ လှိုင်း ကျေနပ်စွာပြောသည်။

"မမပြင်ပေးလို့လှတာ"

"အယင်း ဟင်း နှိုင်းလေးက ပြောတတ်တယ်"

ချစ်လှစွာသော ညီမငယ်ရှိ အချိန်အားရလျှင် လှိုင်းကိုယ် တိုင် လိုက်ပို့ပေး၏။ ဒက်ဒီနှင့်မာမီက လှိုင်းတို့ညီအစ်မကိုကြည့်၍ ကျေနပ်နေကြသည်။

"သမီးတို့ညီမနှစ်ယောက် ဒီလိုချစ်ချစ်ခင်ခင်ရှိတာ မာမီ တို့ သိပ်ဝမ်းသာတာပဲကွယ်"

"ဟုတ်တယ် ဒက်ဒီတို့အတွက် အားလုံးပြည့်စုံစေတာ ပဲလို့ထင်တယ်"

ထိုကဲ့သို့ သူမတို့ညီအစ်မ၏ ချစ်ခင်မှုကို ဖြိုခွဲလိုက်သူက ဦးအောင်ဘုန်းတော်ပဲဟု နှိုင်း မှတ်ယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မေခင်၏ပွဲမှာ ထုံးစံအတိုင်း နှိုင်းက ပန်းခြင်းကိုင်။ ညီအစ်မနှစ်ယောက်လုံးပါသောပွဲမို့ ထူးခြားတာအမှန်။

မင်္ဂလာပွဲနေ့မှာ…

“လှိုင်းနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ မေခင်ပြောထားတဲ့ သတို့သားအရံ ဦးဗညားတော်”

အသက်နှစ်ဆယ့်ငါးနှစ်ဝန်းကျင်ရှိ သူသည် အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသစွာ ချောမောသော လူတစ်ယောက်ပါ။

သူက လှိုင်းကိုစူးစူးနင့်နင့်ကြည့်ကာ

“ကျွန်တော် ဗညားတော်ပါ လှိုင်း၊ လှိုင်းနဲ့ ခုလိုဆုံတွေ့ရတာ ဝမ်းသာပါတယ်”

ငွေမှင်ရောင် စာဝမ်းဆက်နှင့် နက်မှောင်သော ဆံနွယ်များကို လှပစွာဖွဲ့နှောင်ထုံးထားသည့် အလှပိုင်ရှင်မလေး လှိုင်း…

သွက်လက်စွာ မိတ်ဆက်လာသောသူကြောင့် မြူနှသော မျက်နှာလေး မသိမသာရဲလျှက်…

“ဟုတ်ကဲ့”

ဟု တစ်ခွန်းသာဆိုရှာ၏ မျက်လွှာချလေ၏။ ထို့အတွက် သူ့စိတ်ထဲ အားမလိုအားမရဖြစ်ရသည်။

“ဗညားတော်ရဲ့ လှိုင်းကတော့ ခင်ဆွေ့နေကြမိန်းက



လေးတွေလို သွက်သွက်လက်လက်ထဲက မဟုတ်ဘူး၊ အင်မတန်တည်ငြိမ်အေးဆေးပြီး ဣန္ဒြေကြီးတယ်”

သူငယ်ချင်းဖြစ်သူ မောင့်မောင်က သူ့ကို ထိုသို့ပြောခဲ့သည်။

ယခုလှိုင်းနှင့်တွေ့တော့ အမှန်ဖြစ်နေ၏။ အုံညြစရာကောင်းတာက ဒီအသက်အရွယ်ရောက်တဲ့အထိ ဘယ်မိန်းမနှင့်မှ ရင်မခုန်ခဲ့သမျှ ရှိုင်းတို့တွေ့တော့ သူ့နှလုံးသားက တထိတ်ထိတ်နဲ့လေ…

“ဦးဗညားတော်ကလည်း လှိုင်းလိုပဲ သတို့သားအရံ တစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး ကိုမောင်ကျမှ ခင်လို့သာလေ”

“ဪ”

ပထမဆုံးအကြိမ်မြင်း လာနေသောသူကို ယောင်ယောင် မြူးပြုံးမိလိုက်တာက လှိုင်း။ လှိုင်း၏အပြုံး လှိုင်း၏အကြည့်မှာ လစ်မူးသွားတာက ဗညားတော်…

လှလိုက်တဲ့ လှိုင်း။

မဟာဆန်လိုက်တဲ့ လှိုင်း။

ယဉ်ကျေးသိမ်မွေ့ ဣန္ဒြေကြီးလိုက်တဲ့ လှိုင်းပါလား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

"လှိုင်းက မနွလေးသူပီသတယ်"

"ရှင်"

"အဟွန်း မနွလေးသူဆိုလို့၊ အသားတော် ညိုပြာညက် ထဲက မဟုတ်ဘဲ၊ ရန်ကုန်သူတွေထက် ပိုပြီးဖြူနေတာကတော့ ထူးခြားမှုတစ်ခုပဲ"

မင်္ဂလာပွဲအပြီးမှာ အနားယူရင်း သူနှင့်တစ်စားပွဲတည်း ထိုင်ဖြစ်သွား၏။

"တော်သေးတာပေါ့၊ ကျွန်မက မနွလေးသူပီသတယ် ဆိုတော့"

"အဟွန်း ကျွန်တော်ဆိုလိုတာက၊ လှိုင်းရဲ့သိမ်မွေ့နူးညံ့ တဲ့ပုံစံ၊ ယဉ်ကျေးမှုကြီးမားပုံ၊ နေထိုင်ထော်စားဆင်ယင်ပုံတွေက မဟာ ဆန်လေတော့ ရွှေနန်းတော်ထက်ဘွားရယ်လို့"



"အို အို မဟုတ်တာရှင်၊ ကျွန်မတို့က မင်းမျိုးမင်းနွယ် မဟုတ်ပါဘူး ဦးဗညားတော်"

ဖြူနုသောလက်ချောင်းလေးများကာရံလျက် ကမန်း ကတန်းလေး လှိုင်းဝင်ပြောသည်။ နွဲ့နှောင်းသော ဟန်မူယာနှင့် လိုက်အောင် လှိုင်းအသံက ချိုသာနူးညံ့လွန်းလှ၏။

"ဒါပေမယ့် လှိုင်းကိုကြည့်လိုက်ရင် မဟာဆန်ဆန်နဲ့ ကျက်သရေရှိတဲ့ မိန်းကလေးတစ်ယောက်အဖြစ်"

"တော်ပါတော့ရှင်၊ ဦးဗညားတော် စကားတွေကြောင့် ကျွန်မမနေတတ်တော့ဘူး"

တကယ်ပဲ အနေခက်ဟန်ဖြင့် လှိုင်းမျက်နှာလေးနီလာ၏။ ကြည့်စမ်း ဘယ်လောက်တောင် သူစိမ်းယောကျ်ားတွေနဲ့ အဆက် အဆံကင်းလဲဆိုတာ ဒီလိုပုံစံလေးကြည့်တာနှင့် သိသာလှသည်။

"လှိုင်းအနေခက်အောင် ကျွန်တော်ပြောတာ မဟုတ်ပါ ဘူး၊ ကျွန်တော်ဘဝမှာ လှိုင်းလိုကျက်သရေရှိတဲ့ မိန်းကလေးမျိုး ဒါ ပထမဆုံး တွေ့ဖူးတာပဲ"

အနီးကပ် မြင်နေရသော သူမ မျက်နှာလှလှကို အားမရွှာ စိုက်ကြည့်လျက် သူပြောသည်။ လောကမှာ ဒီလိုဖြူစင်တဲ့ မိန်း

www.burmeseclassic.com

www.burmeseclassic.com

ကလေးမျိုး ရှိပါလားဟု ဗညားတော် ပထမဆုံးစဉ်းစားမိခြင်း။

"သတို့သမီးအရံလေးက လှလိုက်တာ"

"အို သတို့သားအရံကလည်း ခန့်ခန့်ချောချောပဲ"

မေခင်တို့၏မင်္ဂလာပွဲလာ ပရိသတ်တွေဆီက တီးတိုးဝေဖန်သံတွေလေ။ သူနှင့်အတူ ထိုစကားကို လှိုင်းလည်းကြားရမှာပါ။

"ဦးဗညားတော်က စကားပြောကောင်းတယ်နော်"

"အဟွန်း လှိုင်းရဲ့ ဒီလိုထင့်သလားဟင်၊ ဒီလောက်စကားပြောကောင်းတာတောင်မှ ကျွန်တော်ခင်ချင်တဲ့ မိန်းကလေးက ကျွန်တော်ကို ပြန်မခင်လို့ဗျာ"

ခပ်ပြုံးပြုံးဖြင့် သူပြောတော့ လှိုင်းမျက်လွှာလေးပင့်ကြည့်၏။ ဘာကြောင့်များ သူ့မျက်လုံးတွေ ဒီလောက်တောက်ပနေရပါလိမ့်။

"ကျွန်မကတော့ မယုံဘူး"

"ဟောဗျာ ဘာကိုလဲ လှိုင်း"

"ဩော် ဦးဗညားတော်လို စကားပြောကောင်းတဲ့ လူတစ်ယောက်ကို မိန်းကလေးတွေ မခင်ချင်ဘူးဆိုတာလေ"

"ဒါဆို လှိုင်းက ကျွန်တော်ကိုခင်တယ်ပေါ့နော်"





"ရှင်"

"အဟွန်း ကျွန်တော်ခင်ချင်တာ လှိုင်းကိုလေ"

"အို"

သည်တော့ သူ့မျက်လန့်တကြားဟန်လေးဖြင့် ထပြေးချင်ပြင်ခိုက်...

"နေပါဦး လှိုင်း၊ ဒါ ကျွန်တော် ဇစ်စတင်းကဒ်ပါ"

ကြွေရောင်တောက်နေသော ကဒ်ပြားလေး လှိုင်းရှေ့ရောက်လာ၏။ လှိုင်းက မယူရဲသလိုကြည့်နေသည်။

"တကယ်တော့ လှိုင်းကို ဒါ ဒုတိယအကြိမ် ကျွန်တော်တွေ့ဖူးတာပါ"

"ရှင် ဒုတိယအကြိမ်"

မျက်တောင်ကော့ကြီးများပင့်လျက် သူ့ကိုကြည့်မိ၏။ သူခေါင်းညိတ်သည်။

"ဟုတ်တယ် လှိုင်း၊ တစ်နေ့က လှိုင်းကို ကျူးဘေးမှာတွေ့ခဲ့တယ်"

"တစ်နေ့က ဟုတ်လား"

လှိုင်းမေးရင်း ပြန်စဉ်းစား၏။ တစ်နေ့ကတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အို ဟုတ်တာပေါ့၊ နှိုင်းပူဆာလို့ လမ်းလျှောက်တာလေ"

"နှိုင်းဆိုတာက"

"ဩော် အပေါင်း ကျွန်မရဲ့ညီမလေးပါ၊ ဦးဗညားတော်၊ ဒီမင်္ဂလာပွဲမှာ နှိုင်းက ပန်းခြင်းကိုင်တယ်လေ"

သည်တော့မှ သူသိသွားဟန်ဖြင့်ပြုံး၏။

"ကျွန်တော်သိပြီ ဂါဝန်ဖြူဖြူလေးနဲ့ ချစ်စရာ ချာတိတ်မပဲ"

"အပေါင်း ဟုတ်တယ် အဲဒါနှိုင်းပဲ၊ ကျွန်မတို့က ညီမနှစ်ယောက်တည်းရှိတာလေ"

နှိုင်းအကြောင်းပြောရတော့ လှိုင်းမျက်နှာလေး ဂုဏ်ယူစွာပြုံးလေ၏။ လှပသော လှိုင်းကပြုံးလိုက်တော့ ပို၍လင်းလက်သွားသလိုပါပဲ။ သူငေးခနဲကြည့်ကြည့်မိသည်။

"လှိုင်းနဲ့နှိုင်းက သိပ်ကွာလွန်းနေတယ်နော်"

"ဟုတ်ကဲ့ နှိုင်းက ကျွန်မထက် ဆယ်နှစ်တိတိငယ်တယ်လေ၊ ဦးဗညားတော်ကော မောင်နှမဘယ်နှစ်ယောက်ရှိလဲဟင်"



သူ့အကြောင်းကို ပထမဆုံးအကြိမ် လှိုင်းစိတ်ဝင်စားစွာမေးမိ၏။ သူခေါင်းခါယမ်းကာ…

"ဟင့်အင်း ကျွန်တော်က တစ်ဦးတည်းသောသားပါ"

"ဩော်"

လောကကြီးမှာ သူဟာတစ်ယောက်တည်း အထီးကျန်စွာကြီးပြင်းလာခဲ့တာပါလားဟု လှိုင်းမှာ ကရုဏာသက်မိ၏။

"အမှန်ပြောရရင် ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ မိဘတွေကလည်း ကျွန်တော်ကို အစအရာရာ အလိုလိုက်ခဲ့တယ်၊ ဒါကြောင့် ကိစ္စတိုင်းမှာ ကျွန်တော်သဘောနဲ့ ကျွန်တော်ဆုံးဖြတ်ခဲ့တာများတယ် လှိုင်း"

"ဒီလိုဆိုရင် ဦးဗညားတော်ရဲ့ ဆုံးဖြတ်ချက်တိုင်းဟာမှန်တယ်လို့ ထင်ပါသလားဟင်"

"အဟွန်း ကျွန်တော်အတွက်ကတော့ မှန်တယ် လှိုင်း"

တစ်နေ့က လှိုင်းကိုတွေ့ပြီးနောက် ပြန်တွေ့ချင်တဲ့စိတ်ဖြစ်ခဲ့တယ်၊ ကြည့်စမ်း ခုတော့ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော် လှိုင်းကို ဒုတိယအကြိမ် ပြန်ဆုံရပြီ၊ ကျွန်တော် ဆန္ဒဘယ်လောက်ပြည့်ဝစေလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



သူက လှိုင်းမျက်နှာကို တောက်ပသောမျက်လုံးများဖြင့် ကြည့်၍ ကျေနပ်ဟန်ပြောသည်။

လှိုင်းမျက်လွှာလေးချက်ာ်…

"မေခင်တို့ ကျွန်မကို ရှာနေလိမ့်မယ်၊ ကျွန်မသွားမှဘဲ"

နေရာမှထမည်ဖြင်သော လှိုင်းကို ဩဇာပါသည့် အသံတစ်မျိုးဖြင့် သူတား၏။

"နေပါဦး လှိုင်း၊ ကျွန်တော်လှိုင်းနဲ့ မိတ်ဆွေဖြစ်ချင်တယ်"

"ရှင်"

"ကျွန်တော်ဘဝမှာ မိန်းကလေးတစ်ယောက်နဲ့ ရင်းနှီးဖို့ ဒါပထမဆုံးအကြိမ် တောင်းဆိုတာပဲ လှိုင်း"

သူပြောပုံက လှိုင်းအတွက်ပဲ ဂုဏ်ယူရမလိုပင်။ လှိုင်းက သူ့ကို မျက်တောင်ကော့များ ဖြည့်ညှင်းစွာပင့်ကြည့်လျက်…

"ကျွန်မဘဝမှာတော့ ဘယ်သူစိမ်းယောကျ်ားကိုမှ မိတ်ဆွေအဖြစ် လက်မခံခဲ့ဖူးဘူး ဦးဇည္သားတော်"

"ဒီလိုဆိုရင် ကျွန်တော်က လှိုင်းရဲ့ပထမဆုံး မိတ်ဆွေအဖြစ် ဂုဏ်ယူရမှာပေါ့နော်"



"အို ရှင့်ကို ကျွန်မက"

"အဟွန်း ကျွန်တော်ကတော့ ဒီနေ့ကစပြီး လှိုင်းနဲ့ မိတ်ဆွေဖြစ်သွားပြီလို့ပဲ မှတ်လိုက်မယ်"

ကြည့်စမ်း ဒါဟာ သူ့ဝီစပေါ်လာတာဖြစ်မည်။ တစ်ဦးတည်းသောသားပီသစွာ တစ်ယောက်တည်း ကိုယ့်ဘာသာ ဆုံးဖြတ်သွားပါလား။

ထိုစဉ်

"မမ"

"နှင်း"

မှန့်စားလာဟန်ရှိသော နှင်းက လှိုင်းတို့အနားရောက်လာ၏။ သူက နှင်းကို ပြုံး၍ကြည့်ကာ…

"နှင်းဆိုတာ ဒီချာတိတ်လား လှိုင်း"

"ဟုတ်ကဲ့ ဒါ ကျွန်မညီမလေး နှင်းပါ"

သူ့ကို နှင်းနှင့်မိတ်ဆက်ပေးလိုက်၏။ နှင်းက မျက်လုံးဝိုင်းကြီးများဖြင့် သူ့ကိုကြည့်သည်။

"ချာတိတ်က ချစ်စရာပဲ၊ ဘယ်နှစ်တန်းရောက်ပြီလဲ နှင်း"

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးစွာ သူမေး၏။ နှိုင်းကမဖြေဘဲ လှိုင်းကိုကြည့်၏။

"ဖြေလိုက်လေ နှိုင်း၊ ဒါ မမရဲ့မိတ်ဆွေ ဦးဗညားတော်တဲ့"

လှိုင်းမှ ထိုသို့ပြောတော့ သူသဘောကျဟန်ဖြင့် ပြုံး၍ကြည့်၏။ လှိုင်းမျက်နှာလေးနီကာ ရှက်သလိုပါပဲ။

"မမမှာ ဒီဦးလေးလိုမိတ်ဆွေမျိုး အရင်ကမရှိပါဘူး"

နှိုင်း၏ပါးနပ်မှုကြောင့် သူ့ကို လှိုင်းအားနာသွားရသည်။

"အဟင်း ဟုတ်တယ် နှိုင်း၊ မမက ဦးဗညားတော်နဲ့ ခုမှ မိတ်ဆွေဖြစ်တာ"

"နှိုင်းလည်း သူနဲ့မိတ်ဆွေဖြစ်ချင်တယ် မဟုတ်လား ဟင်"

"ဟင့်အင်း မဖြစ်ချင်ပါဘူး"

ခေါင်းလေးခါရမ်းကာ ပြီးပြောတော့ သူ ပခုံးတွန့်သည်။

"ချာတိတ်က ဘာလို့မခင်ချင်တာလဲကွ၊ ဟင်"

"အို ဦးလေးက မမကို မျက်လုံးပြူးကြီးနဲ့ ကြည့်တာကိုး"

"အို"

"ဟာ"

သူမျက်နှာနီသွားလျက် နှိုင်းကိုကြည့်၏။ နှိုင်းစကား



ကြောင့် လှိုင်းအားနာစွာ တောင်းပန်လိုက်ရသည်။

"ကလေးစကားကို စွဲမယူပါနဲ့နော်၊ လာ နှိုင်းသွားမယ်"

နှိုင်းလက်ကိုဆွဲ၍ လှိုင်းထွက်ဖို့အပြင်…

"ကိုယ် လှိုင်းဆီလာခဲ့မယ်နော်"

ခြေလှမ်းတစ်ချက်တုန့်သွားပြီးမှ လှိုင်းဆက်ထွက်ခဲ့၏။ သူကြည့်နေမှာသိတာကြောင့် ရင်ထဲ အလိုလိုခုန်ချင်ရတာ ဘာကြောင့်ပါလိမ့်။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

"ဦးဗညားတော်တော့ ရှင့်ကို အသည်းအသန်ဖြစ်နေပြီ

လို့င်း"

"အို"

မေခင်နှင့်တွေ့ချိန်မှာ သူ့အကြောင်းကြားရ၏။ သည်တော့

သူ့ကို သတိရမိသည်။

"သူ့ဘဝမှာ မင်းလောက်လှပယဉ်ကျေးတဲ့ မိန်းကလေး

မျိုး မရှိဘူးတဲ့၊ မင်းရဲ့အလှဟာ သူ့ရင်ကို ကြည်နူးအေးမြစေတယ်

ဆိုပဲ လို့င်း"

"အို သူ ဘာတွေပြောခဲ့တာလဲ မေခင်၊ လို့င်းအထင်တော့

သူ့နားမှာ မိန်းမလှလေးတွေ ရှားပါဘူး"

ဥစ္စာပေါရုပ်ချော သူ့လိုလူတစ်ယောက်အတွက် မိန်းက

လေးတွေ ဝိုင်းဝိုင်းလည်နေမည်ဆိုတာ လို့င်းသိ၏။



ရန်ကုန်သားတစ်ယောက်ရဲ့စကားကို လို့င်းဘယ်လိုယုံနိုင်

မှာလဲကွယ်။

"ကိုမောင်ကလည်းပြောတယ် လို့င်း၊ ကိုမောင်နဲ့ ဦးဗညား

တော်က ဒီလောက်ပေါင်းတာကြာပြီ၊ တစ်ခါမှ မိန်းကလေး

တစ်ယောက်ကို အသည်းအသန် မဖြစ်ဖူးဘူးတဲ့ လို့င်းနဲ့ကြမှ သူ

သူငယ်ချင်း ခရေစီဖြစ်သွားတာဆိုပဲ"

"တော်ပါတော့ ကွယ်၊ အခု သူပြန်သွားပြီ မဟုတ်လား"

မေခင်က မန္တလေးသူမို့ မင်္ဂလာဆောင်ကို မန္တလေးမှာပဲ

ကျင်းပ၏။ ဦးဗညားတော်က သတို့သားအရံအဖြစ် တမင်လာ

ရောက်ကူညီခြင်းပါ။

"ဘာကြောင့် လို့င်းက ပြန်သွားပြီထင်ရတာလဲ"

"အို ဒါက"

သူလာမယ်ပြောပြီး လို့င်းထံ မလာခဲ့လို့ ထိုသို့ပြောမိခြင်း

လားဟု ဘာသာသံယဖြစ်မိ၏။

"ဦးဗညားတော်ဟာ ငယ်ငယ်ကထဲက သူလိုချင်တာကို

ရအောင်ယူတတ်တယ်တဲ့ လို့င်း"

"အို အဲဒါလို့င်းနဲ့ ဘာဆိုင်လို့လဲ မေခင်"

www.burmeseclassic.com



"အဟင်း ဆိုင်တာပေါ့ လှိုင်းရယ်၊ ခုလည်း ဦးဗညားတော်ဟာ လှိုင်းကို သဘောကျနေတာ၊ ဒီတော့ လှိုင်းရဲ့မေတ္တာကို မရရှာပြန်မှာမဟုတ်ဘူးလို့ မေခင်ထင်တယ်"

"ဒါက မေခင်အထင်၊ ဟင်"

လှိုင်းစကားရပ်သွားလျက် ရှေ့မှလာနေသူတစ်ယောက်ကို ကြည့်မိ၏။ ကားပေါ်မှဆင်းလာသော သူက သူမကို နှစ်နှစ်ခြိုက်ခြိုက် ပြုံးပြသည်။

"ဆောရီးပဲ လှိုင်း၊ ဒီရက်ပိုင်းမှာ လှိုင်းဆီမရောက်ဖြစ်တာ"

"အို ဒါတောင်းပန်စရာမှမဟုတ်တဲ့၊ ဦးဗညားတော်"

တွေ့စကထက် အနည်းငယ်ချောင်သွားသော သူ့မျက်နှာကိုကြည့်လျက် ပန်းနုရောင်မျက်နှာဖြင့် လှိုင်းပြော၏။

သူခေါင်းခါယမ်းကာ…

"တောင်းပန်ရမှာပေါ့ လှိုင်း၊ ကျွန်တော် လှိုင်းဆီကို လာမယ်ပြောခဲ့တာ"

"ရှင်တော့ အသက်ရှည်မယ် ဦးဗညားတော်၊ ခုပဲ မေခင်တို့ ရှင့်အကြောင်းပြောနေတာ"



တိုက်ဆိုင်စွာရောက်လာသော သူ့ကို မေခင်ကပြုံးကြည့်ပြော၏။

"ဗျာ ကျွန်တော့်အကြောင်း ဟုတ်လား၊ အဟွန်း ဘာတွေများလဲဗျာ"

"ဒါကတော့ ရှင်ပြောခဲ့တဲ့ အမှန်စကားတွေပေါ့ ဦးဗညားတော်၊ ဥပမာ ရှင်က လှိုင်းကို စိတ်ဝင်စားနေတယ် ဆိုတာမျိုး"

"အို မေခင်နော်"

နီရဲသော မျက်နှာလေးဖြင့် လှိုင်းမျက်စောင်းထိုး၏။ သူ့မှာကား…

"အဟွန်း ဒါတော့ ကျွန်တော်မငြင်းပါဘူးဗျာ၊ မေခင်နဲ့ အောင်မောင်ကို လှိုင်းအကြောင်း ကျွန်တော်စိတ်ဝင်စားစွာ မေးမိပါတယ်"

"ကဲ ကဲ ကျွန်မတော့ ရှင်တို့ဘာသာ ဆက်ရှင်းကြ ဦးဗညားတော်၊ မေခင်တော့ သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို မေခင်ထွက်သွားတော့ သူနှင့်လှိုင်း နှစ်ယောက်တည်း ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"လှိုင်း"

"ရှင်"

"ကျွန်တော်တို့ တစ်နေရာရာသွားပြီး အေးအေးဆေးဆေး စကားပြောကြရအောင်"

"ကျွန်မ"

"ကိုယ် ပြောချင်တာမပြောရမခြင်း၊ ဒီကခွာဖြစ်မယ် မထင်ဘူး လှိုင်း"

သည်တော့ သူမလက်ခြောက်ရ၏။ ကြောင် သူ့ကားပေါ် လှိုင်းပါလာရသည်။ ဘာကြောင့် သူ့အလိုလိုက်မိပါလိမ့်။

"ဘယ်ကိုလဲ ဦးဗညားတော်"

အရှိန်ပြင်းစွာမောင်းနေသော သူ့ကိုမေးတော့...

"အဟွန်း လှိုင်းကိုခိုးပြေးတာလေ"

"အို မဟုတ်တာ"

"အဟုတ်ပြောတာ လှိုင်း၊ ကျွန်တော် လှိုင်းကိုချစ်လို့ ခိုးပြေးတာပဲ"

"ရှင် ရှင်နော်၊ ဒီ ဒီလိုမလုပ်ပါနဲ့"

မျက်နှာလေးဖြူလျော့စွာဖြင့် သူမတောင်းဝန်ပန်ပြော



သူ့ကားကို အရှိန်သပ်၏။

"ဆောရီး လှိုင်း သိပ်လန့်သွားလားဟင်၊ ကိုယ်နောက် ပါကွာ"

"ရှင် တကယ်ပြောတာလား ဦးဗညားတော်"

"ဟုတ်ပါတယ် လှိုင်း၊ အခုသွားတာ လှိုင်းနဲ့ အေးအေး ဆေး စကားပြောချင်လို့ တောင်သမန်အင်းကိုပါ"

သည်တော့မှ သူမသက်ပြင်းချနိုင်၏။ မယ်ဇယ်ရိပ်ပင် ကြားမှာ ကားကိုရပ်ခဲ့သည်။ ကံကောင်းချင်တော့ ဒီနေ့ ရာသီ သာယာလျက်ရှိ၏။

"တံတားပေါ် လမ်းလျှောက်ရအောင်နော် လှိုင်း"

"လျှောက်တာပေါ့ ဦးဗညားတော်၊ ကျွန်မက ဒီကို မကြာ ရောက်နေကျပါ"

"အဟွန်း လှိုင်းက မန္တလေးသူဆိုတော့ ဟုတ်တာပေါ့၊ ဘာသာ ရောက်ခဲ့တာပဲ လှိုင်း"

နှံ့ယောက်သား တံတားပေါ် လျှောက်လာစဉ် အေးမြ လေညှင်းတို့က တိုက်ခတ်လေ၏။

"ဒီလိုသဘာဝကျကျလှပတဲ့ ရှုခင်းမျိုး ရှားတယ်နော် လှိုင်း"

www.burmeseclassic.com



"ဟုတ်တယ် ဦးဗညားတော်၊ ရာသီဥတုကလည်း ဒီနေ့မှ သာသာယာယာနေတော့ လမ်းလျှောက်ရတာ အဆင်ပြေတာပေါ့"

နေပူခြင်းမရှိဘဲ အုံ့အုံ့ဆိုင်းဆိုင်းလေးဖြင့် တကယ့်ကို သာသာယာယာနေ၏။

"ဒါ ကိုယ့်အတွက် ကံကောင်းခြင်းပဲ လှိုင်း၊ ဘာကြောင့် လဲဆိုတော့ လှိုင်းကို ချစ်တဲ့အကြောင်း ဒီလိုနေ့မှပြောခွင့်ရတာ ကိုယ့်အတွက် ဝမ်းသာစရာပဲမဟုတ်လား"

"အိုရှင် ကျွန်မကို"

"လှိုင်းကို မြင်မြင်ချင်း ချစ်မိပါတယ်"

လှိုင်းနှင့်မျက်နှာချင်းဆိုင်ရပ်လျက် သူပြောသည်။ လှိုင်းမှာ မျက်နှာလေးနီသွားလျက်...

"ကျွန် ကျွန်မကိုပြန်ပို့ပါ ဦးဗညားတော်"

"ဘာဖြစ်လို့လဲ လှိုင်း၊ ကျွန်တော်ကို စိတ်ဆိုးသွားလို့ လား"

ထိုအမေးကို လှိုင်းမဖြေဘဲ တိတ်ဆိတ်နေလိုက်၏။ သူက လှိုင်းကို သေချာကြည့်ကာ...

"ကျွန်တော် ဘာမှားသွားလို့လဲ လှိုင်း"

"မှားတာပေါ့ ဦးဗညားတော် တကယ်ဆို ရှင်နဲ့ကျွန်မ

လေယာဉ်သည် ဝေဟင်မှပြေးလမ်းကြောင်းပေါ်သို့ ဆင်းသက်လာပြီ။ လာကြိုကြသူများထဲမှာ လှိုင်းတစ်ယောက် လည်းအပါအဝင် လေယာဉ်ဆိုက်လိုက်တာနှင့် အားလုံးလှုပ်လှုပ် ရှားရှားဖြစ်ကုန်သည်။

"မောင်"

ခရီးသည်များကြားထဲမှ အရပ်မြင့်မြင့်နှင့် မောင့်ကိုတွေ့ လိုက်ရတော့ လှိုင်း လက်တွေ့ယမ်းပြမိ၏။ မောင်ကလည်း လှိုင်း ကို မြင်ဟန်နှင့်ပြန်၍လက်ပြ၏။

ခွဲကောင်းသောမောင်သည် လှိုင်း၏အချစ်ကို ရအောင်ယူ ခဲ့၏။ တစ်ပတ်တစ်ခါ ရန်ကုန်မှလေယာဉ်ဖြင့်လာ၍ လှိုင်းကို ဝန်းစည်းလက်ဆောင်ပေးတတ်သည်။

"ခရီးစရိတ်တွေ ကုန်တော့မှာပဲ၊ ဘာကြောင့်ဒီလိုလုပ်

www.burmeseclassic.com

www.burmeseclassic.com



တာလဲ''

မိန်းမသားပီသစွာ သူ၏ခွဲကောင်းမှုကို သဘောကျ
သက်ပေမယ့် နားမလည်ဟန်ဖြင့်မေးရ၏။

''လှိုင်းရဲ့မျက်နှာလေးကိုမြင်ရရင်ပဲ ကိုယ့်အတွက် အဓိ
ပဲ၊ လှိုင်းဆီက တုံ့ပြန်အဖြေမရမချင်း ကိုယ်ခွဲလျှော့မှာမဟုတ်ဘူး''

တကယ်ပဲပြောသလိုလုပ်ခဲ့သော သူ မအားလပ်
အလုပ်တွေကြားက လာရတာကြောင့် နေချင်းလေယာဉ်ဖြင့် ရန်
ပြန်၏။

''ဦးဗညားတော်လောက် ခွဲကောင်းတဲ့ ယောကျ်ားမျိုး
မေခင်ဖြင့် ဒီတစ်ခါ တွေ့ဖူးသေးတယ်''

''ဒီလူတော့ အံ့ပါရဲ့ဗျာ၊ ဘယ်မိန်းမကိုမှ ပန်းတစ်
ဆောင်မပေးခဲ့သမျှ ခုတော့ လေယာဉ်စီးပြီးတော့ကို ပန်းဆက်သ
တစ်ပတ်တစ်ခါလုပ်နေတယ်''

ကိုမောင်အောင်နှင့်မေခင်တို့ကပါ သူ၏ခွဲကို မချီးကျ
မနေနိုင်။

''ဦးဗညားတော်ရဲ့ ဂရုစိုက်ခံရတဲ့ လှိုင်းက ကံကောင်
တဲ့ မိန်းကလေးပဲ၊ သူဟာ ရှင့်ကို တကယ်ချစ်နေတာပဲ လှိုင်း''



''ဗညားတော်ရဲ့အချစ်ကို ကျွန်တော်လည်း ထောက်ခံ
လှိုင်း၊ တကယ်မချစ်ရင် သူ ဒီလိုမလုပ်ဘူး''

အစကတည်းက သူနှင့်ပတ်သက်၍ လှုပ်ရှားချင်သော
၏စိတ်က မေခင်တို့ တိုက်တွန်းလာတော့ သူ့ဘက်ညွတ်ကျ

နှစ်လတိတိမှာပဲ သူ့ကို လှိုင်းအဖြေပေးခဲ့သည်။

''ခုချိန်ကစပြီး သူများတွေ မျက်စိနောက်အောင် မလုပ်နဲ့
တော့ ဦးဗညားတော်''

''အဲ့ဒီအဓိပ္ပါယ်ကဘာလဲ လှိုင်း''

သိလျက်နှင့် သူမေးနေတယ်ဟုထင်၏။ နီမြန်းသော
မျက်နှာလေးဖြင့်...

''ခွဲကောင်းတဲ့ လူတစ်ယောက်အဖြစ် ဦးဗညားတော်ကို
မှတ်လိုက်ပြီရှင်''

''ဆုကြေးကကော''

''ဟင် ဒါတော့ ရှင့်ဘာသာတွေး ဦးဗညားတော်''

ပြောပြီးလှိုင်းက သူ့နားမှခွာမည်ပြင်တော့...

''ဟော့ ဒီလိုမလုပ်နဲ့၊ အဝေးကလာတဲ့လူ အမောပြေအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်မှပေါ့ လှိုင်း"

"ရှင်က ဉာဏ်ကောင်းတယ် မဟုတ်လား ဦးဗညား တော်"

"အွန်း ဒီနေရာမှာ ကိုယ်က ဉာဏ်မကောင်းချင်ဘူးကွ၊ ကဲ လှိုင်းပြော"

သူ၏တောက်ပသော မျက်လုံးများနှင့်ဆုံသည်။ လှိုင်းဆက်၍ ဟန်မဆောင်လိုတော့ပေ။ ထို့ကြောင့် အသာပြုံးလိုက်ရင်း…

"ဆုကြေးက ချစ်တယ်တဲ့"

"ဟင် ဘယ်သူ့ကိုလဲ"

"ကြည့် သူနော်"

သူမျက်မှောင်ထိုးတော့ သူပြုံးကာ…

"သူ သူဆိုတာက မောင့်ကိုပြောတာလား"

"အို"

သူမေးရင်း လှိုင်းကိုယ်လေးကို ရင်ခွင်ထဲဆွဲယူသည်။ ထို့နောက် မျက်နှာလှလှလေးအား ငေးမော့ယူကာ…

"မောင့်ကိုချစ်လား လှိုင်း"

"ကြည့် သူ့ရင်ခွင်ထဲရောက်နေပြီ၊ ဒါမေးစရာလား"



"အဟွန်း လှိုင်းနှုတ်ကဖြေတာ ကြားချင်တယ်ဗျာ"

သေးကျဉ်းသော သူမခါးလေးကို တင်းတင်းဖက်ရင်း ဆို၏။ လှိုင်းက မောင့်ရင်ခွင်တွင် မျက်နှာအပ်ကာ…

"ချစ်ပါတယ် မောင်ရယ်"

"ဗျာ"

"မောင်က လှိုင်းရဲ့အချစ်ဦးပါရှင်"

"လှိုင်းရယ် မောင့်အတွက်လည်း လှိုင်းက အချစ်ဦးပါ "

ညင်သာသော မောင့်အနမ်းများက လှိုင်းရင်ကို လှုပ်ခါ ထသည်။ ချစ်မိပြီဆိုတော့လည်း လှိုင်းအတွက် မောင်ဟာ မမေ့ ငံစရာ လူတစ်ယောက်…

"ရန်ကုန်နဲ့ မန္တလေး ဒီလောက်ဝေးတဲ့ခရီးကို ခဏ ခဏ လာပါနော်မောင်"

"ဟာဗျာ ဘယ်ကဝေးရမှာလဲ၊ လေယာဉ်နဲ့လာတာ ာ်စီတစ်မိုတ်ပဲဗျ"

"မောင်ပိုက်ဆံတွေ ကုန်မှာပေါ့"

နှမြောဟန်ဖြင့် လှိုင်းပြောတော့ သူပြုံး၍ ခေါင်းခါယမ်း

www.burmeseclassic.com



၏။

"မောင်ရှာထားတဲ့ပိုက်ဆံတွေက ဒီနေရာမှာ မသုံးရင် ဘယ်မှာသုံးမလဲ လှိုင်းရဲ့"

"မောင် ပင်ပန်းပါတယ်ကွယ်"

လှိုင်း ကရုဏာစိတ်ဖြင့်ပြောတော့ မောင်စိုက်ကြည့်လာသည်။

"ဒါဆို မောင်ဒီလိုသွားလာတာ မပင်ပန်းရအောင် မောင်နဲ့လှိုင်း လက်ထပ်ကြစို့"

"အို"

"တကယ်ပြောတာ လှိုင်း၊ မောင် လှိုင်းနဲ့ အတူနေချင်ပြီ"

ပြောရင်းမောင်က လှိုင်းကိုနမ်းလာ၏။ လှိုင်းရင်ထဲ လှိုက်မောလာသည်။

"မမြန်လွန်းဘူးလား မောင်"

"နောက်တောင်ကျပါသေးတယ် အချစ်ရယ်"

တိုးညက်သော မောင့်အသံက လှိုင်းကို တစ်စုံတစ်ရာ ဆွဲငင်နေသလိုလို လှိုင်းမှာ ယောင်ရမ်း၍ သူ့ခါးကိုဖက်ထားမိ၏။



"နောက်တစ်ပတ်မှာ လှိုင်းမိဘတွေကို မောင်လာတွေ့မယ်နော်"

"အင်း"

မောင့်ရဲ့ညှို့ငင်မှုအောက်မှာ လှိုင်းမငြင်းဆန်နိုင်ခဲ့ပါ။ ယခုအခါ မောင်သည် ပြောတဲ့အတိုင်း ရောက်လာခဲ့ပြီ။

"ဟော့ လှိုင်း ဘာတွေများတွေးနေတာလဲကွ"

"ဖှာင် မောင်"

အနားရောက်လာသော မောင့်ကြောင့် လှိုင်း ရှက်သလိုပြုံး၏။

"မောင့်လှိုင်းက ဒီလောက်များတဲ့ လူတွေကြားထဲမှာ အောင် ဘယ်သူမှ လိုက်မမီအောင် သိပ်လှနေတယ်"

"အဟင်း မောင်လည်း ဘယ်သူနဲ့မှမတူအောင် ချောတာပါပဲနော်"

"ဟော်ဗျာ တကယ်"

မောင်က သူ့မလက်လေးတွေကို တင်းတင်းဆုပ်ကိုင်၏။

"မာမီတို့ အိမ်မှာစောင့်နေတယ် မောင်"

"ဟုတ်လား ဒါဆိုသွားစို့ လှိုင်း"

www.burmeseclassic.com

www.burmeseclassic.com



မောင့်ပုံစံက ဒက်ဒီတို့နှင့် တွေ့ဖို့ဆို၍ တည်ငြိမ်လှ၏။ တခြားလူတွေလို ကြောက်လန့်ရွံ့ရှားဟန်မပြ။

အေးလေ မောင်က လုပ်ငန်းကြီးကို အုပ်ချုပ်နေတဲ့ ကုမ္ပဏီပိုင်ရှင်တစ်ယောက်ပဲ ဒီလိုကိစ္စမျိုးကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်တာ မဆန်းဘူးထင်ပါရဲ့။

အိမ်ရောက်တော့ မာမီနှင့်ဒက်ဒီက အသင့်စောင့်ကြိုနေ၏။

"မောင် ဒါ လှိုင်းရဲ့ ဒက်ဒီနဲ့မာမီ"

လှိုင်းမိတ်ဆက်ပေးတော့ မောင်က လိုက်လဲစွာပြုံး၍…

"ကျွန်တော် ဗညားတော်ပါ အန်ကယ်နဲ့ အန်တီ၊ ကျွန်တော်အကြောင်းကို လှိုင်းပြောပြထားမှာပါ"

"အေးကွယ်"

လူကြီးလူကောင်းဆန်၍ ယဉ်ကျေးသိမ်မွေ့သော မောင့်ကို မာမီတို့ သဘောကျပုံပင်။

"ကျွန်တော်အနေနဲ့ လှိုင်းကိုချစ်ခဲ့တာ တစ်သက်တာအတွက် ရည်စူးတာမို့ အန်ကယ်တို့ဆီ ခုလိုလက်ထပ်ဖို့ လာရောက်ခွင့်တောင်းတာပါ ခင်ဗျာ"



မောင်က ပွင့်လင်းစွာပြော၏။ အစကထဲက နားလည်မှုရှိသော လှိုင်းမိဘတွေကတော့…

"မောင်ဗညားတော်လို လူတစ်ယောက်ကို အန်ကယ်တို့ ငြင်းစရာမရှိပါဘူး၊ အဓိက သမီးလှိုင်းကိုယ်တိုင်က မင်းကို ချစ်နေလေတော့ သူ စိတ်ချမ်းသာဖို့ပါပဲ"

"စိတ်ချပါ ခင်ဗျာ၊ လှိုင်းအပေါ် တစ်သက်တာအတွက် ကျွန်တော် သစ္စာရှိရှိနဲ့ ချစ်မှာပါ၊ လှိုင်း စိတ်ချမ်းသာအောင် ကျွန်တော်ကြိုးစားမှာပါခင်ဗျာ"

ထိုစကားကြောင့် ဒက်ဒီနှင့်မာမီတို့ မျက်နှာတွေပြုံးသွား၏။ ကိုယ့်သားသမီးကို စိတ်ချမ်းသာအောင် ထားမည်ဆိုတာ မိဘတွေအတွက် ဝမ်းသာစရာမဟုတ်လား။

"ကောင်းပါပြီကွယ် ဒီလိုဆိုရင်ဖြင့် သမီးနဲ့တိုင်ပင်ပြီး မင်္ဂလာရက်ကို သတ်မှတ်ကြပေါ့"

"ကျေးဇူးတင်ပါတယ် အန်ကယ်"

မောင်က လှိုင်းဘက်လှည့်၍ပြုံးပြ၏။ လှိုင်းပြန်လည်ပြုံးရင်း တကယ်ပဲ မောင်နှင့်လက်ထပ်ရတော့မှာပါလားဟုတွေးတော့ ပီတိဆိတ် ရင်ခုန်သွားရသည်။

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

လှိုင်းတို့၏မင်္ဂလာပွဲကို မန္တလေးမြို့တော်ခန်းမမှာပဲ ကျင်းပခဲ့သည်။ ဒါကလည်း လှိုင်း၏မိဘများနှင့် လှိုင်းအတွက်ဖြစ်၏။

"ရန်ကုန်ကျမှ ရင်းနှီးတဲ့ သူတွေလောက်ဖိတ်ပြီး ဒင်နာကျွေးတာပေါ့ လှိုင်း"

"မောင့်သဘောပါ"

"အဟွန်း လှိုင်း ဒီလိုလိမ္မာတာတွေကြောင့် မောင်က ပိုချစ်နေရတာ"

"အို"

လက်ထပ်ပြီးသော ဇနီးသည်တစ်ယောက်ကို ပထမဆုံးအကြိမ် မောင်ယုယစွာနမ်း၏။ နှစ်ဖက်ဂုဏ်သရေရှိတွေမို့ လှိုင်းတို့မင်္ဂလာပွဲစည်ကားစွာပြီးစီးသည်။

မင်္ဂလာပွဲပြီးတာနှင့် မိဘတွေကို ကန်တော့ပြီး မောင်က



လှိုင်းကိုခေါ်၍ လေယာဉ်ဖြင့် ရန်ကုန်ပြန်၏။

"ကျွန်တော်မှာ အရေးကြီးတဲ့လုပ်ငန်းလေးတွေ ဆောင်ရွက်စရာရှိလို့၊ ဒီမှာ ကြာကြာမနေနိုင်တာ ခွင့်လွှတ်ပါ ဒက်ဒီနဲ့မာမီ"

သူက ဒီလိုတောင်းပန်တော့ မာမီတို့မျက်နှာ မကောင်းမေမယ့် ခွင့်ပြုရ၏။ နှိုင်းက ဝမ်းနည်းစွာငိုသည်။

"မငိုပါနဲ့ ကလေးရယ်၊ မမဆီ နှိုင်းလာလို့ရတာပဲ"

"ဟုတ်တယ် ချာတိတ်၊ ကျောင်းပိတ်ရင် ချာတိတ်ကိုလာခေါ်မယ်လေ"

မောင်ကပါ နှိုင်းကို ဝိုင်းဝန်းနှစ်သိမ့်၏။ နှိုင်းက သူ့ကိုမျက်လုံးစိမ်းကြီးများဖြင့်ကြည့်ကာ…

"ဟင်အင်း မလိုက်ပါဘူး၊ မမကိုသာ ပြန်ပို့ပေး"

"ဟောဗျာ အဟွန်း၊ ကောင်းပါပြီ ချာတိတ်ရယ်"

လေယာဉ်ကွင်းလိုက်ပို့သော မိသားစုကို စိတ်မကောင်းစွာ နှုတ်ဆက်ပြီး မောင့်နောက် လှိုင်းလိုက်ခဲ့ရ၏။

"စိတ်မကောင်းဖြစ်နေလား လှိုင်း"

လေယာဉ်ပေါ်မှာ ငြိမ်သက်နေသောလှိုင်းကို လက်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖွဖွဆုပ်ကိုင်၍ မောင်မေး၏။ သည်တော့မှ လှိုင်းပြုံးလိုက်ရင်း…

"မာမီတို့နဲ့ ဒီလိုမျိုးတစ်ခါမှ မခွဲဖူးဘူး မောင်"

"အပျှန်း နောက်တော့ ကျင့်သားရသွားမှာပါ လှိုင်း။ ခုတော့ လှိုင်းနားမှာ မောင်တစ်ယောက်လုံးရှိနေတာပဲ၊ အားမငယ်ရဘူးနော်"

လက်ညှိုးတစ်ချောင်းထောင်ကာ အမိန့်ပေးသလို မောင်ပြောပြန်ကြောင့် လှိုင်းခေါင်းအလိုလိုညိတ်မိသွား၏။

ရန်ကုန်ရောက်တာနှင့် လှိုင်းတို့ကို အနက်ရောင်ဖြောင်လက်နေသော မာစီဒီးကားကြီးက အသင့်ကြိုနေသည်။

"သူဌေးခိုင်းတဲ့ ကိစ္စအားလုံး ကျွန်တော်ဆောင်ရွက်ပြီးပါပြီ"

"အင်း"

ယူနီဖောင်းဝတ်စုံပြည့်နှင့် ဒရိုင်ဘာက မောင့်ကို အကြောင်းကြား၏။ လှိုင်းနှင့်သာပြုံးတတ်သော မောင်သည် လုပ်ငန်းခွင်ကြားမှာ မျက်နှာထားတည်ငြိမ်လွန်း၏။ ဒရိုင်ဘာက လှိုင်းတို့အတွက် တံခါးဖွင့်ပေးသည်။ မောင်နှင့်လှိုင်း နောက်ခန်းမှာ ထိုင်လိုက်သည်။ ကြောခင်ကားသည် ငြိမ့်ခနဲထွက်လေ၏



ရွှေတောင်ကြားရှိ မောင်၏တိုက်ကြီးက ခန့်ငြားထည်ဝါလှပါသည်။ ကျယ်ဝန်းသော ဆင်ဝင်အောက်သို့ ကားကိုရပ်လိုက်တာနှင့် အသင့်စောင့်ကြိုနေသော အလုပ်သမားများမှ ခေါင်းဆောင်ဖြစ်သူက…

"သူဌေးကို့ ဇနီးမောင်နှံကို ကြိုဆိုပါတယ်"

ဟု နှုတ်ဆက်သည်။ ဒရိုင်ဘာဖွင့်ပေးသော တံခါးမှ မောင်နှင့် သူမဆင်းလာပြီး မောင်က သူမလက်ကိုဆွဲ၍…

"ဒါက ကျုပ်ရဲ့ဇနီး လှိုင်းပဲ၊ မင်းတို့အားလုံးရဲ့ သခင်မလေးပေါ့၊ မမလို့မှတ်ထားပါ"

"ဟုတ်ကဲ့ပါ သူဌေး"

"ခုချိန်ကစပြီး ငါ့ အပါအဝင် ဒီတစ်အိမ်လုံးကို လှိုင်းအုပ်ချုပ်လိမ့်မယ်၊ မင်းတို့က လှိုင်းစကားကို နားထောင်ကြဖို့ပဲ"

"စိတ်ချပါ သူဌေး၊ သူဌေးကတော်ကို ကြိုဆိုပါတယ်ခင်ဗျာ"

လှိုင်းက အားလုံးကိုပြုံးပြလိုက်၏။ မောင့်ရဲ့ဇနီးအနေဖြင့် သူမက အလုပ်သမားများကို နွေးထွေးစွာဆက်ဆံသည်။

"ကျွန်မကို ခုလိုကြိုဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ မိသားစုတွေလို သဘောထားပြီး ကျွန်မကို ဝိုင်းဝန်းကူညီပါ"

"စိတ်ချပါခင်ဗျာ မမစိတ်တိုင်းကျဖြစ်စေရပါ့မယ်"

ထို့နောက် မောင်က အလုပ်သမားတစ်ယောက်ချင်းစီနှင့် မိတ်ဆက်ပေး၏။ ခြံစောင့် ဒရိုင်ဘာ ထမင်းချက် အိမ်အကူစသည်ဖြင့် များပြားလှပါသည်။

"မောင်က တစ်ယောက်တည်း အလုပ်သမားတွေက အများကြီးပဲနော်"

လှိုင်းတို့အိမ်မှာဆို ဒက်ဒီနှင့်မာမီ ကိုယ့်အားကိုယ်ကိုး သမားတွေမို့ အလုပ်သမားမထားကြပါ။ ဒက်ဒီက ကားကို ဒရိုင်ဘာမခန့်ဘဲ ကိုယ်တိုင်မောင်းသလို မာမီကလည်း အိမ်ထောင်မှု ကိစ္စတွေ ကိုယ်တိုင်လုပ်၏။

လှိုင်းက မာမီနှင့်တူတာမို့ အိမ်မှုကိစ္စ ဝါသနာပါသည်။ ကိုယ်တိုင်ချက်ပြုတ်သလို အိမ်သန့်ရှင်းရေးကိစ္စများမှာလည်း မယောင် ဟင်းပါ။

"ဒက်ဒီတော့ အပြင်မှာထက် အိမ်မှာချက်တဲ့ဟင်းတွေပဲ စားကောင်းတယ်"

မာမီနှင့်လှိုင်းတို့၏ လက်ရာကို ဒက်ဒီနှစ်သက်သည်။



နိုင်းကတော့ငယ်သေး၍ အိမ်မှာကြမ်းတိုက် တံမြက်လှည်းပဲရ၏။

"မိန်းကလေးဆိုတာ ဘယ်လောက်ပဲလှပါစေ တခြားအရာတွေမှာ တော်နေပါစေ အိမ်မှုကိစ္စတော့ ပစ်ပယ်လို့ မဖြစ်ဘူး၊ ကိုယ်တိုင်ချက်ပြုတ်တတ်မှ သူတစ်ပါးကို ခိုင်းတတ်မယ် အုပ်ချုပ်တတ်မယ်ကွယ့်"

သမီးနှစ်ယောက်ရှိသော မာမီက ထိုကဲ့သို့ဆုံးမတတ်၏။ အကယ်လည်း လှိုင်းတို့ကို အိမ်မှုကိစ္စသင်စေခဲ့သည်။

ယခုချိန်မှာတော့ မာမီဆုံးမသင်ပေးခဲ့တာတွေ လှိုင်းအတွက်မှန်လှ၏။ မောင်ရဲ့အိမ်က အလုပ်သမားအုပ်စုကို ဘယ်လို အုပ်ချုပ်ရမယ်ဆိုတာ လှိုင်းကောင်းကောင်းသိနေပြီ။

"အဟွန်း နောက်ဆို အလုပ်သမားတောင် ထပ်တိုးရဦးမှာ လှိုင်း"

"ဟင် ဘာ့အတွက်လဲ မောင်"

လက်ရှိအလုပ်သမားတွေပင် လှိုင်းအတွက်များလှပြီမို့ နောက်ထပ်တိုးမည်ဆိုတော့ မောင့်ကိုနားမလည်သလိုဖြစ်ရ၏။

"ဘာ့အတွက်လဲဆိုတော့ မောင်တို့ရဲ့ အနာဂတ်မှာ ပေါက်လာမယ့် သားသားမီးမီးတို့အတွက် နာနီလိုတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



“အို မောင်နော်”

သည်တော့မှ သူမမျက်နှာလေး နီရဲလျှက် မောင့်ကို မျှ

စောင်းထိုး၏။ မောင်က တိုက်ကြီးတစ်ခုလုံးကို အပေါ်ထပ် အော

ထပ်လိုက်ပြသည်။ အခန်းတိုင်းကျယ်ဝန်းကာ အသုံးအဆော

ပစ္စည်းတွေကအပြည့်အစုံ တကယ်တော့ ကြီးမားခန့်ငြားလှသော

မောင်၏တိုက်ကြီးသည် သူမအတွက် ရဲတိုက်တစ်ခုလိုပါပဲ။

“ဘာကြောင့် အဆောင်ဆောင် အခန်းခန်းတွေ ဖွဲ့ထ

တာလဲ မောင်၊ ဘယ်သူမှလည်း မရှိဘဲနဲ့

“မောင်က တစ်ဦးတည်းသော သားလေ လှိုင်း၊ ဒီဆေ

မောင့်ရဲ့မျိုးဆက်တွေအတွက်”

“စိတ်ကူးယဉ်တာမဟုတ်ဘူး လှိုင်း၊ မောင် တကယ်

တာ၊ ဒီလောက်ကြီးမားတဲ့ တိုက်ကြီးထဲမှာ သားတွေသမီး

ရယ်သံနဲ့ ဘယ်လောက်စိုပြေလိုက်မလဲဟင်”

လေးနက်စွာပြောလာသော မောင့်ကိုကြည့်၍ လှိုင်

ကရုဏာဖြစ်သွား၏။ မောင့်လက်ကို တင်းတင်းဆုပ်ကိုင်ကာ

“တစ်နေ့ မောင့်ဆန္ဒတွေပြည့်လာမှာပါကွယ်”

“ကျေးဇူးပဲ လှိုင်း”



ထိုညမှာပဲ ရင်းနှီးသောမိတ်ဆွေတစ်ချို့ဖိတ်လျက် ဒင်နာ

ပွဲလုပ်သည်။ လှိုင်းတို့ရောက်မဆိုက်မှာ...

“သူဌေး နိုင်းတာတွေအားလုံး လုပ်ပြီးပါပြီ”

ဟုပြောသော ဒရိုင်ဘာစကားက ဒါပဲဖြစ်မည်။ လှိုင်းက

ရေချိုး အဝတ်အစားလဲ အလှပြင်ရုံသာ ကျန်တာတွေက အားလုံး

အသင့်။

“ဦးဗညားတော်ယူလာတဲ့ မိန်းမကတော့ တစ္ဆာယ့်ကို

ကျက်သရေရှိတဲ့ မဟာဆန်တဲ့ အမျိုးသမီးပါပဲဗျာ”

“လက်ထပ်ခြင်းကို ခင်ဗျား ဘာကြောင့် ဒီလောက်မြန်မြန်

လုပ်သွားတယ်ဆိုတာ၊ ကျုပ်တို့ ခုမှ သဘောပေါက်တယ်ဗျို့”

မောင့်မိတ်ဆွေတွေက လှိုင်းကိုကြည့်ပြီး ဝိုင်း၍ချီးကျူး

တော့ မောင်ကျေနပ်စွာပြုံး၏။ လှိုင်း၏လက်ကို မလွှတ်တမ်း

ဆုပ်ကိုင်ကာ...

“ဒီလိုချီးကျူးစကားအတွက် ခင်ဗျားတို့အားလုံးကို ကျေး

ဇူးတင်ပါတယ်ဗျာ၊ လှိုင်းကလဲ နှုတ်ဆက်လိုက်ပါဦး”

လှိုင်းမှာ အလိုက်သင့်ပြုံးရင်း...

“မောင်ပြောသလို အားလုံးကို ကျေးဇူးပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဒီလင်မယား တကယ်လိုက်တယ်ဟေ့

မောင်က မီးရောင်များအောက်မှာ လှိုင်းကို တော

သော မျက်လုံးများဖြင့်ကြည့်၏။ မောင့်မျက်ဝန်းတွေကြောင့် လှိ

ခေါင်းထဲ ယစ်မူးသွားသလိုပါပဲ။

☼ ☼ ☼

"မောင့်ရဲ့သခင်မ လှိုင်း၊ မောင့်ရဲ့အချစ် လှိုင်း"

"အို"

ပန်းနုရောင်တို့ လွှမ်းခြုံနေသော မင်္ဂလာခန်းထဲရောက်တော့

င်းတစ်ကိုယ်လုံး သိမ်းကျုံးပွေ့လျက် ညှို့ငင်ရီဝေသောမျက်လုံး

ဖြင့် မောင့်ဆိုသည်။

"အဟွန်း မောင့်ဘဝဟာ လှိုင်းရောက်လာတဲ့အချိန်ကစပြီး

ရာအားလုံး ပြည့်စုံသွားပြီကွ"

လှိုင်းမျက်နှာလေးအနှံ့ ရှိုက်နမ်းရင်း မောင်ကြည်နူးစွာ

ာ၏။

"မောင် သိပ်ပျော်နေလားဟင်"

"အဟွန်း ပျော်တာပေါ့ဗျာ၊ မောင့် အချစ်ဆုံးကို ပိုင်ဆိုင်

ာပဲ၊ လှိုင်းရော မပျော်ဘူးလား"

နီ-နီ -

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ပျော်ပါတယ်မောင်"

ကြင်နာတတ်သော မောင့်လိုလူတစ်ယောက်ရင်ခွင်မှာ လှိုင်း ပျော်တာအမှန်။ မောင်က လှိုင်းအပေါ် ဂရုစိုက်လှသည်။

"တစ်ခုတော့ မောင်ကြိုပြောထားမယ်နော် လှိုင်း။ မောင်က ကုမ္ပဏီပိုင်ရှင်တစ်ယောက်ဆိုတော့ သိပ်အလုပ်များတယ်။ ဒါကြောင့် အပြင်မှာ အလုပ်များနေတဲ့အခါ လှိုင်းကို ဂရုမစိုက်နိုင်တဲ့အခါတွေမှာ မောင့်အပေါ် လှိုင်းနားလည်ပေးရမယ်"

"ဒါများ မောင်ရယ်၊ စီးပွားရှာနေတဲ့ ခင်ပွန်းသည် တစ်ယောက်ကို နားလည်ပေးရမှာ ဇနီးကောင်းတစ်ယောက်ရဲ့ တာဝန်ပါ"

"အဟွန်း လှိုင်း ဒီလိုနားလည်မှုရှိတာတွေကြောင့် မောင်ကချစ်ရတာ"

*မောင့်အနမ်းများက လှိုင်းအတွက် ဆုတံဆိပ်တွေဖြစ်သည်။* ပြောခဲ့သည့်အတိုင်း လှိုင်းက မောင့်အပေါ် ဇနီးကောင်းတစ်ယောက် ဖြစ်အောင် ကြိုးစား၏။

နေ့စဉ် မောင့်အတွက် အဝတ်အစားအဆင်သင့် မောင် ကြိုက်တတ်သည့် ဟင်းတွေကိုယ်တိုင်ချက်၍ လှိုင်းစောင့်တတ်

ဒါပေမယ့် မောင်ရယ်…

အလုပ်တွေများတယ်ဆိုတာ မောင်အလကားပြောခဲ့တာ ပါ။ လက်ထပ်ပြီးချိန်လောက်သာ မောင်တစ်ယောက် လှိုင်း နားနေ၍ ဂရုစိုက်နိုင်ခဲ့၏။

နောက်ပိုင်းအချိန်တွေမှာ အလုပ်တွေဖြင့် အချိန်ကုန်ကာ လှိုင်းအတွက် အချိန်မပေးနိုင်ခဲ့ပေ။

"ဒီခေတ်မှာ စီးပွားရေးက အပြိုင်အဆိုင်တွေများတယ် လှိုင်း။ အယ်လုပ်ငန်းမဆို ကိုယ်က ဦးဦးနိုင်မှ တန်ကာကျ တယ်"

မနက်မိုးလင်း၍ အိပ်ရာထတာနှင့် မောင်က ဘရိတ်ဖတ် စားရင်း သတင်းစာကြည့်၏။ ပြီးတာနှင့် ရေချိုး အဝတ်အစားလဲ၍ ကုမ္ပဏီသို့သွား၏။ ပြန်လာတော့ ညရှစ်နာရီ ကိုးနာရီ…

တစ်ခါတစ်ရံများ ညစ်ခံပွဲ၊ ကုမ္ပဏီနှစ်ပတ်လည်ဒင်နာစ သည်ဖြင့်ရှိလျှင် ညည့်နက်သွားတတ်၏။

ထိုအခါမျိုးတွင် အေးစက်သော ထမင်းဝိုင်းနှင့် လှိုင်း တစ်ယောက်တည်း။





www.burmeseclassic.com

www.burmeseclassic.com



"မိုးချုပ်လိုက်တာ မောင်ရယ်"

"အပျွန်း မိတ်ဆွေတွေကို ညှိခံနေရလို့ လှိုင်းရဲ့"

အနည်းငယ်သောက်လာသော မောင်က လှိုင်းခါးလေးကို ဖက်၍ ပြော၏။ မောင့်အပြုံးကိုမြင်တော့ လှိုင်းသက်ပြင်းချိုတ်ချသည်။

"ဒီလောက် မိုးချုပ်တဲ့အထိနေရအောင် လှိုင်းကို မေ့နေသလားမောင်"

ထိုသို့ရန်ထောင်လိုက်ချင်ပေမယ့် မောင်အနည်းငယ်မူးလှိုင်းကြောင့် စိတ်အနှောင့်အယှက်မဖြစ်လိုတာမို့ အပြုံးသာဆောင်နေလိုက်ရ၏။

"လှိုင်းက မောင်ကြိုက်တတ်တာတွေချက်ထားပြီး စောင့်နေတာ"

"သိတယ် သိတယ်၊ ဒါကြောင့် မိတ်ဆွေတွေကို ညှိခံရင်းက မောင့်မိန်းမလက်ရာ သတိရမိသေးတယ်ဗျ"

"ဒါဆို ပြန်လာခဲ့ပေါ့ မောင်"

ဟုပြောချင်စိတ်ကို လှိုင်း မျိုသိပ်ပစ်လိုက်ရ၏။

လှိုင်းအတွက် တစ်ခုကျေနပ်စရာက မောင်သည် ဘယ်





လောက်ပဲ မိုးချုပ်ပါစေ အိမ်သို့ပြန်လာတတ်ခြင်းပါ။

"လှိုင်းက မောင်ဒီလောက်မိုးချုပ်တော့ အပြင်မှာပဲ အိပ်မယ်ထင်နေတာ"

"နိုး နိုး ဒါမျိုးမောင် ဘယ်တော့မှ မလုပ်ဘူး လှိုင်း၊ လှိုင်းရှိတဲ့နေရာကို ဘယ်အချိန် ဘယ်အခါမှာပဲဖြစ်ဖြစ် မောင်အရောက်ပြန်လာမယ်"

"မောင်ရယ်"

အိပ်ပျော်သွားသော မောင့်ရင်ခွင်ထဲမှ လှိုင်း မကြာခဏသက်ပြင်းချရ၏။

မောင်၏များပြားလှသော အလုပ်တွေထဲမှာ နိုင်ငံခြားသို့ မကြာခဏ ခရီးထွက်ရတာတွေလည်းပါသည်။

"စီးပွားဆိုတာ ရှာနိုင်တုန်းရှာထားမှ လှိုင်းရဲ့၊ နောင်တစ်ချိန် မောင်တို့ သားသမီးတွေအတွက် ကြိုးစားထားရမယ်"

တစ်ယောက်တည်းစီမံကိန်းတွေချ လောဘတွေကြီးနေသော မောင့်အားကြည့်ပြီး လှိုင်းဘာပြောရမှန်းမသိ။

"မမြင်ရသေးတဲ့ သားသမီးတွေထက်၊ လက်ရှိ လှိုင်းအပေါ် အချိန်နည်းနည်းလောက်ပေးပါလား မောင်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က လှိုင်းကို ပြည့်စုံတယ်ဆိုတာထက် ပိုအောင်ထား၏။ စိန်ရွှေငွေအပြည့် လှိုင်းကြိုက်သလောက်သုံး လိုချင်တာပြော အားလုံးရစေသည်။

"လှိုင်း လိုတာရှိရင် မောင့်ကိုပြောနော်၊ မီးခံသေတ္တာထဲက ငွေအားလုံး လှိုင်းအတွက်ပဲ"

ပစ္စည်းဥစ္စာပြည့်စုံအောင်ထားရုံနှင့် မောင်သည် ခင်ပွန်းတစ်ယောက်၏ တာဝန်ကျေပြီဟု ယူဆပုံပါ။

"လှိုင်း လိုချင်တာက မောင့်ရဲ့ပစ္စည်းဥစ္စာတွေထက်၊ မောင့်ရဲ့ မေတ္တာကိုပါ၊ အိမ်မှာ လှိုင်းစောင့်နေပါလားဆိုပြီး မောင်စောစောပြန်လာဖို့၊ လှိုင်းနဲ့အတူ တစ်ပတ်တစ်ခါလောက် အချိန်ပေးပြီး လျှောက်လည်ဖို့၊ ဒါတွေကို လှိုင်းမပြောဘဲ မောင် အလိုလိုသိရင် ကောင်းမယ်ကွယ်"

သို့သော် လှိုင်းရင်ထဲက ခံစားချက်ကို မောင်နည်းနည်းလေးမှ ရိပ်မိပုံမရပါ။ ထုံးစံအတိုင်း သူ့အလုပ်တွေနှင့်သာ အချိန်ကုန်၏။

မောင်က ညစာစားပွဲတွေမှာ လှိုင်းနှင့်အတူတွဲ၍တက်သည်။ ထိုအခါမျိုးမှာ လှိုင်းကို အစွမ်းကုန်ပြင်စေပြီး မောင်ကိုယ်တိုင်ဝယ်ပေးထားသည့် အရည်အသွေးကောင်းလှသောစိန်များ တဖျပ်ဖျပ်လက်အောင်ဝတ်လျက် လှိုင်းအလှကို ဂုဏ်ယူသည်။

"ဦးဗညားတော်ကတော့ ဒီလောက်လှတဲ့ ဇနီးကို အိမ်ထဲမှာချည်း မထားနဲ့လေ"

"ဟုတ်တယ်ဗျ၊ ကျုပ်တို့မိန်းမတွေလို အပြင်မှာ လုပ်ငန်းလုပ်ပါစေလား"

မိတ်ဆွေတွေက ထိုသို့ပြောသည့်အခါ မောင်ခပ်ပြုံးပြုံး ခေါင်းခါကာ...

"မလုပ်ပါနဲ့ဗျာ လှိုင်းက အဲဒါမျိုးတွေ ဝါသနာမပါဘူး၊ ပြီးတော့ လှိုင်းအတွက် ပြည့်စုံတာထက်ပိုအောင် ကျွန်တော်ထားပေးတယ်လေ၊ ကျွန်တော်ပြန်လာတဲ့အချိန် လှိုင်းကိုမြင်ရရင် ကျေနပ်ပြီ"

မောင့်စကားကြောင့် တခြားသူတွေ မျက်နှာမျက်ကုန်၏။ သူတို့ကပဲ သူတို့မိန်းမတွေကို ပြည့်စုံအောင်မထားနိုင်လို့ အပြင်ထွက်လုပ်ခိုင်းသလိုလို...

"ဟဲ ဟဲ ခင်ဗျားအကြံ ကျုပ်တို့သိပါတယ်ဗျာ၊ သိန်းသူ့ ခင်ဗျားမိန်းမကို ဘယ်သူမှ မကြည့်စေချင်ဘူး မဟုတ်လား"

www.burmeseclassic.com



"အဟွန်း ဟွန်း မှန်တာပြောရင် ဒါလည်းပါတာပေါ့ဗျာ"

လှိုင်းကို လှပသော အရုပ်လေးတစ်ခုအဖြစ် မောင်က အိမ်ထဲမှာသာ သိမ်းထားလို၏။ အပြင်ထွက်ဖို့ကို လှိုင်းကလည်း မတောင်းဆိုပါ။ မောင့်ဆန္ဒမှန်သမျှကို လှိုင်းဘာတစ်ခုမှ ဆန့်ကျင်ဖို့ မကြိုးစားပေ။

"မောင်ရယ် မိတ်ဆွေတွေနဲ့ စကားပြောတဲ့အခါ သတိထားပါနော်"

အိမ်ရောက်တော့ လှိုင်းက သတိပေး၏။

"ဒီလူတွေက သူတို့မိန်းမတွေအပြင်မှာ ဘာဖြစ်နေတယ်ဆိုတာ သိကြတဲ့လူတွေ မဟုတ်ဘူးလှိုင်း၊ အပြင်စီးပွားလုပ်သလိုလိုနဲ့ မိန်းမတွေ တခြားကောင်တွေနဲ့ ငြိနေတာလေ"

"အို ဟုတ်လို့လား မောင်ရယ်"

လှိုင်းအံ့ဩသလိုမေးမိ၏။ မောင်ခေါင်းညိတ်သည်။

"ဟုတ်တယ် လှိုင်း၊ မောင့်မျက်စိနဲ့ကို တပ်အပ်တွေ့တာ၊ တကယ်တော့ အိမ်ထောင်ရှင်မဆိုတာ အိမ်ထောင်တာဝန်ပဲ ထမ်းရွက်တာကောင်းတယ်၊ ဥပမာ လှိုင်းလိုမျိုးပေါ့"



ထိုစကားကြောင့် လှိုင်း သက်ပြင်းကျိတ်ချ၏။ လှိုင်း အပြင်မထွက်တာ မောင်စိတ်ချမ်းသာအောင်လို့ပါ။

"အင်း တစ်ခုက၊ ဒီလူတွေကလည်း အပြင်မှာ အပျော်ရှာတယ်လေ။ မိန်းမယားကို ပြည့်စုံအောင်မထားဘဲ အပြင်မှာ အငယ်အနှောင်းတွေနဲ့ဆိုတော့"

"ဟင် ဒါဆို မောင်ကကော"

အလန့်တကြား လှိုင်းမေးတော့ မောင်မျက်မှောင်တွန့်သွားလျက်…

"ကြည့်စမ်း ဒါမေးစရာလား လှိုင်း၊ မောင့်ဘဝမှာ မိန်းမဆိုလို့ လှိုင်းတစ်ယောက်ပဲရှိတယ်၊ အိမ်ထောင်ရေး သစ္စာဖောက်တာမျိုး မောင်သယ်တော့မှမလုပ်ဘူး"

"အို မောင်ရယ်၊ ကျေးဇူးတင်ပါတယ်"

မောင့်ကိုပြောရလျှင် ယောကျ်ားပီသသော လူတစ်ယောက်ဟု ဆိုရမည်။ ခင်ပွန်းတစ်ယောက်၏တာဝန်ကျေသလို လှိုင်းကိုလည်း အိမ်ထောင်ရှင်မကောင်း တစ်ယောက်ဖြစ်စေလို၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# နှင်းဆက်ရာ

"မာမီကြီး မင်းသမီးငယ်ကော"

"အို ဟုတ်ပါရဲ့၊ နှင်း ခုချိန်ထိ အိပ်ရာမထသေးဘူး နဲ့တူတယ် ဒက်ဒီကြီး"

မနက်ခင်း လက်ဖက်ရည်ဝိုင်းတွင် နှင်းကိုမတွေ့ရတာကြောင့် မိဘနှစ်ပါးက တစ်ဦးမျက်နှာတစ်ဦးကြည့်၏။

သမီးကြီး လှိုင်း လက်ထပ်သွားပြီးနောက် အိမ်မှာ မိသားစုသုံးယောက်သာ ကျန်ရစ်ခဲ့သည်။ ထမင်းဝိုင်းတွင် အမြဲတမ်းလေးယောက်ဆုံနေကြမှ တစ်ယောက်လျော့သွားတော့ ဟိုလွတ်လပ်နေသော ခုံနေရာကိုကြည့်ကာ သူတို့ လှိုင်းကိုမကြာခဏ သတိရခဲ့သည်။

"မမကိုလွမ်းတယ် မမကိုခေါ်ပေးပါ၊ ဟီး"

နှင်းငယ်စဉ်က အစ်မလုပ်သူကိုလွမ်း၍ မကြာခဏငိုခဲ့

www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုအခါမျိုးတွင် မိဘနှစ်ပါးမှာ စိတ်မကောင်းကြပေ။ သို့သော် ဟန်ဆောင်ပြုံးဖြင့် သမီးငယ်နှင်းကို နှစ်သိမ့်သည်။

"သမီးငယ်ကလဲကွယ်၊ မမက လက်ထပ်သွားတာပဲ။ ဘယ်လိုပြန်ပြီး အိမ်မှာခေါ်ထားရမလဲ၊ နှင်းလေးနားမှာ ဒက်ဒီ မာမီတို့ ရှိတာပဲကွယ်"

"ဟင်အင်း ဟန့်အင်း မမကိုပဲခေါ်ပေး"

ညီမနှစ်ယောက်တည်းရှိကာ လိုင်း၏အလိုလိုက်မှုများ ကြောင့် နှင်းက အနည်းငယ်ဆိုးချင်သည်။

"သမီးနော် ဒက်ဒီနားလည်အောင် ရှင်းပြထားတယ် မဟုတ်လား"

အငယ်ဆုံးသမီးမို့ မိဘတွေကလည်း အလိုလိုက်ပေးသော် နှင်း တစ်ဖွတ်တိုးဆန့်လာလျှင် မျက်နှာတင်းထားရ၏။

သည်တော့မှ နှင်းတစ်ယောက် တိတ်သွားတတ်တာ မဟုတ်လား။

ယခုတော့ နှင်းသည်ပင် တက္ကသိုလ်နောက်ဆုံးနှစ်ကို ဖြေဆိုပြီးခဲ့၏။

"ဆယ်နှစ်ဆိုတဲ့အချိန်ဟာ တစ်ခဏလေးနဲ့ ကုန်လွယ်



ဆိုက်ရာနော် ဒက်ဒီကြီး"

"အင်း သမီးငယ် နှင်းတောင် အသက်နှစ်ဆယ်ရောက်ပြီ ။ ကြာခင် ဘွဲ့လည်းရတော့မယ်၊ သူ ကလေးမဟုတ်တော့ဘူး မီကြီး"

ပထမဆုံးအကြိမ် မိဘနှစ်ပါးက နှင်းကို လူကြီးအဖြစ် သတ်မှတ်လိုက်ကြခြင်းပါ။

"သမီးကြီးမှာ မပေါ့မပါးနဲ့၊ ခရီးသွားလို့ ဖြစ်ပါ့မလား မီကြီး"

ဖခင်ဖြစ်သူက စိုးရိမ်စွာမေး၏။ မိခင်ကတော့ မပေါ့မပါး နှင့် သမီးကြီးကို မျက်စိနားထားလျက် စောင့်ရှောက်ချင်သည်။

"လေယာဉ်နဲ့လာတာပဲ ဒက်ဒီကြီးရယ်၊ တစ်ခဏပါ။ ... တဲ ကျွန်မ သမီးငယ်ကို သွားနှိုးဦးမယ်"

ပြောပြောဆိုဆို မာမီက နေရာမှထလာသည်။ ထိုအချိန် ... မြိုက်စွာ အိပ်ပျော်နေသော နှင်းတစ်ယောက်...

"မောင်"

"ဗျာ"

"နှင်းကို သိပ်ချစ်တာ ... လားဟင်"

www.burmeseclassic.com

www.burmeseclassic.com



ဖြာလှဲသောကောင်းကင်အောက်ရှိ မြက်ခင်းစိမ်းပေါ်မှာ နှိုင်းနှင့်ချစ်သူမောင်။

"ဟောဗျာ ဘယ်လိုမေးလိုက်တာလဲ ကလေးမရယ်၊ မောင့် အချစ်ကို မယုံရင်၊ ဟော့ဒီကောင်းကင်ကြီးကို သက်သေပြ မယ်"

"အဟင်း တော်ပါမောင်ရယ်၊ မောင်ကလေ စာရေးဆရာ ပီပီ သိပ်စကားတတ်တယ်"

"စကားတတ်ရုံတင်မဟုတ်ဘူး၊ ဒါ့ပြင်လည်း တတ်တယ် ဗျ"

"အို မောင်"

ရုတ်တရက် နှိုင်းကိုယ်လေး မောင့်ရင်ခွင်ထဲ ရွေးခနဲ ရောက်ရှိသွားခိုက်…

"နှိုင်း နှိုင်းထတော့လေ၊ ဒီလောက်နေမြင့်နေပြီကို လက်ဖက်ရည်ဝိုင်းမှာ ဒက်ဒီစောင့်နေတယ်ကွယ့်"

"ဟင့် မာမီ"

ပခုံးလှုပ်နှိုးခြင်းခံလိုက်ရတာကြောင့် နှိုင်း မျက်လုံးကို ပွင့်သွား၏။ မာမီကိုတွေ့လိုက်ရတော့ စောစောက မောင့်ကို အိပ်



မက်တာပါလားဟုတွေး၍ ပြုံးလိုက်၏။

"ကလေးမနော် မိန်းကလေးဖြစ်ပြီး ဒီလောက်အအိပ်ကြီး တာ မာမီမကြိုက်ဘူး"

လိုက်ကာတွေဆွဲဖွင့်ရင်း မာမီပြောသည်။ နှိုင်းက နောက်မှ မာမီခါးကိုဖက်ကာ…

"ဟင့် မာမီကလဲ၊ နှိုင်းစာမေးပွဲတုန်းက ညည့်နက်ခံ စာတွေကျက်ခဲ့တာလေ၊ ခုလို စာမေးပွဲပြီးတော့ အတိုးချအိပ် တာပေါ့လို့"

ခပ်ချွဲချွဲလေး နှိုင်းပြောတော့ မာမီလှည့်ကြည့်၏။ အသက် ဆယ်ရွယ် နှိုင်းသည် အရင်လို ဂါဝန်လေးနှင့်မဟုတ်တော့။

မြင့်မားသောအရပ် ဖွံ့ထွားချိုးကျသော ခန္ဓာကိုယ် ပြည့်စင်သော အသားအရေ အဖုအထစ်ဟူ၍ တစ်ခုလေးမျှ သော ဖြူနုဝင်းဝါနေသည့် ချောမောလှပသော မျက်နှာတို့ဖြင့် ကြည့်ရလောက်အောင် လှသောမိန်းကလေး ယောက် ဖြစ်နေပါပြီလား။

"အင်း မာမို့သမီးလေးက တဖြည်းဖြည်းကြီးလာလိုက် ခုတော့ အပျိုကြီးဖားဖား ဖြစ်နေပါပြီလား"

www.burmeseclassic.com



နုညံ့သော နှိုင်း၏ဆံနွယ်လေးများကို လက်ဖြင့်ဖွဖွပွတ်သပ်ရင်း မာမီကြည်နူးဟန်ပြုံး၍ပြောသည်။

"ဒါပေမယ့် နှိုင်းက မာမီတို့အတွက် ကလေးပဲ"

"အဟင်း ဂုတ်လို့လားကွယ့် ပြောစမ်း၊ သမီးမှာ ချစ်သူရည်းစားရှိနေပြီလား"

နှိုင်းမျက်နှာကိုကြည့်ကာ မာမီမေး၏။ ရုတ်တရက် နှိုင်းမျက်နှာပျက်သွားပြီးမှ ချက်ချင်းခေါင်းခါရမ်းကာ…

"အို ဟင့်အင်း၊ နှိုင်းမှာ ချစ်သူရှိရင် မာမီကိုပြောမှာပေါ့လို့"

မာမီရင်ခွင်ထဲ ခေါင်းတိုးဝင်၍ နှိုင်းချွဲလိုက်သည်။ သို့သော် စောစောက မောင်နှင့်ပတ်သက်သည့် အိပ်မက်ကို သတိရမိတော့ နှိုင်း ပန်းလေး မသိမသာတွန့်မိ၏။

နှိုင်းကို ခွင့်လွှတ်ပါ မာမီရယ်။

ဒီအချိန်မှာ မောင့်အကြောင်းကို နှိုင်းပြောလို့ မဖြစ်သေးဘူးဟု နားလည်ထား၏။

မောင်ဆိုတဲ့ "ဆောင်း"က သူဌေးသားတစ်ယောက်ပေမယ့် သူများတွေလို စီးပွားရေးအလုပ်ကို ဝါသနာမပါ။

နှိုင်းရောက်သွားသောအချိန်တွင် မောင်သည် သီးသန့်စားသောက်ခန်းထဲ ရောက်နေပြီ။

"ဆောရီး မောင်၊ နှိုင်းနည်းနည်း နောက်ကျသွားတယ်"

လှိုင်းတွန့်ရွှေညိုရောင် ဆံနွယ်လေးများကို တစ်ချက်ဝှေ့ခါလိုက်ပြီး မောင်နှင့် မျက်နှာချင်းဆိုင်ထိုင်ကာ နှိုင်းပြောလိုက်၏။

မောင်က မျက်ခုံးနှစ်ဖက်ကိုပင့်ကာ နှိုင်းအားကြည့်သည်။

"ဟန်နီရော့၊ မောင့်မှာ ဟန်နီကို စောင့်ရတာ မောင်ဘယ်လောက်မောရလဲ"

"အဟင်း ကဲပါမောင်ရယ်၊ အခု နှိုင်းရောက်ပြီပဲ၊ ကြည့်စမ်း ခုမှနှိုင်းဗိုက်ထဲ ဆာလာတယ်၊ အိမ်က ဘာမှမစားခဲ့ရသေးဘူးမောင်"

"အဆင့်သင့်ပါပဲဗျာ၊ နှိုင်းလာရင် စားရအောင်မှာထား

www.burmeseclassic.com



ပါတယ်၊ ဟော့ ဟိုမှာရောက်လာပြီ"

မကြာခင်စားပွဲနှင့်အပြည့် ဒင်ဆမ်များ နှိုင်းရှေ့မှာ။ အားလုံး နှိုင်း ကြိုက်တတ်တာတွေချည်း။

"မောင်မှာထားတာတွေကြိုက်တယ် မဟုတ်လား နှိုင်း"

"အဟင်း သိပ်ကြိုက်ပေါ့၊ မောင့်လောက် နှိုင်း အကြိုက်ကိုသိတဲ့လူမရှိဘူး"

သည်တော့ မောင်ဂုဏ်ယူစွာပြုံး၏။ ထို့နောက် နှိုင်းကို ဒင်ဘမ်းတစ်ခု တူဖြင့်ယူ၍ခွံ့၏။

"နှိုင်းကို ဒီလိုတစ်သက်လုံး ခွံ့ကျွေးချင်တယ်ကွာ"

မောင်ဘာကိုဆိုလိုတယ်ဆိုတာ နှိုင်းသိတော့ ပန်းလေးအသာတွန့်၏။

"စောပါသေးတယ် မောင်"

"ဘာကိုစောတာလဲ နှိုင်း၊ မောင်တို့ချစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ ခုချိန်ထိ မောင့်ရဲ့အကြောင်းကို နှိုင်းမိဘတွေ မပြောသေးဘူးလားကွာ"

"ခက်တာပဲ မောင်၊ နှိုင်းက ခုမှကျောင်းပြီးတာလေ၊ ပြီးတော့ မောင့်အလုပ်"



"ဘာလဲ မောင်စာရေးတာကို နှိုင်းမိဘတွေ မကြိုက်ဘူးလား"

ပွင့်လင်းစွာ မောင်မေးတော့ နှိုင်း သက်ပြင်းလေးချ၏။

"သမီးတစ်ယောက်ရဲ့ မိဘနေရာမှာ မောင်စဉ်းစားကြည့်ပေါ့၊ မောင်က ဆရာဝန်တစ်ယောက်သာဆိုရင်"

"တော် နှိုင်း၊ ဆေးကျောင်းတက်ခဲ့တာ မောင့်အမှားပဲ၊ မောင်ဆရာဝန်မလုပ်ချင်ဘူး"

နှိုင်းမှာ မောင့်ကိုငေးခနဲကြည့်မိ၏။ တကယ်တော့ မောင်က ဆရာဝန်တစ်ယောက်၊ ဒါကိုပစ်ပယ်ပြီး ဝါသနာပါရာ စာရေးခြင်းမှာ နစ်မျောနေသည်။

"မောင်ဘယ်လိုပဲငြင်းပါစေ၊ မောင်ဟာ ဆရာဝန်ဖြစ်ပြီးသားပဲ၊ မာမီတို့နဲ့ မိတ်ဆက်ပေးစေချင်ရင် မောင့်ရဲ့ဘဝမှန်ကို"

"ဘာလဲ နှိုင်းမိဘတွေက ဂုဏ်ပကာသနကို မက်တာလားဟင်"

ထိုအမေးကြောင့် နှိုင်း မျက်နှာလေးတောင်းခနဲဖြစ်သွား၏။

"နှိုင်းမိဘတွေကို ဒီလိုမပြောပါနဲ့ မောင်၊ ဂုဏ်ပကာသနကိုမက်တာထက်၊ သူတို့ သမီးရဲ့ချစ်သူဟာ အရည်အချင်းရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်အဖြစ် မြင်ချင်တာမျိုးပါ"

သည်တော့ မောင် သက်ပြင်းချ၏။

"ကောင်းပြီလေ၊ အဲ့ဒီကိစ္စ မောင်တို့စဉ်းစားကြတာပေါ့၊ ဒါနဲ့ နှင်းရဲ့မမလာမယ်ဆို"

"အို ဟုတ်တယ်၊ နှင်းဘွဲ့ယူအမီလာမှာ၊ ပြီးတော့ မမမှာ ကိုယ်ဝန်ကြီးနဲ့၊ နှင်းတို့ဆီမှာပဲ မွေးဖွားမယ်ထင်တယ်"

မမအကြောင်းပြောလာတော့ နှင်း မျက်နှာလေးကြည်လင်၍ သွက်လက်လာ၏။

"နှင်းက နှင်းမမကို တော်တော်ချစ်တဲ့ပုံနော်"

"အဟင်း ဒါပေါ့၊ တကယ်တော့ မမက နှင်းအတွက် ဒုတိယအမေပါပဲ"

ရန်ကုန်မှာနေသောမမသည် နှင်းအတွက် အဝတ်အစားအစ၊ ပိုက်ဆံ ဖိနပ်အထိ ပို့ပေးတတ်၏။ ဆယ်နှစ်တာအတွင်း နှင်းတို့ ရန်ကုန်ကို သုံးလေးကြိမ်သာရောက်သည်။

ထိုအချိန်များတွင် မမသည် နှင်းအား လက်ဝတ်လက်စားမှအစ ဝယ်ပေးရှာ၏။

"နှင်းမှာ မာမီတို့ဆင်ထားတဲ့ ဝတ္ထုတွေရှိပါတယ်



မမရယ်"

နောက်ဆုံးအခေါက် နှင်းရောက်စဉ်က ဆယ်တန်းဖြေပြီးချိန်။

"အို နှင်းက ရှေ့နှစ်ဆို တက္ကသိုလ်တက်ရတော့မယ်၊ မာမီတို့ဆင်တာလဲ ဝတ်ပေါ့၊ မမဝယ်ပေးတာလဲ ယူနော်နှင်း"

"နှင်းက မမပိုက်ဆံကုန်မှာဆိုးလို့ပါ"

"အဟင်း နှင်းရယ်၊ မမဘဝမှာ အခေါ်ဆုံးက ငွေပါပဲ၊ မောင်က မမအတွက် ငွေအများဆုံးရှာပေးတဲ့သူလေ"

"ဒီလိုဆို မမကံကောင်းတာပဲနော်"

နှင်းစကားကြောင့် မမ ရယ်ချသလိုပြုံး၏။ ထိုအချိန်က နှင်းထင်ခဲ့တာ မမသည် ချစ်သူနှင့်လက်တွဲရ၍ ပျော်ခဲ့တယ်ဟု တကယ်တမ်းမှာ မမဒီလိုမဟုတ်ခဲ့ပါလား။

"နှင်း"

"ဟင် မောင်"

မမအကြောင်းတွေးမိတာနှင့် နှင်းမှာမောင့်ကိုပင်မေ့သွားမောင်ခေါ်လိုက်မှ သတိဝင်ကာ...

"နှင်းရယ် ဘယ်လိုဖြစ်တာလဲ၊ ထိုင်လျက်နဲ့မေ့သွား

www.burmeseclassic.com



သလိုပဲ"

"အဟင်း မမအကြောင်းတွေးမိလို့ပါ မောင်၊ မမလာရင် မောင်နဲ့မိတ်ဆက်ပေးမယ်"

မာမီတို့ကို မောင့်အကြောင်းမပြောရဲပေမယ့် မကိုတော့ နှင်း ဘာမဆိုဖွင့်ဟတိုင်ပင်သည်။ မောင့်မျက်နှာဝင်းလက်သွား၏။

"တကယ်လား နှင်း"

"တကယ်ပေါ့ မောင်၊ မမက သဘောကောင်းတယ်"

"မောင် ယုံပါတယ်ဗျာ၊ မောင်တို့ရဲ့ကိစ္စကို မမနဲ့ဆွေးနွေးရမယ်"

"ကြည့်စမ်း မောင်က အကြံနဲ့ပေါ့လေ"

မျက်စောင်းထိုးရင်း နှင်းပြောတော့ မောင်ရယ်၏။

"အဟွန်း အခွင့်အရေးကို အသုံးချရမယ်လေ၊ နှင်း မမဟာ မောင်နဲ့နှင်းအတွက် ဖူးစာရေးနတ်ပဲ"

အားတက်စွာ မောင်ပြောသည်။ မမသာ နှင်းတို့ကိစ္စဘက် မှပါလျှင် ဓာမီတို့ ငြင်းနိုင်ဟုထင်မိ၏။

"နှင်းလည်း ဒီလိုယုံကြည်တာပါပဲ မောင်"



"ဒါဆို နှင်းရဲ့မမ အမြန်လာမှဖြစ်မယ်"

"အို မောင်က နှင်းထက် အရေးကြီးနေပြန်ပြီ"

"အဟွန်း ဒါကတော့ မောင်က နှင်းကို ပိုချစ်ရတဲ့သူကိုးဗျ"

"အမယ်လေး အသားယူနော်"

သို့သော် မောင်၏စကားက နှင်းရင်ကို ပီတိဖြစ်စေတာ အမှန်။ မောင်နှင့်နီးစပ်ဖို့ မမ၏အကူအညီလိုသည်။

"မမလာရင် မောင့်ဆီဖုန်းဆက်မယ်"

"ဟာ မောင်ကိုယ်တိုင်လိုက်ကြိုမယ်လေ နှင်း"

"အို ဘယ်ဖြစ်မလဲ မောင်၊ မာမီတို့က မကိုသွားကြိုမှာ"

"ဟုတ်က်"

မောင်က လက်ဖဝါးနှင့် သွေးဖူးသူရိုက်တော့ နှင်း ထသိမ့်သိမ့်ရယ်လိုက်၏။ တကယ်တော့ မောင်၏အပြုအမူတိုင်း က နှင်းအတွက် ချစ်မြတ်နိုးစရာ။

"ကဲ နှင်းပြန်မှထင်တယ် မောင်"

"ဟာကွာ နှင်းကလဲ ရောက်တာခဏလေးပဲရှိသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နေပါဦး”

နှင်းလက်လေးကို တင်းတင်းဆုပ်ကိုင်၍ မောင်တားသည်။ ချစ်သူတို့သဘာဝ တွေ့ဆုံကြတာ ဘယ်လောက်ပဲကြာပါစေ ခဏလေးပဲဟု ထင်တတ်ကြ၏။

“မာမီက နှင်းကို စောစောပြန်လာဖို့ ပြောတယ်မောင်”

“နှင်းဟာ မကြာခင် ဘွဲ့ယူတော့မယ့် မိန်းကလေး တစ်ယောက်ပါ၊ ဒီလို မိဘရဲ့အုပ်ချုပ်မှုကို ဘယ်လောက်ထိ ခံယူနေမှာလဲဟင်”

“ဘယ်လိုပြောလိုက်တာလဲ မောင်၊ မိဘဆိုတာ အမြဲတမ်း ဦးထိပ်ထားရမယ့်သူတွေမဟုတ်လား၊ နှင်းတို့က လေးစားရမယ်လေ”

ချက်နှာလေးတည်တည်ဖြင့် နှင်းပြောတော့ မောင် သူ့အမှားကိုသိသွားပုံ။

“ဆောရီး နှင်း၊ မောင်ဆိုလိုတာက ကိစ္စတိုင်းမှာ နှင်းရဲ့ ဆုံးဖြတ်ချက်လည်း အရေးကြီးတယ်ဆိုတာကိုပါ”

“နှင်း နားလည်ပါတယ် မောင်၊ ဒါပေမယ့် မာမီတို့က နှင်းတို့ကို ဒီနေ့အချိန်ထိ မိဘရယ်လို့ တင်းကြပ်ခဲ့တာ တစ်ခုမှ



ရှိပါဘူး၊ ဒါကြောင့် နှင်းရဲ့ရွေးချယ်မှုဟာလည်း မာမီတို့ စိတ်ချမ်းသာမှုကိုပါ ဖြစ်စေချင်တယ်၊ ကဲ နှင်းသွားတော့မယ်”

မိဘတွေတို့ ဆန့်ကျင်ကာ အိမ်ပေါ်မှဆင်းလာသည့် မောင်တစ်ယောက် နှင်း၏စကားများအောက်မှာ ငိုင်၍ကျန်ခဲ့လေ၏။

နှင်းစိတ်မကောင်းပေမယ့် မောင့်ကို နောင်တရစေချင် [illegible]ညီ။

☼ ☼ ☼

www.burmeseclassic.com

"မမ"

"နှိုင်း"

လေယာဉ်ပေါ်မှဆင်းလာသော မမက ကိုယ့်ဝန်ကြီးနှင့်ပေမယ့် နှိုင်းမျက်စိထဲမှာ ပို၍လှပနေသယောင်။

"ဒက်ဒီ မာမီ"

"သမီးကြီး"

"လှိုင်း"

လေဆိပ်ထဲရောက်တာနှင့် မမက ဒက်ဒီမာမီတို့ကို ဝမ်းသာအားရ နှုတ်ဆက်၏။

"သမီးကြီး နေကောင်းတယ်နော်"

"ကောင်းပါတယ် မာမီ၊ ဒက်ဒီနဲ့မာမီရော"

"အဟင်း ကောင်းပါတယ်ကွယ့်၊ သမီးကြီးသိတဲ့အတိုင်း



...တို့ဒက်ဒီက မနက်တိုင်း ကျူးဘကီလမ်းထလျှောက်တာလေ"

"ဒက်ဒီ မာမီတို့ခုလို ကျန်းကျန်းမာမာတွေ့ရတာ လှိုင်း ...ဝမ်းသာတာပဲ"

တကယ်တော့ ဆယ်နှစ်တာအတွင်း ပထမဆုံးပြန်လာ...သည့်မမကို နှိုင်းတို့က ပို၍ဝမ်းသာစွာ ကြိုဆိုနေကြခြင်းပါ။

"မမ ဦးဗညားတော်ကော"

နှိုင်း၏ မမအနားသို့ တိုးတိုးကပ်မေး၏။ မမပြုံးကာ-

"သူ့ အလုပ်ကိစ္စနဲ့ နိုင်ငံခြားခရီးထွက်သွားတယ်"

"ဟင် မမကိုသူ လိုက်မပို့ဘူးလား"

"အဖော်ကောင်မလေးတွေ ပါတယ်လေ နှိုင်း"

သည်တော့ နှိုင်းတိတ်ဆိတ်နေလိုက်၏။ မှန်တာပြော...ရင် ဒီလိုအချိန် မမနားမှာ ဦးဗညားတော်ကို ရှိစေချင်သည်။

"ကဲ ကဲ မိသားစုတွေ အိမ်ရောက်မှ စကားပြော၊ သမီး...း ပင်ပန်းနေပြီ"

"ရပါတယ် ဒက်ဒီ"

ဒက်ဒီမောင်းသော ကားပေါ်မှာ နှိုင်းတို့လိုက်ပါခဲ့ကြသည်။ ...ရောက်တာနှင့် မမကို ကားပေါ်မှဖြည်းညှင်းစွာ ဆင်းစေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ မမအကြိုက်ဟင်းတွေ မာမီကိုယ်တိုင် ချက်ထား
တယ် သိလား"

နှိုင်းသတင်းပေးတော့ မမမျက်နှာပြုံးသွားသည်။ မာမီ
ကျေးဇူးတင်စွာကြည့်၏။

"မာမီလက်ရာနဲ့ လှိုင်းထမင်းစားကောင်းဦးမှာပဲ"

"ဟိုမှာတော့ သမီးစားသောက်ရတာ အဆင်ပြေရဲ့လား
ကွယ့်"

"အဟင်း မောင်က အလုပ်များတော့ ထမင်းစားပွဲ
လှိုင်းတစ်ယောက်တည်းလေ။ ဒီတော့ သိပ်လည်းမစားဖြစ်ဘူး
မာမီ"

အလုပ်ကြိုးစားလွန်းသော ဦးဗညားတော်အကြောင်း နှိုင်း
တို့ငယ်စဉ်ကထဲက သိထားပြီ။ ဒက်ဒီမာမီတို့အတွက်လည်း မ
ဆန်းသလိုပါပဲ။

"မောင်ဗညားတော်ကတော့ အလုပ်ကြိုးစားတဲ့နေရာမှ
ရှားပါးတဲ့ လူတစ်ယောက်ပဲ"

မာမီချီးကျူးတာကို နှိုင်းဘဝင်မကျပါ။ မမ့ဘက်မှ အား
သလိုခံစားရ၏။



"နှိုင်းသဘောအရဆိုရင် ဦးဗညားတော်ဟာ ဒီအချိန်
မမနားမှာ ရှိနေသင့်တာမဟုတ်လား မာမီ"

မမမျက်နှာ ကွက်ခနဲပျက်သွားပြီးမှ…

"အို မောင်က လှိုင်းနောက်လိုက်လာမှာပါ၊ ခုဟာက
အလုပ်ကိစ္စ သိပ်အရေးကြီးလို့ သွားတာပါ"

"ဟုတ်သားပဲ နှိုင်း၊ ခုဆို လှိုင်းနားမှာ တမီတို့အားလုံး
ရှိနေတာပဲ၊ ကဲ ကဲ သမီးကြီး ခဏအနားယူပြီး ထမင်းစားစို့
နှိုင်း ဟင်းချိုသွားနွေးချေ"

"ဟုတ်ကဲ့ မာမီ"

မာမီက နှိုင်းကို တမင်နှင်ထုတ်လိုက်ခြင်းဖြစ်၏။ ပြောချင်
ရာ လျှောက်ပြောတာမို့ လှိုင်း စိတ်မကောင်းဖြစ်မှာစိုးရိမ်သည်။

"နှိုင်းပြောတဲ့စကားတွေ စိတ်ထဲမထားနဲ့နော် လှိုင်း"

"အဟင်း မထားပါဘူးမာမီ၊ ခုလိုဆိုတော့ နှိုင်းက
တကယ့်အပျိုကြီး တစ်ယောက်ဖြစ်နေပြီနော်"

လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာတွေကထက် ပိုလှလာသော
နှိုင်းအတွက် လှိုင်း ဂုဏ်ယူစွာကြည့်ရင်း ပြော၏။

"သမီး ညီမလည်း ဒီနှစ်ဘွဲ့ယူတော့မှာ၊ အရွယ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီဆိုတော့၊ သူ့အတွက် အိမ်ထောင်ပြုပေးဖို့ စဉ်းစားရမယ်”

“နှင်းမှာ ချစ်သူရှိနေပြီလား မာမီ”

“ဟင်အင်း ခုချိန်ထိတော့ ချစ်သူရှိတယ်လို့ မာမီကို နှင်းမပြောသေးဘူး၊ အခု သမီးရောက်လာပြီပဲ၊ မေးမြန်းကြည့်ပေါ့ကွယ်”

“ဟုတ်ကဲ့ပါ မာမီ”

မကြာခင် သူမတို့မိသားစုအားလုံး ထမင်းဝိုင်းရောက်လာ၏။ မာမီလက်ရာဟင်းများက စားပွဲပေါ်မှာ မြိုင်ဆိုင်နေသည်။

“အို ဟင်းတွေမြင်တာနဲ့ လှိုင်းပိုဗိုက်ဆာလာပြီ”

“ဒါဆို အားရပါးရသာစားသမီး၊ သမီးအကြိုက်တွေချည်းပဲ”

မာမီက ပြောရင်း လှိုင်းပန်းကန်ထဲ ဟင်းတွေချည်းထည့်ပေး၏။ ဒက်ဒီနှင့် နှင်းက ပြုံးကြည့်နေသည်။

“တွေ့လား ဒက်ဒီ၊ မာမီက မမကိုပိုချစ်တာ”

“ချစ်ပါစေ သမီးရယ်၊ သမီးကြီးက တွေ့ခဲ့တယ်မဟုတ်လား”



ဒက်ဒီစကားကြောင့် လှိုင်း စိတ်မကောင်းဖြစ်သွားသည်။ တကယ်တော့ မောင့်ကြောင့် လှိုင်းမှာ မိဘတွေဆီမပြန်နိုင်ခဲ့ပေ။

“မောင် အလုပ်ကပြန်လာရင် လှိုင်းမျက်နှာလေးကို တွေ့မှ အမောပြေတာ”

ထိုစကားတစ်ခွန်းနှင့်ပင် လှိုင်းဘယ်မှမသွားနိုင်ခဲ့။ အထူးသဖြင့် ခရီးသွားများတဲ့မောင့်ကြောင့် လှိုင်းအိမ်စောင့်ဖြစ်နေရ၏။

လှိုင်းမသွားနိုင်တော့ မာမီတို့သာလာခဲ့ရသည်။ အမှန်တော့ ရွှေဆိုင်ဖွင့်ထားသော မာမီတို့လည်း မအားလပ်ခဲ့ပါ။

“လှိုင်း ဒီမှာ မီးဖွားပြီးတဲ့အထိနေမှာပါ မာမီ”

“ဟင် တကယ်လားသမီး၊ မောင်ဗညားတော်ကို ပြောခဲ့ပြီလား”

“ပြောခဲ့ပါတယ် မာမီ”

သည်တော့မှ မာမီတို့မျက်နှာကြည်လင်သွား၏။ နှင်းအဝမ်းသာအားရဖြင့်...

“ဟာ ဒါဆို မမအကြာကြီးနေမှာ ပျော်စရာပဲ၊ နှင်းတို့ လျှောက်လည်ကြမယ်နော် မမ”

“အေးပါကွယ်”

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က မိသားစုစုံလင်စွာဖြင့် ထမင်းဝိုင်းမှာ စုံပြေနေသည်။ တကယ်ပဲ မမတစ်ယောက် ထမင်းစားကောင်းလေ၏။ ဒက်ဒီနှင့်မာမီတို့က ဝမ်းသာနေသည်။

"သမီးဒီမှာရှိတုန်း အေးအေးဆေးဆေး အနားယူပါကွယ်၊ စားချင်တာရှိရင် မာမီကိုပြောနော်"

"သမီးအတွက် ဒုက္ခမခံပါနဲ့ မာမီရယ်"

မမစကားကြောင့် မာမီတို့ မျက်နှာပျက်သွားလေ၏။

"ဘယ်လိုပြောလိုက်တာလဲ သမီး၊ မာမီတို့အဖို့ သမီးတွေကို ပြုစုရတာ ဒုက္ခမဟုတ်ပါဘူးကွယ်၊ သုခပါ"

"ဟုတ်တယ် သမီး၊ သမီးတို့ ကျန်းမာပျော်ရွှင်နေရင် ဒက်ဒီမာမီတို့ ကျေနပ်တာပဲကွယ့်"

ဒက်ဒီကပါဝင်ပြောတော့ မမမျက်ရည်ဝဲလေ၏။

"လှိုင်းက မာမီတို့စေတနာကို နားမလည်လို့မဟုတ်ပါဘူး၊ မာမီပင်ပန်းမှာစိုးလို့ပါ"

"ရပါတယ်ကွယ်"

"မမကလဲ မာမီက မမလာရင် တစ်နေ့တစ်မျိုးချက်ကျွေးဖို့ ဟင်းတွေတောင် စာရင်းလုပ်ထားရတာ၊ အစောကြီးကတည်းကပဲ"



နှိုင်းပြောတော့ မမပြုံးလေ၏။

"နှိုင်းကကော မမအတွက် ဘာတွေစီစဉ်ထားလဲ"

"အဟင်း စီစဉ်ထားတာပေါ့၊ မမလာရင် နှိုင်းကိုယ်တိုင် ထိုးတာထိုးပေးဖို့ ဆွယ်တာထိုးနည်းသင်ထားတယ်လေ"

"အို တယ်ဟုတ်ပါလား၊ နှိုင်းလက်ရာဆိုလျှင် လှမှာပါပဲ ကွယ်"

ညီအစ်မနှစ်ယောက်၏ ပျော်ရွှင်မှုကို မာမီတို့ ကျေနပ်စွာ ကြည့်သည်။

"အပြင်ထွက်လို့ ဒီကောင်မလေး ပေါက်ကရတွေ ချက်ကျွေးရင် လှိုင်း မစားနဲ့နော်"

မာမီသတိပေးသည်။ နှိုင်းမျက်နှာလေးပျက်ကာ…

"ဟင် မာမီကလဲ၊ မမကို နှိုင်းကစားကောင်းတာတွေ ကျွေးမှာပါနော်"

"အဟင်း ဟုတ်ပါတယ် မာမီရဲ့၊ နှိုင်းလည်း အားလုံး နားလည်နေတဲ့အရွယ်ပဲ၊ လှိုင်းတော့ နှိုင်းကိုယုံတယ်"

"ဟေး ဒါမှ နှိုင်းရဲ့မမကွ"

www.burmeseclassic.com

www.burmeseclassic.com



"အို ဒီကလေး"

မမပါးပြင်ကို နှိုင်း ဖျတ်ခနဲနမ်းလိုက်၏။ မမကကြည်နူး ပြုံးဖြင့်ပြောသည်။

"သူ့ ဒီလိုအမြဲတမ်းပဲ သမီးကြီးရ"

"နှိုင်းက ကလေးပဲကိုး"

"အဟင်း ဟင်း ဟုတ်ပါသတဲ့ရှင်၊ အိမ်မှာ နှိုင်းက အငယ်ဆုံး ကလေးလေးပါ"

ထိုနောက် အားလုံးပျော်ရွှင်စွာ ဝိုင်းရယ်လိုက်ကြလေ၏။ သေချာတာကတော့ ဒီရယ်သံများ၊ မကြာခင်ပျောက်ဆုံးသွားမည်မှ မသိခဲ့ခြင်းပါ။

○ ○ ○

"နှိုင်း"

"မမ"

ညဘက်အိပ်ရာဝင်တော့ နှိုင်းနှင့် တစ်ခန်းတည်း မမအိပ်သည်။ အရင်ကလို ညီအစ်မနှစ်ယောက် လွတ်လပ်သောဘဝကို ပြန်ရောက်သွားသလိုလိုပါပဲ။

"နှိုင်းလေးက အရင်ကထက် ပိုလှလာလိုက်တာကွယ်၊ ပြောပါဦး ဒီလောက်လှတဲ့ နှိုင်းလေးမှာ ချစ်သူတွေဘာတွရှိနေပြီ လားဟင်"

မမမေးမှ မောင့်ကိုသတိရ၏။ မောင်ကမမနှင့် တွေ့ချင်နေတာပဲ။ နှိုင်း ရှက်ပြုံးလေးဖြင့် ...

"မာမီတို့ကိုတော့ အသိမပေးရသေးပါဘူး မမ၊ နှိုင်းမှာ ချစ်သူရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား၊ ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာအလုပ်လုပ်လဲဟင်"

နှင်းအတွက် စိုးရိမ်စွာ လှိုင်းမေးမိ၏။ နှင်းတစ်ချက်ရယ်လိုက်သည်။

"အဟင်း မမမေးခွန်းတွေ အရမ်းများသွားပြီ၊ သူ့နာမည်က ဓောင်းဒတဲ့၊ မိဘတွေက သူဌေးတွေပဲ သူက တစ်ဦးတည်းသောသား၊ ဆရာဝန်ဘွဲ့ယူထားပေမယ့် အဲဒါမလုပ်ဘူး"

"ဟင် ဒါဆို သူက ဘာလုပ်တာလဲ နှင်း" —

မေးနေသော မမ၏မျက်ဝန်းမှာ နှင်းအတွက် စိုးရိမ်ပူပန်စိတ်ကို တွေ့ရတော့ သက်ပြင်းလေးကြိတ်ချမိသည်။

"စာရေးတယ်"

"ဟောတော်"

ဆရာဝန်တစ်ယောက်က စာရေးတယ်ဆိုတော့ လှိုင်းအံ့သြသွား၏။ ဓောင်းဒက ဆရာဝန်အလုပ်ကို လုံးဝပစ်ပယ်ပြီးတော့လေ…

"ဓောင်းရဲ့မိဘတွေကလည်း အဲဒီကိစ္စနဲ့ သူ့ကို လက်မခံဘူး၊ အခု သူ့အိမ်ကဆင်းလာရတယ် မမ"



"ဟင် ဒီလိုလား"

လှိုင်းကြားရသလောက် နှင်း၏ချစ်သူသည် ကိုယ့်ယုံကြည်ရာကိုလုပ်တတ်သော တစ်ခွတ်ထိုးသမားလေးပဲ။

"သူက မမနဲ့လည်းတွေ့ချင်နေတယ်"

"တွေ့ရတာပေါ့ကွယ်၊ နှင်းက မာမီတို့ကို ဒါကြောင့် ပြောတာလား"

"ဟုတ်တယ် မမ၊ သူ့ကို မမချွေးချွေးကြည့်ပေးပါ၊ သူက နှင်းနဲ့လက်ထပ်ချင်ပြီလို့ပြောတယ်"

"ဪ"

သည်အရေးက လှိုင်းပါဝင်မှဖြစ်မည်ဟု သဘောပေါက်လိုက်၏။ နှင်း၏ချစ်သူကို ဘာအကြောင်းနဲ့ဖြစ်ဖြစ် လှိုင်းတွေ့ရချင်သည်။

"ဒါဆို မနက်ဖြန်တွေ့ဖို့ သူ့ဆီဖုန်းဆက်လိုက်မယ်နော်"

"အေးပါကွယ်"

နှင်းက ချက်ချင်းဖုန်းဆက်ပြော၏။ ဪ နှင်းတစ်ယောက် လက်ထပ်ဖို့ အရွယ်ရောက်နေပါလားဟု လှိုင်းတွေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ပြီး နှိုင်းပြန်ရောက်လာ၏။

"ခေါင်းက မမရောက်လာပြီဆိုလို့ ဝမ်းသာနေတာ"

"ကြည့်ရတာ မမကို တော်တော်အားကိုးပုံပဲ ဟုတ်လား နှိုင်း"

အပြုံးလေးဖြင့် လှိုင်းမေးတော့ နှိုင်း ခေါင်းညိတ်သည်။

"အဟင်း ဟုတ်တယ် မမ၊ မမရောက်လာရင် နှိုင်းတို့ ကိစ္စ အဆင်ပြေမယ်လို့ သူထင်နေတယ်"

"တကယ်ဆို မာမီတို့ကလည်း နားလည်မှုရှိတဲ့သူတွေပဲ နှိုင်း၊ နှိုင်းတို့အကြောင်း ဖွင့်ပြောလည်း လက်ခံမှာပါ"

သည်တော့ နှိုင်းခေါင်းလေးခါယမ်း၏။

"ဟင့်အင်း မဖြစ်ဘူး မမ၊ ခေါင်းဘက်က အဆင်သင့် မဖြစ်ဘဲ မာမီတို့ကို နှိုင်း မပြောချင်ဘူး"

"တကယ်လို့ နှိုင်းတို့ကိစ္စမှာ မာမီတို့ သဘောမတူခဲ့ရင် ရော"

ထိုအမေးကြောင့် ရုတ်တရက် တိတ်ဆိတ်သွား၏။ နှိုင်း စိတ်မကောင်းဖြစ်သွားပုံပင်။

"အလကားပြောတာပါကွယ်၊ ကိုယ်ပိုင် လွတ်လပ်ခွင့်ထေး



တားတာပဲ"

"နှိုင်း လက်ထပ်မယ့်လူက မာမီတို့ စိတ်ချမ်းသာဖို့ လည်း လိုပါတယ်မမ၊ ဒါကြောင့် သူ့ကို မမနဲ့တွေ့ပေးတာပါ"

လူကြီးတွေအတွက် ထည့်စဉ်းစားပေးတော့ နှိုင်းကို လှိုင်း ချီးကျူးမိရသည်။

"ဒီလောက်ဆိုရင် ရပါပြီကွယ်၊ မမနဲ့တွေ့မှတော့ နှိုင်း တို့ကိစ္စ အဆင်ပြေမှာပါ"

"အဟင်း ဒါကြောင့် မမကိုအားကိုးတာ"

လှိုင်းကိုယ်လေးကိုဖက်၍ နှိုင်း ပြုံးရွှင်စွာပြောသည်။ လှိုင်း ပြုံးကာ...

"ခေါင်းကို တော်တော်ချစ်လား နှိုင်း"

"အင် မမကလဲ"

ရှက်သွေးဖျက်နှာလေးဖြင့် နှိုင်းခေါင်းငုံ့သွားသည်။ နှိုင်း လက်လေးကို လှိုင်းဆုပ်ကိုင်ရင်း...

"လောကမှာ ကိုယ်ချစ်တဲ့လူကို လက်ထပ်တာ အကောင်းဆုံးပါကွယ်၊ ဒါမှ ပျော်ရွှင်ရမှာ မဟုတ်လား"

"မမရော ဦးဗညားတော်နဲ့ လက်ထပ်ရတာ ပျော်လား

www.burmeseclassic.com

www.burmeseclassic.com



ဟင်၊ အဟင်း ပျော်မှာပါ၊ ဦးဇညားတော်က မမချစ်တဲ့လူပဲ"

နှင်းကတစ်ယောက်တည်းမေးပြီး တစ်ယောက်တည်း

ဖြေ၏။ လှိုင်း သက်ပြင်းချသည်။

"ချစ်တဲ့လူတစ်ယောက်ဖို့လို့သာ ဒီအချိန်ထိ မမသည်

နိုင်ခဲ့တာပေါ့ကွယ်"

"ဟင် သည်းခံခဲ့တယ်ဟုတ်လား မမ"

လှိုင်း မျက်နှာကိုကြည့်ပြီး နှင်း နားမလည်သလိုမေး

လှိုင်း ဖြေးညှင်းစွာ ခေါင်းညိတ်သည်။

"ဟုတ်တယ် နှင်း၊ တကယ်တော့ မောင်က သိ

အလုပ်များတဲ့ လူတစ်ယောက်လေ၊ မောင့်ရဲ့အိမ်ခြံမြို့တွေကို

အမြဲစောင့်ရှောက်ခဲ့ရတယ်၊ မမအတွက် အချိန်မပေးနိုင်ခဲ့တာလည်း

ချစ်တဲ့စိတ်နဲ့ပဲ နားလည်ပေးရတယ် နှင်း၊ အဟင်း အဲ့ဒီ

ထမင်းပွဲကိုလည်း တစ်ယောက်တည်း အကြိမ်ကြိမ် စားခဲ့ရ

လေ"

ပထမဆုံးအကြိမ် မမထံမှ ခံစားချက်များကို နှင်းကြား

ခြင်းဖြစ်၏။ တကယ်တမ်း နှင်း သိထားတာက မမတစ်ယော

ချစ်သူနှင့် လက်ထပ်ရ၍ ပျော်ရွှင်နေသည်ဟုပင်။



"မမ မပျော်ဘူးလားဟင်"

"ဘယ်လိုပြောရမလဲ၊ ကိုယ့်ချစ်သူနဲ့ အတူနေလို့ စိတ်

ချမ်းသာပါတယ်၊ ပျော်ရွှင်မှုဆိုတာကတော့ အဟင်း၊ ကိုယ့်စိတ်ခံ

စားမှုပေါ် မူတည်တာလေ၊ တကယ်လို့ ဒီနေရာမှာ မမ မချစ်တဲ့

လူဆိုရင် ဘာ့အတွက်နဲ့မှ ဒီလောက်သည်းခံနိုင်မယ် မထင်ဘူး"

"နှင်းကတော့ မမကို ဦးဇညားတော် ဂရုစိုက်လိမ့်မယ်

ထင်ခဲ့တာ"

"အဟင်း ဂရုစိုက်ပါတယ် နှင်းရယ်၊ ဒါပေမယ့် သူက

အလုပ်ပိုအရေးကြီးတယ်လေ"

"ကဲ ကဲ အခု မမ နှင်းတို့ဆီရောက်ပြီပဲ၊ မမကို နှင်းနဲ့

အမိတို့ ဝိုင်းဂရုစိုက်မှာပေါ့"

"ဒီစကားနဲ့တင် အားရှိသွားပါပြီကွယ်၊ နှင်းတို့နဲ့တွေ့ရ

တာ မမ အားရှိသွားပါပြီ"

မိသားစု၏အေးမြသော မေတ္တာကြောင့် တကယ်ပဲ လှိုင်း

စိတ်ထဲ ချမ်းမြသွားရ၏။

ညီမနှစ်ယောက် စကားပြောရင်း ညည့်နက်မှ အိပ်ပျော်

သွားကြသည်။ မောင်နှင့်တူနှင်းက တစ်ရေးနိုးတတ်သော လှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ အေးအေးချမ်းချမ်းဖြင့် နစ်မြုပ်စွာ အိပ်ပျော်လို့။

နှင်းမှာသာ မောင့်အကြောင်းတွေးကာ ကောင်းကောင်း အိပ်မပျော်နိုင်။ မမနှင့်တွေ့လျှင် မောင့်ကို သဘာကျပါစေဟု ကျိတ်ဆုတောင်းရသည်။

"မမ ဗိုက်ထဲမှာ အမြွှာလေးရှိတယ်"

"ဟင် ဟုတ်လား၊ ဘာလေးတွေလဲ မမ"

မအိပ်ခင် မမဗိုက်ကိုကြည့်၍ နှင်းမေးကြည့်ခြင်းပါ။ မမပြုံးကာ...

"အဟင်း သားလေးတွေ နှင်း"

"ဦးဗညားတော် ဝမ်းသာနေမှာပဲနော် မမ"

"ဒါပေါ့ကွယ် အစကထဲက သူက သားသမီး သိပ်လိုချင်တာ၊ ခုလို အမြွှာဆိုတော့ သူ့ထက် ဝမ်းသာတဲ့လူ မရှိဘူး"

"ဒါနဲ့များ မမရယ်၊ တစ်ခါတည်း မလိုက်ခဲ့ဘူး"

"ဪ သူလာမှာပါ"

ဦးဗညားတော်အပေါ် မမ၏ယုံကြည်မှုက ပိုထယ်ဟု နှင်း ထင်သည်။ အမှန်ပြောရလျှင် နှင်းအနေဖြင့် ဦးဗညားတော်ကို မတွေ့ရတာကြာခဲ့ပြီ။



အမြဲတမ်း အလုပ်ကိစ္စတွေနှင့်ရှုပ်တာတ်သော ဦးဗညား ကို ရန်ကုန်ရောက်စဉ်ကလည်း နှင်းတို့ ကောင်းကောင်းမတွေ့ခဲ့ ပါ။

မောင်းလည်း ဦးဗညားတော်လို လူတစ်ယောက်ဆို နှင့်...

ဟင်း သက်မလေးတစ်ချက် နှင်း ချလိုက်မိ၏။

o o o

www.burmeseclassic.com

www.burmeseclassic.com

"ခောင်း ဒါ နှိုင်းမမ လှိုင်းတဲ့ မနေ့ကရောက်တာ

ပြောထားသည့်အတိုင်း ဒီနေ့ မမနှင့်ခောင်းကို

ဖြစ်၏။ ခောင်းက မမကို လှိုက်လှဲစွာပြုံးပြရင်း…

"တွေ့ရတာဝမ်းသာပါတယ် မမ၊ ကျွန်တော် ခေါ

ပါ"

"အေးကွယ် မမကလဲ မောင်လေးနဲ့တွေ့ရတာ ဝမ်း

ပါတယ်"

ထင်မြင်ထားတာထက်ပို၍ ခောင်းက ယဉ်ကျေးပွင့်

သော လူငယ်တစ်ယောက်ဖြစ်နေကြောင်း လှိုင်းသိလိုက်၏။

"ကျွန်တော်က မမနဲ့တွေ့ရတာ ပိုဝမ်းသာပါတယ်၊

က ကျွန်တော်တို့အကြောင်း မမကို ပြောပြထားမယ်ထင်ပါတယ်

"အဟင်း ပြောပြပါတယ်ကွယ်၊ မမက လူငယ်



သဘောထားကို နားလည်ပါတယ်"

ထိုစကားကြောင့် ခောင်း မျက်နှာဝင်းလက်သွားသည်။ နှိုင်းကိုလည်း [illegible]ဖြင့် လှမ်းကြည့်၏။

"ကြည့်စမ်း မမဟာကျွန်တော်ထင်ထားတာထက်ပိုပြီး သဘောထားပြည့်တဲ့သူပဲနော် နှိုင်း"

"အဟင်း ဒါကြောင့် ခောင်းကို နှိုင်းပြောတယ်မဟုတ်လား၊ မမလာရင် အားလုံးအဆင်ပြေမှာပါလို့"

နှိုင်းက မမလက်မောင်းကိုဖက်၍ ဂုဏ်ယူစွာပြော၏။ လှိုင်းမျက်စိထဲမှာတော့ နှိုင်းနှင့်ခောင်းကို လိုက်ဖက်တယ်ဟု မြင်သည်။

"မမကို ကျွန်တော်နေ့လယ်စာ လိုက်ကျွေးပါရစေ"

"ရပါတယ်ကွယ်"

လှိုင်း အားနာဟန်ဖြင့်ပြောတော့ နှိုင်းက…

"မမ အားမနာနဲ့၊ ခောင်းက သူဌေး"

"အဟွန်း ကျွန်တော်ကို အားမနာပါနဲ့ မမ၊ တစ်နေ့ကပဲ ကျွန်တော် စာမူခရထားလို့ပါ"

သဘောကောင်းသော လူငယ်လေးခောင်းကို လှိုင်းက

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်မိ၏။

"နောက်တစ်ခါ မမပြန်ကျွေးမယ်နော်"

"ဟာ မလိုပါဘူး၊ ဒီမှာ မမက ဧည့်သည်ပဲ၊ ကျွန်တော်နဲ့နှိုင်းက အိမ်ရှင်၊ ဒီတော့ ကျွန်တော်တို့က ဧည့်ခံရမှာပေါ့၊ မဟုတ်ဘူးလား နှိုင်း"

ခေါင်းက နှိုင်းကိုအပြုံးဖြင့် လှမ်းမေး၏။ နှိုင်းခေါင်းညိတ်ကာ...

"ဟုတ်တယ် မမရဲ့၊ မမကို နှိုင်းတို့က ပြုစုရမယ်"

"လိမ္မာလိုက်တဲ့မောင်လေးနဲ့ ညီမလေးရယ်"

သည်လိုကလေးတွေနှင့် မနေရတာကြာပြီမို့ လှိုင်းကိုယ်တိုင် ပျော်မိ၏။

ခေါင်းက စာရေးသာကောင်းတာမဟုတ်။ ဂစ်တာတီး သီချင်းဆိုလည်းကောင်း၏။ နှိုင်း ခေါင်းတို့နှင့်အတူ လှိုင်းမှာ တောင်သမန်အင်း စစ်ကိုင်း၊ ပြင်ဦးလွင်၊ မန္တလေးတောင်စသည်ဖြင့် နေရာစုံစွာ လျှောက်လည်ကြ၏။

နေစဉ်လိုလို အပြင်ရောက်နေသော လှိုင်းနှင့်နှိုင်းကို မာမီက-



"ဘယ်တွေများ ဒီလောက်တောင်လျှောက်လည်နေကြတာလဲ နှိုင်း၊ လှိုင်းက မပေါ့မပါးနဲ့ အနားယူရမယ်လေ"

"အဟင်း လှိုင်းကိုယ်တိုင် ရောက်တုန်းရောက်ခိုက် လည်ချင်လို့ပါ မာမီ"

သည်တော့ မာမီဆက်မဆူဘဲ လှိုင်းကိုကြင်နာစွာကြည့်၏။

"မာမီက သမီးပင်ပန်းမှာ စိုးလို့ပါကွယ်"

"ကားနဲ့သွားတာပဲ မာမီ၊ ရပါတယ်"

"အေးလေ မာမီကလဲ၊ နှိုင်းက မမကို ပင်ပန်းတဲ့နေရာတွေ ခေါ်သွားပါ့မလား"

အခွင့်ရတုန်း နှိုင်းကဝင်ပြော၏။ ခေါင်းနှင့်လျှောက်လည်တာမှန်းသိလျှင် မာမီ စိတ်ဆိုးမည်ထင်သည်။

"မမ မပြန်ခင် မင်းတို့ကိစ္စကို ပြောခဲ့ပါမယ်ကွယ်"

"ကျွန်တော်တော့ မမပဲအားကိုးတယ်၊ နှိုင်းက သတ္တိမရှိဘူး"

သည်တော့ ခေါင်းကို နှိုင်းမျက်စောင်းထိုး၏။

"ခေါင်းနော် နှိုင်းသတ္တိမရှိလို့မဟုတ်ဘူး၊ ခေါင်းကြောင့်"

"ဟောဗျာ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို တကယ်ဆို၊ နိုင်းချစ်သူကဆရာဝန် စာရေးဆရာ တစ်ယောက်လို့ ပြောရမှာ၊ ခုတော့ ခေါင်းက ဆရာဝန်ဘဝကို လုံးဝ စွန့်လွှတ်ထားတာ မဟုတ်လား"

မမရှေ့ရောက်မှ နိုင်းရင်ထဲက စကားတွေထုတ်ပြောမိ၏။

"မောင်လေးကို မမက တစ်ခုပြောချင်နေတာ၊ ဝါသနာ ဆိုတာကို မမလည်းနားလည်ပါတယ်၊ ဒါပေမယ့် မောင်လေးယူ ထားတဲ့ ဆရာဝန်ဘွဲ့ဟာလည်း အလကားဂုဏ်တပ်ဖို့မှမဟုတ်တာ။ ကိုယ်တတ်ကျွမ်းတဲ့ ဆေးပညာနဲ့ တတ်နိုင်သမျှ အကျိုးပြုဖို့မဟုတ် လား"

ညင်သာစွာ လှိုင်းပြောတော့ ခေါင်းငိုင်သွား၏။ ဆရာ ဝန်တစ်ယောက်၏တန်ဖိုးကို မမပြောမှ ပိုသိလာသလိုပါပဲ။

"ကျွန်တော်လည်း နိုင်းနဲ့လက်ထပ်ပြီးရင် ပြောင်းလဲဖို့ စဉ်းစားထားပါတယ် မမ"

"ဟင် တကယ်လားခေါင်း"

နိုင်းက ဝမ်းသာအားရဝင်မေး၏။ ခေါင်းပြုံး၍ ခေါင်း ညိတ်သည်။

"နိုင်းဆန္ဒကို တို့လိုက်လျောမှာပါ"



"အို မောင်ရယ်၊ ဒီစကားနဲ့တင် နိုင်းပျော်ပါပြီ"

ကြည်ရွှင်နေသော ညီမငယ်နိုင်းကိုကြည့်၍ လှိုင်းရင်ထဲ ကြည်နူးပီတိဖြစ်ရ၏။

စိတ်ထဲကလည်း ဖျတ်ခနဲ မောင့်ကို သတိရမိ၏။ ဗညား ဆိုတဲ့မောင်တစ်ယောက် လှိုင်း၏စိတ်ကို မြင်နိုင်ရင် ဘယ် ကောင်းမလဲ။

"မင်းတို့ ဒီလိုအဆင်ပြေသွားတဲ့အတွက် မမ ဝမ်းသာ ကွယ်၊ မမ မပြန်ခင် မင်းတို့ရဲ့ စေ့စပ်ပွဲကို လုပ်ပေးသွားမယ်"

"ဟာ တကယ် တကယ်လား၊ မမ"

ခေါင်းက ဝမ်းသာစွာမေးလိုက်၏။ နိုင်းမှာ မမ၏များလည် ကြောင့် ကျေးဇူးတင်ရသည်။

"တကယ်ပေါ့ ခေါင်း၊ မင်းတို့လည်း လက်ထပ်ဖို့ အရွယ် ပြီပဲ"

"ကျွန်တော်နဲ့နိုင်းတော့ မမကျေးဇူးကို ဘယ်တော့မှ မဟုတ်ဘူး"

"အဟင်း ရပါတယ်ကွယ်၊ ဒီကပြန်ရင် မာမီတို့ကို ပြောင်း ပြောပြလိုက်တော့မယ်"

www.burmeseclassic.com



တကယ်တမ်း မာမီတို့ကိုပြောမည်ဆိုတော့ နှင်းရင်ချ
သွားရ၏။ အစကထဲက နိုးစပ်ဖို့စဉ်းစားနေသော ခေါင်းကတော့
ပျော်မဆုံးပေ။

"မကို ဒါတွေအားကိုးရတာ၊ နှင်း မပျော်ဘူးလား
ဟင်"

"အဟင်း ပျော်ပါတယ်ခေါင်း၊ ဒါပဲနော် နှင်းကို စိတ်
ချမ်းသာအောင် ထားရမယ်"

"စိတ်ချပါဗျာ"

ထိုညနေ အိမ်ပြန်လာတော့...

"မမ မာမီတို့ကို နှင်းတို့အကြောင်း တကယ်ပြောလိုက်
တော့မှာလားဟင်"

"ဒါပေါ့ နှင်း၊ ဘာဖြစ်လို့လဲ"

နှင်းမျက်နှာကို အကဲခတ်ရင်း လှိုင်းမေးလိုက်၏။

"နှင်းစဉ်းစားတာကတော့ အခု၊ မာမီတို့မှာ မမအတွက်
စိတ်ပူနေတော့၊ နှင်းကြောင့် နောက်ထပ် စိတ်အနှောင့်အယှက်
မဖြစ်စေချင်သေးဘူး၊ ဒါကြောင့် မမရွေးပွဲပြီး အေးအေးဆေးဆေး
နေမှ ပြောပါလားဟင်"



လူကြီးတွေဘက်မှ နှင်း ဒီလိုတွေးပေးတာကိုပဲ လှိုင်း
အံ့သြရ၏။

"နှင်းရယ် ညီမ ဒီလောက်သိတတ်ရင်၊ ဘဝကို ရင်ဆိုင်
ဖို့ မမစိတ်အေးရပါပြီ"

"အဟင်း မမ အချီးကျူးလွန်တာပါနော်"

"အို မလွန်ပါဘူးကွယ်၊ မှန်တာပြောရရင် မမက နှင်း
ကို အမြဲတမ်း ကလေးတစ်ယောက်လိုပဲ ထင်ခဲ့တာ၊ ခုလိုလေးနက်
တဲ့ အတွေးမျိုးရှိတော့ ဝမ်းသာစရာမဟုတ်လား"

"မမ ညီမဝဲ၊ ဘယ်ခေမလဲနော်၊ အဟင်း ဟင်း"

ဖြူနုသောမမ၏ လက်ခေါင်းကို ဖက်တွယ်လျက် နှင်း
ရယ်လိုက်၏။ လှိုင်းက ပြုံးရုံသာပါပဲ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

“ဦးဗညားတော် ဦးဗညားတော် နှိုင်းဒီမှာ”

ခရီးသည်များကြားမှ အရပ်မြင့်မြင့်နှင့် ဦးဗညားတော်သည် အရင်ကထက် အနည်းငယ် ကိုယ်ခန္ဓာပြည့်လာတာကလွဲ၍ ခန့်ငြားချောမောဆဲပါ။

“ဟော့ နှိုင်း”

“ဦးဗညားတော်”

သည်နေ့ လေဆိပ်သို့ နှိုင်းတစ်ယောက်တည်း လာကြိုခြင်းဖြစ်၏။ မနေ့ကပဲ မမတစ်ယောက် ဗိုက်နာ၍ ဆေးရုံတင်လိုက်ရသည်။ ဦးဗညားတော်ကို ချက်ချင်းဖုန်းဆက် အကြောင်းကြားခဲ့သည်။

“ဘယ်လိုလဲ နှိုင်း၊ လှိုင်း အခြေအနေကောင်းရဲ့လား”

“ဒီမနက်အထိတော့ မမွေးသေးဘူး ဦးဗညားတော်၊



ဘ်ဒီနဲ့မာမီ မမအနားမှာစောင့်နေတယ်”

“အဟွန်း ဒါဆို လှိုင်း၊ ကိုယ့်ကိုစောင့်နေတာပဲဖြစ်မယ်”

ပေါ့ပါးစွာပဲ ဦးဗညားတော်ရယ်၏။ မမ၏အချစ်ကို ညားတော် သေချာစွာ ယုံကြည်ထားပုံပင်။

“မမအတွက် ဘာပါလဲ ဦးဗညားတော်”

“အဟွန်း ဟောဒီမှာလေ”

“အို ဒီယန်းစည်းပဲလား”

ဦးဗညားတော်၏လက်ထဲမှ ယန်းစည်းကိုကြည့်ပြီး နှိုင်း ခေါင်းရှုံ့သည်။

“အဟွန်း မင်းဘာသိလဲ ချာတိတ်၊ လှိုင်းကို ဒီလိုယန်းစည်းနဲ့ ကိုယ်ချော့ခဲ့ပေါင်းများပြီ၊ ဒီယန်းစည်းမြင်ရင် လှိုင်းပြုံးသွားမယ်ကွ”

“ဟင် မမအကြောင်းကို ဦးဗညားတော် နေကြေအောင်သိတာပဲ”

“ဟား ဟား ဟား၊ ဒါပေါ့ကွာ ကဲ သွားစို့”

ကားကို နှိုင်းကိုယ်တိုင် မောင်းခဲ့၏။ ဦးဗညားတော်က သောအမှာ။ ထိုစဉ် ခွေးနက်တစ်ကောင်က နှိုင်း၏ကားရှေ့မှ

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဖြစ်တာရို့...

"အမေ့"

"ဟာ"

"ကျွဲ"

အချိန်မီ ဘရိတ်အုပ်လိုက်နိုင်ခဲ့၏။ နှင်းသက်ပြင်းချလိုက်နိုင်သည်။

"တော်သေးတာပေါ့ နှင်းရယ်၊ အချိန်မီပဲ"

ဦးဗညားတော်က စိုးရိမ်သံဖြင့်ပြောသည်။ နှင်းစိတ်ထဲထင့်ခနဲဖြစ်သွား၏။

ဒါ အတိတ်နမိတ် တစ်ခုခုလား။

"ဦးဗညားတော်"

"ဟင်"

"ဟို မမ မမရှား တစ်ခုခု"

"ဟော့ ဘာတွေလျှောက်တွေးနေတာလဲ၊ မင်း ကားမောင်းဖို့မဖြစ်ရင် ကိုယ်မောင်းမယ်"

"ဆို နေပါစေ၊ နှင်းပဲမောင်းပါ့မယ်"

သည်လမ်းတွေကို ဦးဗညားတော်မောင်းဖူးတာမှ မဟုတ်



သဲ။ ထို့ကြောင့် နှင်းပဲမောင်းခဲ့၏။

ထိုစဉ်...

"ကလင် ကလင်"

နှင်းလက်ကိုင်ဖုန်းသံမြည်လာသည်။

"ဦးဗညားတော် ကိုင်လိုက်ပါ"

"အိုကေ"

ကားမောင်းနေတာမို့ နှင်း ဖုန်းမကိုင်ဘဲ ဦးဗညားတော်ကို လှမ်းပေးလိုက်၏။

"ဟဲလို"

"မောင်ဗညားတော် မင်းရောက်ပြီလား"

"ဟာ ဒက်ဒီ ဟုတ်ကဲ့၊ ကျွန်တော်တို့ခုပဲ လှိုင်းဆီလာနေပြီ"

"အေး အေး ဒါ ဒါဆို ဒက်ဒီတို့စောင့်နေမယ်"

ဒက်ဒီဖုန်းချသွားသည်။ နှင်းကလှည့်၍...

"ဘာတဲ့လဲ ဦးဗညားတော်"

"ဩော် ကိုယ်ရောက်ပြီလား၊ မေးတာပါ နှင်း"

"မမ သတင်းရော"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ရောက်မှပြောမယ်ထင်တယ်၊ လှိုင်းက ကိုယ့်ကို စိတ်ကောက်နေပုံပဲ၊ ဖုန်းတောင်မပြောဘူး အဟွန်း"

ဦးဗညားတော်စိတ်ထဲ မမကိုရောက်မှ ချော့လိုက်မည် အားခဲပုံ။ နှိုင်းအမြန်ဆုံး မမကို တွေ့ချင်နေမိသည်။

ဆေးရုံသို့ရောက်တာနှင့် မမ၏အခန်းသို့ နှိုင်း ပြေးတက် ခဲ့၏။

"ချာတိတ် ကိုယ့်ကိုစောင့်ဦး"

နောက်မှ ဦးဗညားတော်က အရွှေးအလျှားလိုက်သည်။

"ဒက်ဒီ မာမီ"

"နှိုင်း"

မျက်နှာမကောင်းသော မိဘတွေကို နှိုင်းတွေ့လိုက်ရ ဦးဗညားတော်ပါ ရောက်ပါသည်။

"လှိုင်း လှိုင်းကော၊ ဒက်ဒီနဲ့မာမီ"

"မောင်ဗညားတော်"

"ဗျာ ဒက်ဒီ"

ဒက်ဒီက ဦးဗညားတော်ကို ကြေကွဲဟန်ဖြင့်ကြည့် နှိုင်းမျက်နှာပျက်သွားလျှက်…



"မမ မမမွေးပြီလားဟင်"

"သမီးသွားပြီး ခွဲစိတ်ဖို့ သဘောတူလိုက်ရတယ်ကွယ်၊ စောစောကပဲ၊ စောစောကလေးတင်ပဲ အမြွှာသားနှစ်ယောက်ကို မွေးခဲ့ပါပြီကွယ်"

"ဗျာ သား သားတွေ"

သားဆိုသောအသံကြောင့် ဦးဗညားတော်မျက်နှာ ဝင်း လက်သွားပြီးမှ…

"ဒါ ဒါနဲ့ လှိုင်းကော"

"အဟင့် ဟင့် သမီးကြီး သမီးကြီး"

"မာမီ မမ ,မမ"

"သူ့သားတွေအတွက်၊ သမီးကြီး အသက်ပေးသွားရပြီ ကွယ်"

"ဗျာ လှိုင်း"

"မမ"

ဦးဗညားတော်နှင့် နှိုင်းတို့ မမရှိရာသို့ လှယက်ပြေးဝင်ခဲ့၏။ အဝတ်ဖြူခြုံထားသော မမ၏အလောင်းက နှိုင်းရင်ကို ဆို့နင့် စေသွားသည်။

www.burmeseclassic.com



"မမ မမ နှင်းတို့အလာကို မစောင့်တော့ဘူးလားဟင်၊ အဟင့် ဟင့်၊ မမရယ်"

ဝမ်းနည်းကြေကွဲမှုကို နှင်း ဘယ်လိုမှ မထိန်းချုပ်နိုင်တော့ဘဲ မမရင်ဘတ်ပေါ် မျက်နှာမှောက်ချရင်း ငိုမိ၏။

"လှိုင်း လှိုင်း၊ မောင့်ကို တစ်ခုခုတောင် မပြောခဲ့တော့ဘူးလားကွာ"

နှင်းနောက်မှာ ဦးဗညားတော်၏ ကြေကွဲထိခိုက်သံ ဒီတော့မှ နှင်းလှည့်ကြည့်မိသည်။

ပထမဆုံးအကြိမ် ယောက်ျားတစ်ယောက်၏မျက်ရည်ကို မြင်လိုက်ရတော့ နှင်း စိတ်ထိခိုက်သွားရသည်။

ရှင်အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီ ဦးဗညားတော်။

ထိုစဉ်…

"အဲ့ အဲ့"

"ဟင် ကလေး"

ဒက်ဒီနှင့်မာမီက ကလေးတစ်ယောက်စီကို ပွေ့ချီထားသည်။ ဦးဗညားတော်က ကလေးငယ်တွေကို တစ်လှည့်စီငုံ့ကြည့်ကာ…



"သား သားတို့"

"မမ မမရယ်၊ သားတွေကို ဘယ်သူနဲ့တိုက်မှာလဲ၊ ာင့် ဟင့်"

ဝမ်းနည်းမှု၊ ကြေကွဲနာကျင်မှုတို့က နှင်းတို့မိသားစုအတွက် ်မပြနိုင်လောက်အောင်ပင်။ မမရယ် ဒီလောက်အချိန်တိုအတွင်း နှင်းတို့မိသားစုထဲက စောစော ဘာကြောင့်ခွဲထွက်သွားရတာ ရှင်။

"သမီးကြီးအတွက် ဒက်ဒီနဲ့မာမီ သိပ်ကိုစိတ်ထိခိုက်ရပါ ယ်ကွယ်၊ ဒါပေမယ့် သေသူထက် ဟော့ဒီရှင်နေတဲ့ ကလေးတွေ ွက် ဒက်ဒီတို့ ပိုစဉ်းစားကြရမယ်"

"ဟုတ်တယ်ကွယ် မာမီ့မြေးလေးတွေလောက် သနား ာကောင်းတာမရှိဘူး"

တစ်ဖက်ကဆုံးပါးသွားတဲ့သမီး၊ တစ်ဖက်က မိခင်မဲ့မြေး းတွေ။ သူတို့အားလုံးအတွက် ရင်နာလို့မဆုံးပါ။

ဦးဗညားတော်…

ယခုချိန်ထိ စကားတစ်လုံးမျှမပြော။ အံတင်းတင်းကြိတ် ျက် ဆိတ်ငြိမ်နေသော ဦးဗညားတော်ကို နှင်း စိုးရိမ်သွားခေါ်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"လှိုင်းရက်စက်တယ်၊ ကိုယ်နဲ့ ကိုယ့်သားတွေကို

အပြစ်ရှိလို့ ဒီလောက် စောစောခွဲသွားရတာလဲကွာ"

"အဟင့် ဟင့်၊ ဦးဗညားတော်ရယ်၊ မမ မမကို

သနားလိုက်တာ"

စိုရွှဲသောမျက်ရည်များဖြင့် မမ၏လှပသောရုပ်ကို နှိုင်း

စိုက်ကြည့်လိုက်သည်။ သေသွားတာတောင် အလှမပျက်တဲ့

လား။

"မမအတွက် ယူလာတဲ့ပန်းကိုပေးလိုက်ပါ၊ ဦးဗ

တော်"

နှိုင်းသတိပေးတော့ ဦးဗညားတော်ကယူလာသော နှင်း

ပန်းစည်းကို မမရင်ဘတ်ပေါ် ညင်သာစွာတင်ပေးလိုက်၏။

"နောင်ဘဝမှာလည်း မင်းရဲ့ဘဝ ဒီပန်းလေးတွေလို

ပါစေလို့င်းရယ်"

နောက်ဆုံးအနေဖြင့် ဗညားတော်က ချစ်ဇနီးလှိုင်းအ

တိုးတိတ်စွာ ဆုတောင်းပေးလိုက်၏။

o o o

မမ၏ရုပ်ပနေသို့ ခေါင်းလိုက်ပို့ခဲ့သည်။ ဧည့်ပရိသတ်များ

ကြားမှ မျက်နှာမကောင်းသော ခေါင်းကို နှိုင်း ဂရုမစိုက်နိုင်ခဲ့ပေ။

သေချာတာကတော့ မမအတွက် ခေါင်းလည်းဝမ်းနည်း

နေမှာပါပဲ။

"နှိုင်း"

"ခေါင်း"

တစ်ယောက်မျက်နှာတစ်ယောက် ဝမ်းနည်းစွာကြည့်မိကြ

၏။

"မမ မမအတွက် ကိုယ်သိပ်ကို စိတ်ထိခိုက်ဝမ်းနည်းရ

ပါတယ်ကွယ်"

"ခေါင်းရယ် အဟင့် ဟင့်"

ဖြစ်နိုင်လျှင် ခေါင်းရင်ခွင်အတွင်းသို့ ဝင်ရောက်ကာ နှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ငိုလိုက်ချင်ပါသည်။ ဒါပေမယ့် တခြားသူတွေနှင့်လေ။ မမအတွက် စိတ်ထိခိုက်နေကြသည့် ဒက်ဒီမာမီနှင့် ဦးဗညားတော်…

အားလုံး၏မျက်နှာမှာ မှိုင်းမှုံ့လျက် ဆွေးမြည့်နေသည်။

ထိုစဉ်…

"အုဝဲ အုဝဲ"

"အို သားတို့"

အမြွှာနှစ်ယောက်၏ ငိုသံက မမအတွက် ထိခိုက်ဝမ်းနည်းနေသော သူများရဲ့နားထဲ သံရည်ပူလို စီးလောင်လာ၏။

နှိုင်း ဘယ်လိုမှမနေနိုင်စွာ အားလုံးကို ကျော်ခိုင်းလျက် အမွှာနှစ်ယောက်ထံ ပြေးခဲ့သည်။

"ကလေး ကလေးတို့ရယ်"

နာနီ၏လက်ထဲမှာ အမြွှာနှစ်ယောက်ကို နှိုင်း ညင်သာစွာ ပွေ့ချီယူလိုက်သည်။ ထိုနောက် ,မိခင်နို့မရှိတာမို့ နို့ဗူးများထိုး တစ်ယောက်ဆီသို့ တိုက်မိ၏။

"မြေးလေး မြေးလေးတို့ရယ်"

နှိုင်းနောက်ပါးမှရောက်လာသော ဒက်ဒီနှင့်မာမီး ထိုနောက် ကလေးများကို ကြေကွဲထိခိုက်သည့် မျက်ဝန်းဖြင့် တိတ်



ဆိတ်စွာ ကြည့်နေသော ဦးဗညားတော်…

"သားတို့ရယ် မင်းတို့အတွက် ဒက်ဒီ ဘာလုပ်ပေးရမလဲ"

အဖမဲ့ကလေးနှစ်ယောက်၏ အနာဂတ်သည် ရေရာမှုရှိသလိုပါပဲ။ အမြွှာနှစ်ယောက်ကငိုလေ ဗညားတော်ရင်ထဲ လှိုင်းထို သတိရ၍ စိတ်ထိခိုက်လေပါပဲ။

"လှိုင်းရယ် မောင်နဲ့သားတွေကို ဘာကြောင့်ထားခဲ့သွားရတာလဲ"

သည်လိုအချိန်မှာရှိနေလျှင် မိသားစုစုံလင်စွာဖြင့် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။

ယခုတော့…

"မောင်ဗညားတော်ဟာ သမီးကြီးအတွက် စိတ်ထိခိုက်လွန်းလို့ ဒီနေ့ဒီအချိန်ထိ ဘယ်သူတစ်ဦးတစ်ယောက်နဲ့မှ စကားကောင်းကောင်းမပြောနိုင်ခဲ့ဘူး၊ အခုံးစွန် အမြွှာနှစ်ယောက်ကိုတောင် သူ ဂရုမစိုက်နိုင်သလိုဖြစ်နေတယ်လေ"

ဦးဗညားတော်သည် မမဆုံးပါးခြင်းအတွက် စိတ်နှလုံး အတော်ထိခိုက်သွားဟန်ပင်။ အမြဲတမ်း သွက်လက်ခဲ့သော လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် လုံးဝတိတ်ဆိတ်သွားတာ ရင်နာစရာမဟုတ်လား။

ဒါကို သတိထားမိသော ဒက်ဒီက နှိုင်းတို့မိသားစုဆုံစဉ် ပြောလာသည်။ မာမီက မျက်ရည်များကျရင်း-

"သမီးကြီးအတွက် ကျွန်မတို့လည်း ခံစားရတာပါပဲ ဒက်ဒီကြီးရယ်၊ အထူးသဖြင့် ကျွန်မတို့မြေးလေးတွေအတွက်"

ထိုစကားမှာ မာမီရင်နင့်သွားဟန်ဖြင့် ရပ်သွား၏။ နှိုင်းကိုယ်တိုင်လည်း မျက်ရည်များ ရစ်ဝဲနေပြီ။

"အေး မာမီကြီးနဲ့ သမီးလေးနှိုင်းတို့ကို ခေါ်လိုက်တာ၊ မြေးလေးတွေ အနာဂတ်အတွက် ဆွေးနွေးဖို့ပဲကွယ့်"

ဒက်ဒီက ယောက်ျားရင့်မကြီးမို့ မအတွက် ဝမ်းနည်းစိတ်ကို မျိုသိပ်လျက် ရှေ့ရေးကိုပြောလာ၏။

"ဘာများလဲ ဒက်ဒီ"

"သမီးလေးကို ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါရှင်"

နှိုင်းမေးလာတော့ မာမီက အကျိုးအကြောင်းသိထားဟန်ဖြင့် ဒက်ဒီကို တိုက်တွန်း၏။

"တခြားမဟုတ်ပါဘူး သမီး၊ ဒက်ဒီတို့မိသားစု



ယောက်မှာ ခုဆိုသမီးကြီး လှိုင်း မရှိတော့ဘူး၊ အဲ သမီးကြီး ...စား ဒက်ဒီတို့အတွက် မြေးနှစ်ယောက်ကျန်ခဲ့တယ်"

"ဟုတ်ကဲ့ပြောပါ ဒက်ဒီ"

တူငယ်ဖြစ်သော အမွှာနှစ်ယောက်အတွက် နှိုင်းကိုယ်တိုင် ...အမြဲ စိတ်ထိခိုက်ခဲ့ရသည်။

"တကယ်တော့ လှိုင်းဟာ၊ ဒီကလေးတွေကို ဒက်ဒီတို့ ...မှာ စိတ်ချစွာထားပြီး လူ့လောကကြီးထဲက ထွက်သွားတာပဲ၊ ...ာ့ ဒက်ဒီတို့ကလည်း သမီးကြီးရဲ့ ယုံကြည်မှုကို ဆောင်သက် ...သိမ်းရမယ် နှိုင်း"

ဒက်ဒီက နှိုင်း မျက်နှာကိုသေချာကြည့်ပြီး လေးနက်စွာ ...လာ၏။

"ဒက်ဒီ ဘာကိုဆိုလိုချင်တာလဲဟင်"

"ပြောမှာပါ သမီး၊ အစကတော့ သမီးတို့ရဲ့ အိမ်ထောင် ...ကို ဒက်ဒီနဲ့မာမီဟာ လွတ်လပ်ခွင့်ပေးခဲ့တယ်နော်"

"နှိုင်းသိပါတယ် ဒက်ဒီ"

"အေးကွယ် ခုတော့ ဒက်ဒီတို့အားလုံးဟာ ကိုယ့်အတွက် ...ကာ မြေးလေးတွေမျက်နှာကိုပဲ ကြည့်ရတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဒက်ဒီ၊ မမထားခဲ့တဲ့ နှိုင်းရဲ့တူလေးတွေကို နှိုင်း အသက်ရှိနေသရွေ့ မျက်နှာမငယ်စေရပါဘူး"

နှိုင်း၏ထိုစကားကြောင့် ဒက်ဒီနှင့်မာမီတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။

"သမီးလေးရယ်၊ လှိုင်းဟာ ခုဆို မာမီတို့နားမှာ ရှိနေတယ်ဆိုရင် သမီးလေးရဲ့စကားကြောင့် သိပ်ကိုကျေနပ်မှာပါ"

မာမီက နှိုင်းပခုံးလေးကို ဖွဖွဆုပ်ကိုင်ရင်း အားရဟန်ဖြင့်ပြော၏။ ဒက်ဒီက...

"ဒီလိုစိတ်ထားတဲ့ သမီးကို ဒက်ဒီချီးကျူးပါတယ်ကွယ်၊ ဒါဆို ဒက်ဒီပြောစရာရှိတာ ဆက်ပြောတော့မယ်၊ မောင်ဗညားတော်ဟာ အားတဲ့လူတစ်ယောက်မဟုတ်တော့ မကြာခင်ပြန်ရတော့မယ်၊ အဲဒီအခါ သူ့ရဲ့သားတွေကို ပြန်ခေါ်သွားမှာပဲ"

"အို ကလေးတွေက ငယ်ငယ်လေးပဲရှိသေးတာ ဒက်ဒီ"

နှိုင်းပြောတော့ ဒက်ဒီခေါင်းခါရမ်းသည်။ မာမီက နှိုင်းကို ကရုဏာဖြင့်ကြည့်၏။

"ကလေးတွေက ဘယ်လောက်ပဲငယ်ပါစေ၊ မောင်ဗညားတော်က သူ့သားတွေကို ထားခဲ့မှာမဟုတ်ဘူး နှိုင်း"



"ဟင် ဒီလိုဆိုရင် နှိုင်းတို့တူလေးတွေနဲ့ ခွဲရမှာလား မာမီ"

မမနှင့်ခွဲပြီးလိုမှမကြာခင် ယခုတစ်ခါ ကလေးတွေနဲ့ ခွဲရမည်ဆိုတော့ နှိုင်းရင်ထဲ ဘယ်လိုမှမခံနိုင်သလိုဖြစ်သွား၏။

"မြေးလေးတွေကို လှိုင်းကမွေးခဲ့တယ်ဆိုပေမယ့်၊ တကယ်တမ်း သက်ဆိုင်တာက မောင်ဗညားတော်လေသမီး"

"အို သူက အဖေဆိုပေမယ့် နှိုင်းတူလေးတွေကို မထေညှ်နိုင်ဘူး မာမီ၊ ပြောပါဦး ဒက်ဒီနဲ့မာမီတို့ကရော သူနဲ့ ကလေးတွေကို စိတ်ချလို့လားဟင်"

နှိုင်းသည်မေးရင်း ဒက်ဒီနှင့်မာမီမျက်နှာကို တစ်ယောက်စီကြည့်လိုက်၏။

"ဘယ်စိတ်ချပါ့မလဲ သမီးရယ်၊ ဒါပေမယ့် ဒက်ဒီတို့ တားခွင့်မရှိဘူးလေ၊ တစ်ခုတော့ရှိတယ်၊ မြေးလေးတွေကို တကယ်တမ်း စိတ်ချချင်တယ်၊ လှိုင်းရဲ့ယုံကြည်မှုကို မပျောက်ပျက်စေခြင်ဘူးဆိုရင်တော့၊ နှိုင်းက မောင်ဗညားတော်ကို လက်ထပ်ဖို့ပဲ"

"ရှင်"

မထင်မှတ်သော ဒက်ဒီ၏စကားကြောင့် နှိုင်း ကြည်ထိတ်

www.burmeseclassic.com



လန့်သွားသည်။ သော်ချာတယ်။ ဒါဟာ နှိုင်းတွေးထားတဲ့ ကိစ္စမှ မဟုတ်ဘဲ။

"ဟုတ်တယ်သမီး၊ မြေးလေးတွေရဲ့ရှေ့ရေးကိုကြည့်ပြီး မောင်ဗညားတော်ကို သမီးလက်ထပ်စေချင်တယ်၊ မှန်တာပြောရရင် မောင်ဗညားတော်က လူလတ်ပိုင်းပဲရှိသေးတယ်၊ အသက်သုံးဆယ့် ရှစ်နှစ် ယောကျ်ားတစ်ယောက်အနေနဲ့ နောက်တစ်ကြိမ် လက်ထပ် ခြင်းကိုလည်း ပြုနိုင်တယ်လေ၊ မောင်ဗညားတော်သာ သူစိမ်း မိန်းမတစ်ယောက်နှင့် လက်ထပ်ခဲ့ရင် မာမီတို့မြေးလေးတွေဟာ အလိုလိုနေရင်း မိထွေးလက်ထဲရောက်"

"အို"

စိတ်ထိခိုက်သွားသော မာမီက စကားမဆက်နိုင်သလို နှိုင်းမှာလည်း ဒီလိုကိစ္စမျိုးရှိလာနိုင်ပါလားဟု ယခုမှတွေးမိလျက် ကလေးတွေအတွက် ရင်ထဲပူလောင်လာရသည်။

"ဟင့်အင်း ဟင့်အင်း မမရဲ့ကလေးတွေကို ဘယ့်အတွက် နဲ့မှ မိထွေးလက်ထဲ မရောက်စေရဘူး"

ခေါင်းကိုသွက်သွက်ခါယမ်းရင်း နှိုင်း မခံနိုင်သလို ပြောလိုက်၏။ ဒက်ဒီနှင့်မာမီက နှိုင်းကို ကြင်နာစွာကြည့်လျက်…



"ဒါဟာ အမှန်ဆုံးအတွေးတစ်ခုပေါ့ကွယ်၊ ဒက်ဒီတို့က သမီးကို ဘာလုပ်ဖို့ မတိုက်တွန်းချင်ဘူး။ ဘာလုပ်သင့်တယ်ဆိုတာ သမီးဘာသာစဉ်းစားပေါ့၊ တဲ မာမီကြီး သမီးအနားယူပါစေ"

ဒက်ဒီနှင့်မာမီထွက်ခွာသွားတော့ နှိုင်းတစ်ယောက်တည်း အတွေးများနှင့် ကျန်ခဲ့သည်။

မမရယ် မမ…

နှိုင်း ဘာလုပ်ရမလဲရှင်…

ဝ ဝ ဝ

www.burmeseclassic.com

www.burmeseclassic.com

စာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးနေသော နှိုင်း၏လက်တို့သည် စက်ရုပ်တစ်ခုလို ရွေ့လျားနေသည်။ မိဘနှစ်ပါး၏ စိတ်ချမ်းသာမှုနှင့် တူငယ်လေးနှစ်ယောက်၏ရှေ့ရေးအတွက် အချစ်ဆုံးမမ၏ မျက်နှာကိုထောက်ထား၍ ယနေ့ ဦးဗညာတော်ကို နှိုင်းလက်ထပ်ခဲ့ပြီ။

ဦးဗညာတော်ကို နှိုင်းလက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုတော့…

"သာဓု သာဓု သာဓုပါသမီးလေးရယ်၊ ဒီလိုဆိုရင် ဒက်ဒီတို့မိသားစုဟာ အားလုံးမပြိုမကွဲ စည်းစည်းလုံးလုံးနဲ့ တစ်သက်လုံးတည်ရှိသွားမှာပဲ"

ဒက်ဒီက ကျေနပ်စွာဆိုသလို မာမီကလည်း…

"သမီးရဲ့ဆုံးဖြတ်ချက်ကို တမလွန်က လှိုင်းကလည်း



အများကြီး ကျေနပ်မှာပါကွယ်၊ အထူးသဖြင့် မြေးလေးတွေရဲ့အနာဂတ် ရင်အေးသွားရလို့ မာမီ ဝမ်းသာနိုင်ပါပြီ"

ကျေးဇူးရှင်မိဘနှစ်အပါး၏ရင်ထဲ အေးမြသွားပြီဆိုတော့ နှိုင်းဆုံးဖြတ်ချက် မှန်တယ်လို့ထင်ခဲ့၏။

"နှိုင်း ဒီလိုဆုံးဖြတ်လိုက်တာလည်း တမလွန်က မမအတွက်နဲ့ သားတို့အတွက်ပါ မာမီ"

"ဒါပေါ့ကွယ် ခုချိန်ကစပြီး သားတို့ရဲ့မာမီဟာ သမီးလေး နှိုင်းပဲ"

"အို မာမီရယ်"

တကယ်တော့ ဒီဆုံးဖြတ်ချက်ကို နှိုင်း၏နှလုံးသားနှင့်ရင်းလိုက်ရခြင်းပါ။

အောင်ကတော့ နှိုင်း၏ဆုံးဖြတ်ချက်ကို နားလည်မည်ဟုတ်။ အချစ်ဆုံးကို ကျောခိုင်း၍ စိတ်ထိခိုက်ကြေကွဲနေသူများအတွက် နှိုင်း ခိုင်မာစွာ ရပ်တည်လိုက်ခြင်းဟာ မမှားနိုင်ပါ။

"လက်ထပ်ဖို့ကိစ္စမှာ နှိုင်းဘက်ကတော့ဟုတ်ပါပြီ၊ ဒက်ဒီနဲ့မာမီ ဦးဗညာတော်ဘက်ကကော ဘယ်လိုဆုံးဖြတ်လဲဟင်"

ယနေ့ချိန်ထိ လက်ထပ်ဖို့ကိစ္စနှင့်ပတ်သက်ပြီး ဦးဗညာ

www.burmeseclassic.com



တော်နှင့် နှိုင်းတို့မျက်နှာချင်းဆိုင် စကားမပြောမိကြသေးပါ။ နှိုင်း မေးတော့ ဒက်ဒီက...

"ဒီအတွက်တော့ မပူပါနဲ့သမီး၊ သမီးကြီးကြောင့် စိတ်ထိ ခိုက်နေရတဲ့ မောင်ဗညားတော်ဟာ ကလေးတွေရှေ့ရေးအတွက် ဒက်ဒီတို့ကောင်းသလို စီစဉ်ဖို့ အပ်ထားပါတယ်"

"ဟုတ်တယ်သမီး မောင်ဗညားတော်က ပညာတတ်ရု ကြီးလူကောင်း တစ်ယောက်ပဲ၊ သူ့ကလေးတွေရဲ့ရှေ့ရေးအတွက် သမီးနဲ့သာ အသင့်တော်ဆုံးလို့ သိထားတဲ့ပုံမျိုးပါ"

သည်တော့လည်း လူကြီးမိဘများ၏စီစဉ်မှုဖြင့် ဦးဗညား တော်နှင့်နှိုင်းတို့ တရားရုံးမှာ နှစ်ဦးသဘောတူ တိတ်ဆိတ်စွာ လက်ထပ်ဖြစ်ခဲ့ကြ၏။

နှိုင်းဘက်မှ တိတ်ဆိတ်နေသလို အသည်းကွဲသမားကြီး ဦးဗညားတော်ဘက်မှလည်း စကားတစ်ခွန်းမှမဆို။ စာချုပ်ပေါ် တွင် ကိုယ်စီလက်မှတ်ရေးထိုးလိုက်ကြခြင်းပါ။

"သာဓု သာဓု သာဓု၊ ဒီလိုမြင်မယ်ဆိုး ဒီသားတွေနဲ့ အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်"

တရားရုံးမှ လက်ထပ်၍ပြန်လာပြီးနောက် အိမ်မှာဒက်ဒီ



နဲ့မာမီကို နှိုင်းတို့ကန်တော့ကြသည်။

ဒက်ဒီမာမီတို့၏ မျက်နှာက ဝမ်းသာဝမ်းနည်း ဒီလိုပါပဲ၊ ဦးဗညားတော်နှင့် နှိုင်းတို့၏မျက်နှာတွေကလည်း မကောင်းနိုင်ပါ။

"မောင်ဗညားတော် ဘယ်နေ့ပြန်မလဲ"

ငြိမ်သက်နေမှုကို ဒက်ဒီက ဖြိုခွင်းလာသည်။ သည်တော့ မှ တစ်ချိန်လုံး တိတ်ဆိတ်နေသော ဦးဗညားတော် အသံထွက် ပေါ်လာ၏။

"ကျွန်တော်လည်း လှိုင်းကိစ္စနဲ့ ဒီရောက်နေတာကြာပြီ ဆိုတော့၊ အလုပ်တွေအားလုံးကို ပစ်ထားခဲ့တာမို့၊ မနက်ဖြန်ပဲ စီစဉ် ထားပါတယ် ဒက်ဒီ"

"ဟင်"

ဦးဗညားတော် ဒီလောက်မြန်စွာ ပြန်လိမ့်မည်ဟု နှိုင်း မထင်ထား၍ အံ့ဩသွားသည်။

"ဟုတ်ပါတယ်လေ၊ မောင်ဗညားတော်လည်း အလုပ် တွေပစ်ထားတာကြာပြီပဲ၊ ကဲ သမီးနှိုင်းက အဝတ်အစားတွေ သွား သိမ်းတော့ကွယ်"

"ရှင် ဟုတ် ဟုတ်တဲ့မာမီ"

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရှေ့မှ လေးလံသောခြေလှမ်းများဖြင့် နှင်းထွက်ခဲ့သည်။ အခန်းထဲရောက်တော့ ဘာကို ဝမ်းနည်းမိမှန်းမသိဘဲ နှင်းပါးပြင်ပေါ်သို့ မျက်ရည်တွေ အလိုလိုကျစီးလာခဲ့၏။

ဪ ယခုတော့ နှင်းသည် အရင်ကလို ကိုယ့်ဘဝကိုယ် မပိုင်တော့ပါလား။

မမရယ်...

သားတို့ရယ်...

နှစ်မြိုက်စွာအိပ်ပျော်နေသော အမွှာနှစ်ယောက်ကိုကြည့်ပြီး မျက်ရည်များကြားမှ တစ်ယောက်တည်း ပြုံးလိုက်မိ၏။

နှင်းအသည်းနှလုံးတွေ ဘယ်လောက်ပဲနာကျင်ပါစေ။ ဒီကလေးတွေမျက်နှာမှာ အပြုံးရိပ်တို့ထင်လျှင်ပဲ ကျေနပ်ရမည် မဟုတ်လား။

"နှင်း"

"ဟင် ဦးဗညာတော်"

အခန်းဝမှာ ကြေကွဲသောမျက်နှာဖြင့် ဦးဗညားတော်ပေါ်လာ၏။ ယခုချိန်ထိ သူ့ရင်ထဲ မေအတွက် မဖြေနိုင်သေးတာ ပေါ်လွင်နေသည်။



"ကိုယ့်ကို လက်ထပ်တဲ့အတွက် ကျေးဇူးတင်ပါတယ် နှင်း"

"အို ဒါက"

ကြည့်ပါဦး လက်ထပ်ပြီးကာစ သတို့သားနဲ့ သတို့သမီးနှစ်ယောက်တို့ရဲ့ စကားတွေဟာ အေးစက်ခြောက်သွေ့လှပါလား။

"မင်း ကိုယ့်ကို ဘာကြောင့်လက်ထပ်ခဲ့တယ်ဆိုတာ ကိုယ်နားလည်နိုင်ပါတယ် နှင်း၊ ဒီလိုပဲ ကိုယ်လည်းနှင်းကို လက်ထပ်ခဲ့တာဟာ သားတို့အတွက်"

"အို"

ကလေးတွေကြောင့် ဒီလိုကိစ္စတွေ ဖြစ်ပေါ်လာတယ်ဆိုပေမယ့် သူ့နှုတ်များက ဒီလိုပြောလာတော့ နှင်းစိတ်ထဲ တစ်စုံတစ်ရာ ခံစားမိရ၏။

"ဒါကြောင့် ကိုယ့်ကိုလက်ထပ်ထားတယ်ဆိုပြီး၊ မင်းဘာမှ စိတ်မကျဉ်းကြပ်ပါနဲ့ နှင်း၊ လွတ်လပ်သလိုသာနေပါ"

"ရှင် ဟုတ် ဟုတ်ကဲ့"

အမိန့်ပေးသလို သူ့အပြောကြောင့် နှင်း ခေါင်းညိတ်မိ၏။ သူက အခန်းထဲသို့ တစ်လှမ်းချင်းလျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

အနားသို့ မာမီရောက်လာသည်။ ထိုနောက် ကလေးတွေကို ငုံ့ကြည့်၏။

"ချစ်စရာကောင်းတဲ့ မာမီမြေးလေးတွေ၊ သမီးလက်ထဲကို ဒီလိုစိတ်ချလက်ချ ထည့်လိုက်ရတာ ဝမ်းအသာဆုံးပဲကွယ်"

"မာမီတို့ကော နှိုင်းတို့နဲ့လိုက်ခဲ့ပါလားဟင်"

အားငယ်သလို နှိုင်းခေါ်တော့ မာမီပြုံး၍ ခေါင်းခါရမ်း၏။

"နောက်တော့ လာမှာပေါ့ကွယ်၊ လောလောဆယ်မှာတော့ သမီးကြီးခေါင်းချသွားတဲ့ ဒီနေရာမှာ မာမီတို့နေဦးမယ်"

"ရန်ကုန်ကတိုက်ကလည်း မမရဲ့အိမ်ပါပဲ မာမီ"

"အဟင်း ဒါပေမယ့် မတူဘူးလေ၊ ဒက်ဒီနဲ့မာမီက ကိုယ့်ဇာတိ ကိုယ့်အိမ်မှာပဲ တစ်သက်လုံးခေါင်းချဖို့ ဆုံးဖြတ်ထားတာ သမီး"

နှိုင်း သက်ပြင်းချလိုက်၏။ ဒက်ဒီနှင့်မာမီတို့ ပျော်ရာမှာ နေပါစေတော့လေ။

"နှိုင်းပဲ မာမီတို့ဆီ မကြာခဏလာခဲ့ပါ့မယ်"



"မောင်ဗညားတော်ဟာ အလုပ်များတဲ့ လူတစ်ယောက်မို့ နှိုင်းကြောင့် စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့ကွယ်၊ မြေးလေးတွေကိုသာ သေချာစောင့်ရှောက်ပါ"

"စိတ်ချပါ မာမီရယ်"

မမ၏ရင်သွေးများသည် နှိုင်း၏သားတွေပဲ မဟုတ်လား။ သည့်အတွက် နှိုင်း၏ဘဝကိုတောင် ပေးဆပ်ခဲ့ပြီလေ။

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

ကားဆင်ဝင်အောက်ရပ်တာနှင့် မျက်နှာမကောင်းစွာဖြင့် တိတ်ဆိတ်စွာကြိုဆိုနေကြသည့် အလုပ်သမားများကိုတွေ့ရ၏။

ဒါ မမနေခဲ့တဲ့အိမ်ပါလား။ ခန့်ငြားထည်ဝါမှုတွေနှင့် ပြည့်စုံနေသော တိုက်ကြီးမှာ အရှင်မလေး မမကတော့ မရှိလေပြီ။

"မမရယ်"

အရင်ကနှင်းတို့လာလျှင် အပြုံးဖြင့် ဆီးကြိုတတ်သော မမကို သတိရလျက် ဝမ်းနည်းမိရသည်။

ဦးဗညားတော်ကိုကြည့်လိုက်တော့...

"အို"

တစ်လမ်းလုံးကူငြိမ်မပျက်ရှိလေသောသူသည် ယခုတော့ မျက်နှာမကောင်းဖြစ်လျက် တိတ်ဆိတ်စွာ တိုက်ကြီးထဲသို့ တစ်ယောက်တည်းဝင်သွား၏။



"မမလေးကို ကျွန်တော်တို့ ကြိုဆိုပါတယ်"

အလုပ်သမားများက နှင်းကို တို့ခေါက်စွာ နှုတ်ဆက်ကြသည်။ နှင်းမှာ ခေါင်းသာ တစ်ချက်ညိတ်နိုင်ပြီး...

"ရှင်တို့အားလုံး ကိုယ့်အလုပ်ကိုယ်လုပ်ကြပါ"

ဟု ပြောလိုက်ရ၏။ အမြွာနှစ်ယောက်ကိုတော့ အထူး စုပြုလေးနှစ်ယောက်က ပွေ့ချီခေါ်လာသည်။

"ကလေးတွေကို ဘယ်မှာသိပ်မလဲ မမလေး"

"ကျွန်မနဲ့လိုက်ခဲ့"

တကယ်တော့ မမ၏အိမ်ကြီးသည် နှင်းအတွက် စိမ်းနေ အရင်ကရောက်ဖူးခဲ့တာကြောင့် အပေါ်ထပ် အောက်ထပ်မှာ တွေ့ရှိတယ်ဆိုတာ နှင်းသိထား၏။

ထို့ကြောင့် နှင်း ဦးဆောင်၍ အပေါ်ထပ်တက်ခဲ့သည်။

ဦးဗညားတော်...

သူဘယ်ရောက်နေလဲ...

လောလောဆယ် ကလေးနှစ်ယောက်ကိစ္စက နှင်းအတွက် ပိုကြီး၏။

"ဟင် ဦးဗညားတော်"

www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ရှိ မမ၏ ပုံတူပန်းချီကားကြီးရှေ့မှာ မမိုက်သူ

သော မျက်ဝန်းများဖြင့် တစ်ယောက်တည်း ငေးစိုက်ကြည့်နေသော

သူ့ကို တွေ့လိုက်ရတော့ နှိုင်းရင်ထဲ နင့်ခနဲဖြစ်သွား၏။

နှိုင်းကိုယ်ချင်းစာပါသည်။

သည်အချိန်မှာ ဦးဗညားတော်ရင်ထဲ မမအတွက် ဘယ်

လောက်ခံစားနေရ လဲဆိုတာ…

သို့သော် လက်ရှိမှာ ဒီတိုက်ကြီး၏ အရှင်သခင်သည်

ဦးဗညားတော်မို့…

"ဦးဗညားတော်"

"ဟင်"

နှိုင်းခေါ်သံကြောင့် သူဖြည်းညင်းစွာ လှည့်ကြည့်လာ

ဦးဗညားတော်၏ကြေကွဲသော မျက်ဝန်းများကို တွေ့လိုက်ရတော

နှိုင်းစိတ်ထဲ ထိခိုက်သွား၏။

"ကလေးတွေအတွက် အခန်းကို"

"နှိုင်းကောင်းသလိုစီစဉ်ပါ၊ ကိုယ် ကုမ္ပဏီသွားလိုက်

မယ်၊ အလုပ်တွေ ပစ်ထားတာကြာပြီ"

"ရှင် ဟုတ်ကဲ့"



သူက နှိုင်းရှေ့မှထွက်သွားပြီ။ နှိုင်းတို့အိပ်ခန်းနှင့်ကပ်

လျက်အခန်းမှာပဲ ကလေးနှစ်ယောက်အတွက် ပြင်ဆင်လိုက်ရ၏။

အထူးပြု ဆရာမတွေရှိတယ်ဆိုပေမယ့် နှိုင်းအနေနဲ့လည်း

ညဘက်ပါ အချိန်မရွေး သားတို့ကို ကြည့်နိုင်သည်မဟုတ်လား။

"ကလေးတွေကို ကောင်းကောင်း ဂရုစိုက်ပါ၊ လိုအပ်

တာရှိရင် ကျွန်မကိုပြောပါ"

ဆရာမနှစ်ယောက်ကို နှိုင်းမှာထားလိုက်၏။ ယခုဆို နှိုင်း

သည် ကလေးတွေ၏ မိခင်သာမဟုတ်တော့ဘဲ ဦးဗညားတော်၏

ဇနီးမယားတစ်ယောက်အနေဖြင့် အိမ်မှုကိစ္စတာဝန်တွေ ဝီခံရတော့

မည်ဖြစ်၏။

တစ်ချက်လေးမှမနားဘဲ အလုပ်ရှိရာထွက်သွားသော သူ့

အတွက် အပြန်မှာအဆင်သင့်စားဖို့ ထမင်းပွဲပြင်ရမည်။

"အိမ်မှာ ဘာတွေချက်ထားလဲ"

မလေကထက်က အလုပ်သမားအားလုံး နှိုင်းနှင့်မစိမ်းပါ။

"သူဌေးက မမှာထားလို့ ဘာမှချက်မထားပါဘူး မမ

လေး"

"အို ခက်တာပဲ၊ ဒါဆို ကျွန်မစာရင်းရေးပေးလိုက်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဈေးသွားပါ''

''ဟုတ်ကဲ့''

မှန်တာပြောရလျှင် ဦးဗညားတော် ဘာတွေကြိုက်တတ်မှန်း နှိုင်းမသိပါ။ ထို့ကြောင့် နှိုင်းစိတ်ထဲ ကောင်းမည်ထင်သော ဟင်းတွေသာ ရွေးချက်ရသည်။

''မမစိတ်ကြောင့် ရက်ပိုင်းအတွင်းမှာပဲ၊ ဦးဗညားတော့် မျက်နှာချောင်ကျသွားတယ်၊ ဟိုမှာလည်း အစာကောင်း ကောင်းမစားဘူး''

ထိုအတွေးဖြင့် နှိုင်းက မမောနိုင်စွာ အကောင်းဆုံးဖြစ်အောင် ချက်ပေမယ့်-

ညဘက်မိုးချုပ်တဲ့အထိ ဦးဗညားတော်ကို အေးစက်သော ထမင်းဝိုင်းကြီးဖြင့် နှိုင်းတစ်ယောက်တည်း စောင့်နေမိ၏။

''နှိုင်းအနေနဲ့ မိခင်ကောင်းဇနီးကောင်းတစ်ယောက် ငါ့သမီး အကောင်းဆုံး ကြိုးစားစေချင်တယ်ဗျွယ်''

သည်ကိုလာခါနီး မာမီက စိတ်ချေရွှာမှာ၏။

''စိတ်ချပါ မာမီ၊ နှိုင်းကြောင့် မာမီတို့ မျက်နှာမပျက်စေရပါဘူး''



အားလုံးကို စွန့်လွှတ်ပြီးမှတော့ နှိုင်း အကောင်းဆုံးနေသွားဖို့ ဆုံးဖြတ်ထားခဲ့သည်။

ယခုလည်း ဇနီးမယားတစ်ယောက်၏ ဝတ္တရားနှင့် သူ့ကို စောင့်နေပေမယ့်...

''မမလေး ထမင်းစားချိန်လွန်နေပြီ [illegible] အရင်စားထားလိုက်ပါလားဟင်''

''အို နေပါစေ၊ ကျွန်မ စောင့်ပါ့မယ်''

နှိုင်းကို ပူပန်သောဆရာမလေးက သက်ပြင်းချ[illegible] သွား၏။

ဘာကြောင့်များ ဒီလောက်နောက်ကျနေရတာလဲ ဦးဗညားတော်...

မှန်တာပြောရလျှင် မနက်ကထဲက ဘာမှမစား[illegible]သောကြောင့် နှိုင်းဆာနေပါပြီ။

ဒါပေမယ့် ဇနီးတစ်ယောက်ဟာ ခင်ပွန်းနဲ့အတူ လက်ဆုံစားသင့်တယ်ဟု တွေးမိခြင်းပါ။

ထိုစဉ်...

''ကလင် ကလင်''

www.burmeseclassic.com

www.burmeseclassic.com

နှိုင်းရင်တို့ တထိတ်ထိတ်ဖြစ်နေစဉ်…

"သားတို့ အိပ်နေတာလား နှိုင်း"

"ရှင် ဟုတ်ကဲ့"

သူက နှစ်ခြိုက်စွာအိပ်ပျော်နေသော ကလေးတွေကို ငုံ့ကြည့်သည်။ နှိုင်းက သူ့နားမှာ ခပ်တောင့်တောင့်လေးရပ်နေ၏။

"သိပ်ကို သနားစရာကောင်းတဲ့ ကလေးတွေပဲ"

သူ၏ ဘီးတိုးသံကြောင့် နှိုင်းရင်ထဲလည်း ဝမ်းနည်းသွားရသည်။

အသေချာဆုံးက ဒီအချိန်မှာ သူနှင့်နှိုင်းတို့ မမကို ဖြင့်ထန်စွာ သတိရနေတာပါပဲ။

ခဏနေတော့ သူနေရာမှခွာကာ-

"မနက်ဖြန်အတွက် ကိုယ်လေယာဉ်လက်မှတ်စီစဉ်ပြီးပြီ"

"ဒီည ကိုယ့်မိတ်ဆွေတွေကို သွားနှုတ်ဆက်လိုက်ဦးမယ်"

နှိုင်း ဘာမှမပြောနိုင်ခင် သူကျောခိုင်းထွက်ခွာသွားသည်။ ဒါဟာ နှိုင်း လက်ထပ်လိုက်သည့် သတို့သားတစ်ယောက်ပဲ





လား။

ဖျတ်ခနဲ မချိုသလို နှိုင်း ပြုံးလိုက်မိသည်။ နှိုင်းအဖြစ်က အိပ်မက်လိုပါပဲ။

ဘဝမှာ အပျော်ရွှင်ဆုံးလက်ထပ်ပွဲကို ညည်ပရီသတ်စုံလင်စွာနှင့် ကျင်းပရလိမ့်မည်ဟုထင်ခဲ့သော နှိုင်း…

ကိုယ့်ချစ်သူနှင့်အတူလက်တွဲကာ ဘဝခရီးလမ်းကို နှစ်ကိုယ်တူကြည်ဖြူပျော်ရွှင်စွာ ဖြတ်သန်းဖို့ဟု စိတ်ကူးယဉ်ခဲ့သမျှ ယခုတော့လေ…

အေးစက်ခြောက်သွေ့သော မင်္ဂလာပွဲဖြင့် နှိုင်းဘဝ ပြီးဆုံးသွားလေ၏။

"အင့် အင့်"

"အို ကလေးတို့"

နှိုင်းအသံကြား၍ထင် ကလေးများ အသံတိတ်သွား၏။ နှိုင်းက အသင့်ဖျော်ထားသော နို့ဗူးလေးများတိုက်လိုက်သည်။

ထိုအချိန်မှာတော့ နှိုင်းရင်ထဲ ဒွေးဒွေးမှုကလွဲ၍ ဘာမှမရှိပေ။

"မြေးလေးတွေကို နို့တိုက်နေတာလား သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံကြောင့် နှိုင်းကိုင်လိုက်၏။

"ဟဲလို"

"ကျူပ်ပါ နှိုင်း"

"ဩော် ဦးဗညားတော်၊ ရှင် ပြန်မလာသေးဘူးလားဟင်၊ ကျွန်မ ရှင့်ကို ထမင်းစားဖို့ စောင့်နေတာ"

သူ့အသံကြားရတာနှင့် နှိုင်း ဆက်တိုက်ပြောချလိုက်သည်။ သူက ငြိမ်နားထောင်ပြီးမှ…

"ဆောရီးပဲ နှိုင်း၊ ကုမ္ပဏီမှာ အလုပ်တွေပုံနေလို့၊ ကျူပ် ဒီည ပြန်လာနိုင်မှာမဟုတ်ဘူး၊ ဒီတော့ ကျူပ်ကို မင်း စောင့်မနေပါနဲ့၊ ဒါပဲ ဟုတ်လား"

"အို"

နှိုင်းဆီက ဘာမှမပြောနိုင်ခင် သူဖုန်းချသွားသည်။ လက်ထဲကဖုန်းကို နှိုင်းညင်သာစွာ ပြန်ချလိုက်၏။

"မမလေး ထမင်းပွဲ"

"သိမ်းလိုက်ပါတော့"

ထိုမျှသာပြောပြီး ကလေးတွေရှိရာ အပေါ်ထပ်သို့ နှိုင်း တက်လာခဲ့သည်။



သားတို့ရယ်…

မင်းတို့ဒက်ဒီကို မာမီ ဘယ်လိုနားလည်ရမလဲ။

အပြစ်မဲ့သော ကလေးတွေကတော့ နှစ်ခြိုက်စွာ အိပ်ပျော်လို့…

ကလေးတွေကိုကြည့်ပြီး နှိုင်း အခန်းထဲမှထွက်ခဲ့၏။ ခြောက်ခြားသော အိပ်ခန်းကြီးထဲမှာ နှိုင်းတစ်ယောက်တည်း။

"မမ"

အရင်က ဒါ ဦးဗညားတော်နှင့်မမတို့နေခဲ့သောအခန်း၊ ယခုတော့ မမနေရာမှာ နှိုင်းရောက်နေပြီ။

အသစ်စက်စက် သတို့သမီးလေး တစ်ယောက်တည်း အနားမှာ ဘယ်သူမှမရှိ အထီးကျန်ဆန်လှက်နဲ့လေ။

"သူက သိပ်အလုပ်များတယ် နှိုင်း၊ ဒီတော့ မမက သူ့အပေါ် နားလည်ပေးရတယ်၊ အဟင်း ဒါကလည်း သူ့ကိုချစ်တဲ့ စိတ်ကြောင့်လေ"

ရုတ်တရက် မမ၏စကားသံကို နှိုင်း ပြန်ကြားမိတော့ သက်ပြင်းကိုတိတ်ချမိရသည်။

ဟင်း နှိုင်းလည်း မမလိုပဲ ဦးဗညားတော်ကို နားလည်

www.burmeseclassic.com

www.burmeseclassic.com



ပေးပါ့မယ်ရှင်။

တစ်ယောက်တည်း ကတိတွေပေးမိတာက နှင်း။

တစ်စုံတစ်ရာကို သတိရလျက် ဦးဗညားတော်ထံ နှင်း ဖုန်းဆက်လိုက်၏။

"ဟဲလို"

သူ့အသံက ခပ်အက်အက်…

"နှင်းပါ"

"ဪ ပြော"

"ဟိုလေ ဦးဗညားတော်ရဲ့ ညစာအတွက်"

"အပွန်း ကျုပ်အတွက်မပူပါနဲ့ နှင်း၊ မင်းသာ ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ ပွဒ်နိုက်"

သည်တစ်ကြိမ်လည်း သူ့ဘက်က ဖုန်းအရင်ချပြန်၏။

ဟင်း ကျွန်မဟာ ရှင်လက်ထပ်ထားတဲ့ ဇနီးတစ်ယောက်ဆိုတာ သတိမှရရဲ့လား ဦးဗညားတော်ရယ်။

✿ ✿ ✿

ဦးဗညားတော်နှင့် နှင်းတို့၏အိမ်ထောင်ရေးက အေးစက်ခြောက်သွေ့ခြင်းတို့ဖြင့် လျှောက်လှမ်းနေသလိုပါပဲ…

မေအတွက် နှစ်ယောက်လုံး ခံစားရတာမှန်ပေမယ့် နှင်းသည် ကလေးနှစ်ယောက်၏ကိစ္စဖြင့် နေ့စဉ်ရှုပ်ထွေးအချိန်ကုန်ခဲ့သလို…

ဦးဗညားတော်သည်လည်း အလုပ်ကို အကြောင်းပြလျက် မိုးချုပ်တစ်နေကုန် အပြင်မှာရှိနေတတ်၏။

တစ်ခါတစ်ရံ တစ်အိမ်တည်းမို့ နှစ်ယောက်သားမျက်နှာချင်းဆိုင်မိလျှင်…

"ကလေးတွေနေကောင်းရဲ့လား"

"ဟုတ်ကဲ့"

"မင်းနဲ့ကလေးတွေအတွက် လိုအပ်တာသုံးဖို့ ဘီရိုထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံအပြည့်ထည့်ပေးထားတယ်”

“ကျွန်မ သိပါတယ်”

သည်လောက်နှင့်ပဲ သူမတို့စကားဝိုင်း အဆုံးသတ်၏။ ထိုထက်ပို၍ ပြောစရာ ဘာမှမရှိသလိုပင်။

ဦးဗညားတော်အနေဖြင့် နှိုင်းနှင့်ကလေးတို့၏ဘဝကို ပိုက်ဆံလုံလောက်စွာပေးထားရုံဖြင့် ပြီးပြည့်စုံတယ်ဟု ယူဆထားပုံရသည်။

မမ့ လက်ထက်တုန်းကတော့ သူဒီလိုပဲလား။ အနည်းဆုံးတော့ မမဟာ သူချစ်တဲ့ မိန်းမတစ်ယောက်အနေဖြင့် နှိုင်းထက်စာလျှင် ပိုဂရုစိုက်ခံရမှာပါ။

အို ဒီအတွေးက မမကို နှိုင်းမနာလိုဖြစ်နေတာလား။ မဟုတ်ပါဘူး။ မမအပေါ်မှာ နှိုင်း ဒီလိုစိတ်မျိုးမရှိခဲ့ပါ။

“ညှိခံပွဲတချို့ကို ကျုပ်နဲ့အတူ မင်းတက်ရလိမ့်မယ်၊ ဒီအတွက် အသင့်ပြင်ထားပါ”

မဖြစ်မနေညှိခံပွဲများတွင် နှိုင်းကို သူခေါ်သွားတတ်၏။ သူ့ဇနီးအဖြစ် နှိုင်းပွဲတက်ရသည့်အခါတိုင်း…

“ဟာ ဦးဗညားတော် ဘယ်ကချာတိတ်ခေါ်လာတာ



ဗျ”

ငယ်ရွယ်သော နှိုင်းကို သူ့မိတ်ဆွေတွေကစတတ်၏။ သူမျက်နှာပျက်သွားသလားဟု နှိုင်း အကဲခတ်သည်။

“သားနှစ်ယောက်အတွက် ယောက္ခမတွေက လက်ထပ်ပေးခဲ့တာဗျ၊ လှိုင်းညီမလေ”

“အင်း ရုပ်ကတော့ ခပ်ဆင်ဆင်ပေမယ့်၊ လှိုင်းလိုတော့ နှိုင်းကျက်တဲ့ပုံစံမဟုတ်ဘူးပေါ့၊ အင်းလေ အသက်ကလည်း ဒီလောက်ငယ်တာကိုး”

ထိုအခါမျိုးတွင် နှိုင်းသာမျက်နှာပျက်ရ၏။ မမနေရာမှာ နှိုင်းအစားမဝင်နိုင်သလိုပါပဲ…

နှိုင်းဝတ်ထားသော အဖြူရောင်ဂါဝန်ရှည်လေးကို ငုံ့ကြည့်မိ၏။ ကျောလယ်ရှိ လှိုင်းတွန့်ဆံနွယ်များဖြန့်ချလျှက် နှိုင်းပုံစံက ချွန်ငယ်နေသယောင်။

မမတစ်ယောက် ဒီလိုပွဲမျိုးမှာ နှိုင်းလိုမဝတ်မှာတော့သေချာ၏။ မမကို မီရန်အတွက် နှိုင်းပုံစံပြောင်းရမည်လား။

“ကျုပ်မိတ်ဆွေတွေ စကားကြောင့် မင်းစိတ်အနှောင့်အယှက် မဖြစ်ပါနဲ့ နှိုင်း”

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်မမှာ လိုအပ်ချက်တွေ အများကြီးရှိနေတယ်မဟုတ်လား ဦးဗညားတော်"

နှိုင်းကအားငယ်စွာပြောမိတော့ သူခေါင်းခါရမ်းသည်။

"လူတိုင်းမှာ သူ့လိုအပ်ချက်နဲ့သူပါ၊ ဘယ်သူမှ ပြီးပြည့်စုံတဲ့လူမရှိဘူး နှိုင်း၊ ဒီတော့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ပါနဲ့"

သူဘယ်လိုပဲပြောပါစေ နှိုင်းကတော့ တစ်စုံတစ်ခုကို ဆုံးဖြတ်ရမည်။ ကလေးတွေလည်း တဖြည်းဖြည်းကြီးလာပြီ။

နှိုင်းကို "မာမီ"ဟုပင်ခေါ်တတ်လာတာကြောင့် သူတို့လေးတွေနားက ပို၍မခွာနိုင်ပေ။

ကလေးတွေနားမှာ နှိုင်းရှိ၍လားမသိ။ သူက သာမန်သာ ဂရုစိုက်၏။ အလုပ်မသွားခင် ကလေးများအခန်းထဲဝင်၍ တစ်ချက်စီနမ်း နှုတ်ဆက်ရုံဖြင့် သူ့တာဝန်ကျေပြီ။

ညသူပြန်လာချိန်မှာ ကလေးတွေအိပ်ပျော်နေပြီ။ သူက တစ်ချက်ဝင်ကြည့်ရုံသာ။ သူ့အပြန်ကိုစောင့်တတ်သော နှိုင်းမှာ…

"သိပ်မိုးချုပ်တာပဲ"ဟု တစ်ခွန်းမပြောမိအောင် ကြိုးစားနေရသည်။

"ကျုပ်ကိုစောင့်ပြီး ထမင်းစားတာမျိုး မလုပ်ပါနဲ့ နှိုင်း။



ကျုပ်က အလုပ်များတော့ အိမ်ပြန်ချိန်မှန်တာမဟုတ်ဘူး၊ မင်းဘာသာ စားနှင့်ပါ"

ထိုစကားက နှိုင်း၏ရင်ကို ဘယ်လိုဖြစ်စေတယ်ဆိုတာ သူမသိ။ ဒါဟာလည်း သူ့အနေဖြင့် နှိုင်းအပေါ် နည်းနည်းလေးမှ ဂရုမစိုက်၍ပါ။

"နှိုင်းက သိပ်လှတယ်၊ ဆွဲဆောင်မှုလည်းရှိတယ်၊ နှိုင်းလိုမိန်းကလေးတိုင်းကို ဘယ်ယောကျ်ားကမှ စိတ်မဝင်စားဘဲ နေမှာမဟုတ်ဘူး"

နှိုင်းကျောင်းတက်စဉ်က သူငယ်ချင်းတွေ ပြောခဲ့သောစကားကို ပြန်ကြားယောင်မိ၏။

အဟင်း ခုတော့ နှိုင်းလက်ထပ်ခဲ့တဲ့ ခင်ပွန်းက လောကကြီးမှာ နှိုင်းတစ်ယောက်ရှိတယ်ဟုပင် ထင်ပုံမရပါ။

ကဲ သူတို့ပြောတဲ့စကားတွေနဲ့ ဘယ်လောက်များ ဆန့်ကျင်နေလဲ။

"မမရယ် သားတို့ရှိနေလို့သာ နှိုင်းရဲ့ဘဝဟာ မငြီးငွေ့တာပါ၊ ဦးဗညားတော်လို နှိုင်းအပေါ် အေးစက်လျစ်လျူရှုတဲ့ပုံစံနဲ့ဆိုရင်၊ ဒီလောက်ထိနေနိုင်မှာ မဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ မမ၏ ဓာတ်ပုံကြီးရှေ့တွင် နှင်း တစ်ယောက်တည်း တိုင်တည်နေမိတတ်သည်။

ထိုအခါမျိုးတွင် မမ၏မျက်လုံးများက အသက်ဝင်လာ ဟန်ဖြင့်…

“ဆက်ပြီးသည်းခံလိုက်ပါ၊ တစ်နေ့ နှင်းကို သူနားလည် လာမှာပါကွယ်”

ဟု အားပေးနေသယောင်။ မမ၏ဓာတ်ပုံကိုကြည့်ရင်း နှင်း တစ်စုံတစ်ရာ အတွေးဝင်လာသည်။

ဟုတ်တယ်…

နှင်းရဲ့ပုံစံကို မမလိုပြောင်းလိုက်လျှင်…

အို ဒါကို နှင်းဘာကြောင့် မေ့ခဲ့တာပါလဲ။

ပထမဆုံးအကြိမ်အဖြစ် နှင်းသည် သူ့ထံဖုန်းဆက်လိုက် ၏။

“ဟဲလို”

“နှင်းပါ ကို”

သူ့ကို ဦးဗညားတော်ဟု ခေါ်နေခြင်းဖြင့် နှင်းနှင့်ပို၍ အနေစိမ်းအောင် ဖန်တီးသလိုဖြစ်ခဲ့၏။



ထို့ကြောင့် ‘ကို’ဟု အားခဲစွာခေါ်တော့ သူ့ဘက်မှ အသံ ဖျတ်ခနဲ တိတ်သွားသည်။ နောက်မှ…

“ဘာကိစ္စလဲ နှင်း”

“ဟို ဟို နေ့လယ်ပြန်လာမှာလားဟင်”

“အင်း”

သူ့အသံက စိတ်မပါသလို ခေါင်းတစ်ယောက်အနေဖြင့် ခင်ပွန်းကို နေ့လယ်အိမ်ပြန်ထမင်းစားရန် ဆွဲဆောင်နိုင်ဖို့လိုတယ်ဟု နှင်း ယုံကြည်၏။

“ဒါဆို နှင်းစောင့်နေမယ်နော်၊ ဒါပဲ ကို”

ထမင်းစားဖို့ စောင့်နေမည်ပြောလျှင် သူ ကြိုက်မည်မထင် တာကြောင့် အလွတ်သဘောပြောမိသည်။ ထို့နောက် နှင်းက အရင် ဖုန်းချခဲ့၏။

သူ့ထံ ဖုန်းဆက်ပြီးတာနှင့် နှင်းအလုပ်များတော့သည်။

ဟင်းတွေအားလုံး သူ့အကြိုက်ဖြစ်အောင် ပြင်ဆင်သလို နေ့စဉ်နေ့တိုင်း သန့်ရှင်းပေမယ့် ဒီနေ့ပို၍ အထူးဂရုစိုက်ကာ အိမ် တစ်ခုလုံး လှပသန့်ရှင်းအောင် နှင်းကိုယ်တိုင် ဂရုစိုက်၏။

သူပြန်လာချိန်မှာ နှင်း ရေချိုးအဝတ်အစားလဲပြီးပြီ။

www.burmeseclassic.com



မျက်နှာတွင် သနပ်ခါးပါးပါးနှင့်…

"ဟော့ ကိုပြန်လာပြီ"

နှိုင်းအပြုံးဖြင့် ဆီးကြိုလိုက်၏။ သူက နှိုင်းကိုတစ်ချက်မျှ ကြည့်ကာ။

"နေ့လယ်က ဖုန်းဆက်တာ ဘာကိစ္စလဲ နှိုင်း"

"သြော် အဟင်း၊ ကိုပြန်လာရင် ထမင်းပွဲအသင့်ပြင်ထားဖို့ မေးတာပါ၊ ခဏနားလိုက်နော် ကို၊ နှိုင်း ဟင်းရေနွေးခိုင်းလိုက်ဦး မယ်"

နှိုင်းလုပ်သမျှသူက ဘာမှမပြောပေ။ ထမင်းပွဲကို နှိုင်း အမြန်ဆုံး စီစဉ်လိုက်၏။

"ကို ထမင်းပွဲ အသင့်ဖြစ်ပြီ"

"အင်း"

သူနေရာမှထလာသည်။ ပထမဆုံးအကြိမ် သူနှင့်နှိုင်း မျက်နှာချင်းဆိုင် ထမင်းစားမိတာပါပဲ။

"ဟင်းတွေအားလုံး ကို့အကြိုက်ချက်ထားတယ်"

တိတ်ဆိတ်စွာ ထမင်းစားနေသောသူ့ကို အပြုံးလေးနှင့် နှိုင်းပြောပေမယ့်…



"ဒီဟင်းတွေ ကျွပ်ကြိုက်တတ်မှန်း မင်းဘယ်လိုသိလဲ နှိုင်း"

"အဟင်း ဟိုလေ မမရှိတုန်းက ကိုနဲ့ပတ်သက်ပြီး ပြောဖူးတာတွေ ပြန်စဉ်းစားရင်း"

ရုတ်တရက် သူ နေရာမှထလိုက်သည်။

"ဘာဖြစ်လို့လဲ ကို"

"နောက်တစ်ခါ မင်းကြိုက်တဲ့ဟင်းတွေသာချက်ပါ၊ ကျွပ် အတွက် မစဉ်းစားပါနဲ့"

"ဟင်"

ပြောပြောဆိုဆို သူထွက်သွား၏။ တစ်နေကုန်လုံး မောပန်း စွာ ချက်ပြုတ်ခဲ့သမျှ သူ၏စိမ်းကားမှုကြောင့် ရင်မှာ နာကျင်သွား ရလေသည်။

ကျွန်မဘယ်လိုလုပ်မှ ရှင့် ဂရုစိုက်မှာလဲ ဦးဗညားတော် ရယ်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မကို ဆံပင်ဖြောင့်ပေးပါ"

အလှပြင်ဆိုင်သို့ နှင်းပထမဆုံးအကြိမ် ရောက်ရှိခဲ့သည်။ မှန်ထဲမှာ လှိုင်းတွန့်ကောက်များနှင့် နှင်း၏ဆံပင်တို့က ကျောလယ်သို့ ခွေကျနေသည်။

"နှင်းက ဒီဆံပင်လေးနဲ့ သိပ်လိုက်တယ်၊ မခို့တယို့လေးနဲ့ ချစ်စရာပဲ"

ရွှေညိုရောင်ဖျော့ဖျော့ နှင်း၏ဆံနွယ်တို့ကို မမရှိစဉ်က တယုတယကိုင်၍ ချီးကျူးခဲ့သည်။

မမ၏ဆံပင်ကတော့ နက်မှောင်ဖြောင့်စင်းလျက် ပိုးသားကဲ့သို့ အိပျော့တောက်ပနေခဲ့၏။

"မမ ဆံပင်တွေက ပိုလှတယ်၊ မမနဲ့သိပ်လိုက်တာပဲ"

"အဟွင်း မမပုံစံက ရိုးလွန်းဝါတယ်ကွယ်၊ မမက



အသက်ကြီးလို့ ဒီပုံစံလာတာ"

"အို မမက အသက်မကြီးပါဘူး၊ ခုခေတ်မှာ အတော်များများက မမလိုဆံပင်ဖြောင့်တွေနဲ့ပါ၊ အဲဒီလို ဆံပင်ဖြောင့်တွေထဲမှာ မမက အလိုက်ဆုံးပဲ"

ထိုစဉ်က နှင်းပြောတော့ မမရယ် နေခဲ့၏။

"တကယ်တော့ မမက ဒီဆံပင်တွေကို မောင့်အကြိုက်ထားတာ မောင်ကဆံပင်ကောက်တာ မကြိုက်ဘူးနှင်း"

ဦးဗညားတော်၏ လျစ်လျူရှုမှုများသည် နှင်း၏ဆံပင်တွေကြောင့်လည်း ပါမည်ဟုထင်ခဲ့၍ ယခုလာရောက်ပြင်ခြင်းပါ။

"ညီမ ဒီဆံပင်တွေကလည်း လှတာပဲ"

"အို ဟင့်အင်း၊ ကျွန်မဆံပင်တွေကို ဖြောင့်သာပေးပါ"

"အင်းလေ ညီမသဘောပါ"

ဆိုင်ရှင်က နှင်း၏သဘောကို လိုက်လျော၍ အကောင်းဆုံး ပြုလုပ်ပေးပါသည်။ ဆံပင်ဖြောင့်ရတာ အချိန်အတော်ပေးရ၏။

"အို ညီမက ဦးဗညားတော်ရဲ့ဇနီး"

"ရှင် ဟုတ်ပါတယ်၊ အစ်မကြီးတို့က"

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းဆံပင်ဖြောင့်နေစဉ် အသက်သုံးဆယ်ကျော်ဝန်းကျင်ရှိ အမျိုးသမီးနှစ်ဦးဝင်လာ၏။

နှိုင်းကိုတွေ့တော့ အံ့ဩဟန်နှုတ်ဆက်သည်။

"အယင်း မမတို့က လှိုင်းရှိစဉ်ကတည်းက၊ မိတ်ဆွေတွေလေ၊ တိုက်တိုက်ဆိုင်ဆိုင် ညီမနဲ့ ဒီမှာလာတွေ့နေရတယ်ကွယ်"

"အင်းလေ ဒြော် ညီမက ဆံပင်လာဖြောင့်တာလား"

"ဟုတ်ကဲ့"

ဦးဗညားတော်၏မိတ်ဆွေတွေနှင့် ဆုံရာကြောင့် နှိုင်း သက်ပြင်းကျိုတ်ချမိသည်။

"လှိုင်းကတော့ အမြဲတမ်း ဆံပင်ဖြောင့်ထားတယ်၊ လှိုင်းနဲ့လည်း သိပ်လိုက်တာပဲကွယ်၊ ဦးဗညားတော်ကလည်း လှိုင်းပုံစံကို အမြဲဂုဏ်ယူကျေနပ်ခဲ့တာ"

သည်နေရာမှာလည်း မမ၏အကြောင်းတွေကြားရတော့ နှိုင်းစိတ်ထဲ မွန်းကြပ်သလို ခံစားမိ၏။

"လှိုင်းနဲ့တုန်းက အမြဲပျော်ရွှင်နေတဲ့ ဦးဗညားတော်ဟာ၊ ယခုနောက်ပိုင်း အမြဲတမ်း တည်တည်ကြီးနဲ့ ဘယ်မိတ်ဆွေနဲ့မှလည်း အဆက်အဆံမလုပ်ချင်သလိုပဲ"



"အမှန်တော့ လှိုင်းကြောင့် သူခံစားနေရတာပဲဖြစ်မှာပေါ့၊ လှိုင်းနေရာမှာ ဘယ်သူကိုမှ အစားမထိုးနိုင်တဲ့ပုံပဲ"

ထိုစကားကြောင့် နှိုင်း မျက်နှာပျက်သွားရ၏။ ကံဆိုးစွာ ဘာကြောင့် ဒီအမျိုးသမီးနှစ်ယောက်နဲ့ လာဆုံနေရတာပါလိမ့်။

"ညီမက ဆံဝင်လာဖြောင့်တာဆိုတော့ လှိုင်းနဲ့တူအောင်လို့လား"

"အို ဟင်အင်း"

နှိုင်းယောင်ရမ်း၍ ခေါင်းခါလိုက်မိ၏။ အမျိုးသမီးနှစ်ယောက်၏အပြုံးက နှိုင်းကို ပြောင်လှောင်နေသလိုပါပဲ။

"မိန်းမတွေအတွက် ကိုယ်လက်ထပ်ထားတဲ့ယောကျ်ားက ကိုယ့်ကို စိတ်မဝင်စားတာ ခံရအခက်ဆုံးပဲနော်"

"ရှင်"

"ဒြော် ညီမကိုပြောတာ မဟုတ်ပါဘူး အစ်မတို့ မိန်းမသားတွေရဲ့ ခံစားချက်ကိုပြောတာပါ"

ဒါပေမယ့် နှိုင်း၏အဖြစ်နှင့် လာရောတ်တူနေတာပဲ။ ရုတ်တရက် ရှက်အားငယ်သလိုဖြစ်မိရ၏။

"ညီမက အသက်ငယ်ပြီး ရုပ်လေးကလှတော့ ချစ်သူရှိ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့မှာပေါ့''

''အို ဒါက''

''*အဟင်း ဒါပေမယ့် ဦးဗညားတော်ကို ညီမလက်ထပ်ခဲ့တာမှန်တယ်၊ မဟုတ်လို့ကတော့ ဘယ်လောက်ပဲ မှဆိုးဖိုဖြစ်ပါ*စေ ဦးဗညားတော်လို ပစ္စည်းဥစ္စာပြည့်စုံပြီး ယောကျ်ားပီသတဲ့ ခန့်ချောကြီးနားကို တခြားမိန်းကလေးတွေ ဝိုင်းဝိုင်းလည်နေမှာကွယ့်''

သည်လိုအရေးတွေမြင်၍ ဒက်ဒီနှင့်မာမီတို့က နှိုင်းကို ဦးဗညားတော်နဲ့ လက်ထပ်ပေးခဲ့ခြင်းဖြစ်မည်။

''သိပ်ကိုလှသွားပြီ ညီမ''

''အို''

ဖြောင့်စင်းနက်မှောင်သော ဆံနွယ်တွေနှင့် နှိုင်းသည် ဝင်းဝါကြည်စင်သော အသားအရေဖြင့် ကျက်သရေရှိစွာ လှပနေပါသည်။

''ညီမကလှတော့ ကောက်တာပဲဖြစ်ဖြစ်၊ ဖြောင့်တာပဲဖြစ်ဖြစ်၊ ဘယ်ဆံပင်နဲ့မဆို လိုက်တာကွယ့်''

''ကျေးဇူးပါပဲ''



ဆိုင်ရှင်ကို အပြုံးဖြင့်ပြောရင်း နှိုင်း ပိုက်ဆံရှင်းပေးလိုက်သည်။

''အင်း ဆံပင်ကတော့တူသွားပြီ၊ အဝတ်အစားပဲကျန်တော့တယ်''

''ဒါဆိုရင်တော့ ဦးဗညားတော်ကြိုက်တဲ့ ပုံစံဖြစ်သွားမှာပဲ''

နှိုင်းကိုကြည့်ပြီး အရှုံးသမီးနှစ်ယောက် တီးတိုးပေဖန်နေကြ၏။ အဝတ်အစားများကို သတိပြုမိသည်။

စကဒ်၊ ဂါဝန်၊ ကွာတားဘောင်းဘီ၊ လုံချည်ဆို ရှူချဲနောက်ခွဲ ထပ်ခွဲတွေသာဖြစ်နေပါလား။

အမှန်တော့ ဒီလိုဝတ်တာတွေဟာလည်း နှိုင်း၏အသက်အရွယ်နဲ့ဆိုလျှင် ခေတ်မလွန်ပါ။

သို့သော်

နှိုင်းမှာ မမလိုမြန်မာဆန်ဆန် ရင်ဖုံး ရင်စေ့အင်္ကျီနှင့် ဘာမှမခွဲမထားသော လုံချည်တို့ ရှိမနေပါ။

ဆံပင်တောင် ပုံစံပြောင်းလဲပြီမို့ အဝတ်အစားကိုလည်း နှိုင်း လိုက်ပြောင်းရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် နှိုင်း၏ကားလေးကို ဗိုလ်ချုပ်ဈေးသို့ ဦးတည်လိုက်သည်။

အရောင်နှ အရောင်ရင့်အင်္ကျီလုံချည်အားလုံးကို အကောင်းဆုံး စက်ချုပ်ဆိုင်တွင်အပ်စဉ်–

“ညီမလေး အသက်အရွယ်နဲ့ဆို ခေတ်မီမီလေးတွေချုပ်ပါလားကွယ်၊ အခု ညီမအပ်တဲ့ဒီပုံလေးတွေက မြန်မာဆန်တယ်ဆိုပေမယ့် ညီမနဲ့ဆို ရင့်နေမလားဘဲ”

စက်ချုပ်သမားက နှိုင်းကို အကြံပေးလာ၏။ နှိုင်း ခေါင်းခါရမ်းလိုက်ကာ…

“ဟင့်အင်း ကျွန်မ အင်္ကျီတွေအားလုံး မြန်မာဆန်ဆန်လေးတွေပဲ ချုပ်ပေးပါ၊ လုံချည်တွေအားလုံးလည်း ရိုးရိုးပါပဲ”

ကိုယ့်အကြောင်းနှင့်ကိုယ် နှိုင်းပြောတော့ စက်ချုပ်သူက အံ့သြသလိုကြည့်၏။

ငယ်ရွယ်သောအသက်လေးနှင့်မလိုက်အောင် ယဉ်ကျေးသူလေးပါလားဟုပင်။

“ကောင်းပါပြီ စိတ်ချပါကွယ်၊ ဒီခေတ်ထဲမှာတော့ ညီမက ချီးကျူးစရာပဲ၊ အများစုက ခေတ်မီနေကြတာလေ၊ တကယ်



တော့ မြန်မာမိန်းကလေးတွေဟာ မြန်မာဆန်တဲ့ ဝတ်စုံလေးတွေနဲ့လည်း လိုက်ပါတယ်”

နှိုင်း ကျေနပ်စွာပြုံးလိုက်၏။ နှိုင်း၏ပြောင်းလဲမှုကို တခြားသူကြိုက်ဖို့ထက် တစ်စုံတစ်ယောက်က နှစ်သက်သဘောကျဖို့သာလိုပါသည်။

ထိုနေ့က အိမ်ကို စိတ်လက်ပေါ့ပါးစွာပြန်ခဲ့၏။ အိမ်ရောက်တာနှင့် မမ၏ခေတ်ပုံရှေ့ရပ်ကာ…

“နှိုင်း ဒီလိုပုံစံပြောင်းတာ မမနားလည်ခွင့်လွှတ်ပေးနိုင်တယ် မဟုတ်လားဟင်”

မမက နှိုင်းကို နားလည်သလိုကြည့်နေပါ၏။ နှိုင်းသက်ပြင်းတစ်ချက်ချရင်း မမနားမှခွာခဲ့သည်။

○ ○ ○

www.burmeseclassic.com

www.burmeseclassic.com

## ၆

ဖက်ဖူးစိမ်းရောင် ရင်စေ့အင်္ကျီလက်ပြတ်ဝမ်းဆက်လေးမှာ နှင်း၏ဝင်းနုစ်သောအသားအရေနှင့် လိုက်ဖက်ကာ နက်မှောင်ဖြောင့်စင်းသော ဆံပင်များကို ဖြန့်ချလျက် မျက်နှာဝင်းဝင်းလေးထက်မှာ သနပ်ခါးမှုန်မှုန်လေးဖြင့် တကယ့်ကို မြန်မာဆန်ဆန်နှင့် လှပယဉ်ကျေးနေသည်။

မှန်ထဲမှ ကိုယ့်ပုံရိပ်ကိုကြည့်၍ အရင်ကနှင့်မတူ တည်ငြိမ်လှပသော ကျက်သရေရှိနေသည့် ဣန္ဒြေရှင်မိန်းကလေး။

ဒါဟာ မမလှိုင်းပုံစံပဲ။

နှင်းကို ဒီပုံစံနှင့် ဦးဗညားတော်မြင်လျှင် ဘယ်လိုနေမလဲ။ မကြာခင် သူရောက်လာတော့မည်။ အတွေးနှင့်ပင် နှင်း ရင်တစ်ချက်ခုန်သွားရ၏။

သည်နောက် အောက်ထပ်သို့ နှင်းဆင်းလာခဲ့၏။ မကြာ



ခင်…

"ကို ပြန်လာပြီ"

မျှော်နေတုန်း သူရောက်လာတာကြောင့် နှင်း အပြေးလေး ထွက်ကြိုလိုက်မိသည်။

"ကို"

"ဟင်"

တံခါးဖွင့်ပေးကာ အပြုံးလေးနှင့် ဆီးကြိုလိုက်သော နှင်းကို သူကတစ်ချက်မမြင်ဘူးသလိုကြည့်၏။

"ကို ဒီနေ့ပြန်လာတာ စောတယ်နော်"

ရုတ်တရက်တိတ်ဆိတ်သွားမှုကို နှင်းမှ စတင်ချိုးဖောက်ရဦး…

"မင်း ဘာတွေဖြစ်နေတာလဲ၊ နှင်း"

"ရှင်"

"အခု မင်းရဲ့ပုံစံဘာဖြစ်နေလဲသိလား"

တည်ငြိမ်အေးစက်စွာ သူမေးလာတာကြောင့် နှင်းမျက်နှာလေးပျက်သွား၏။

"နှင်း နှင်း ဘာဖြစ်နေလို့လဲကို"

www.burmeseclassic.com

www.burmeseclassic.com



"ဪ မင်းက ကိုယ့်ဘာသာ ဘာဖြစ်တယ်ဆိုတာ မသိဘူးဟုတ်လား၊ ဘာကြောင့်မင်းရဲ့ပုံစံကိုဖျောက်ပြီး လှိုင်းဖုံး ကို လိုက်တုနေရတာလဲဟင်၊ မင်းသိထားဖို့က မင်းဘာသာမင်း ဘယ်လိုပုံစံပဲပြောင်းပါစေ၊ လှိုင်းဟာ လှိုင်းပဲ၊ မင်းကမင်းပဲ နှင်း"

"အို"

သည်လိုစကားမျိုး သူပြောလိမ့်မည်ဟု မထင်ခဲ့ပါ။ ဖုံး ပြောင်းလဲထားသော သူမကိုမြင်လျှင် သူ အံ့ဩသွားမည်ဟုထင်ခဲ့ သဖြ ယခုတော့မှားပြီ။

"ငါ အမြဲတမ်းကြည့်နေတယ်၊ မင်းဟာ လှိုင်းကိုလိုက်ပြိုင် နေတယ်၊ အမြဲတမ်း လှိုင်းနဲ့လိုက်ယှဉ်ချင်နေတယ်၊ ဘာကြောင့် မင်းဒီလိုလုပ်ရတာလဲဟင်"

သူ့အမေးကြောင့် ရုတ်တရက် နှင်းမျက်နှာလေး နီသွား လျက် သူ့ကိုကြည့်မိ၏။

"ဘာကြောင့်လဲဟုတ်လား ဦးဗညားတော်၊ အဟင်း အဖြေကရှင်းနေတာပဲ၊ နှင်းဒီလိုလုပ်တာ လက်ထပ်ထားတဲ့ မိန်း တစ်ယောက်အနေနဲ့ ခင်ပွန်းတစ်ယောက်ရဲ့ ဂရုစိုက်မှုကို ခံချင်လို့ပါ ကို၊ ဒါပေမယ့် ရှင်ကတော့ ကျွန်မ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် မပြောင်းလဲ



ဘူးဆိုတာ သိပါတယ်၊ တကယ်တော့ ရှင်ဟာ ကျွန်မကိုမှ မဟုတ် ဘူး၊ မမကိုလည်း ဂရုစိုက်ခဲ့တာ မဟုတ်ဘူး"

"ဘာ မင်းဘာပြောတယ် နှင်း"

အိပ်မက်ကနိုးလာသူတစ်ယောက်လို သူမေးတော့ နှင်းရင် ထဲရှိတာတွေ ဆက်ပြောလိုက်၏။

"ကျွန်မ အစ်မကိုပြောတာ၊ မမရှိစဉ်တုန်းကလည်း ရှင့်ရဲ့ ဂရုစိုက်မှုကို အမြဲမျှော်လင့်ခဲ့မှာပဲ၊ ဒါပေမယ့် ရှင်က သက်ရှိလူကို ဂရုစိုက်ဖို့ထက်၊ သက်မဲ့အလုပ်တွေသာ ရှင့်ဘဝမှာ အရေးပါခဲ့ တယ်၊ ဂရုစိုက်ခဲ့တယ်မဟုတ်လား၊ မမဟာ ရှင့်ကို တစ်သက်လုံး စောင့်ရင်းနဲ့ပဲ ဆုံးပါးသွားခဲ့ရတယ်၊ အခု ကျွန်မအလှည့် သက်မဲ့ အလုပ်တွေကိုသာ ဂရုစိုက်နေတဲ့ ရှင့်ကိုမျှော်ရင်း ကျွန်မလည်း မမလိုပဲ အချိန်တွေကုန်ပြီး သေဆုံးရမှာပါပဲ ကို"

ပြောရင်း နှင်းအသံလေးများ တုန်ခါလာရ၏။ စကားဆုံး တာနှင့် နှင်းချာခနဲလှည့်ထွက်ခဲ့သည်။ ဖြူနုသော နှင်း၏ပါးပြင် ပေါ်သို့ မျက်ရည်စက်များ စီးကျလာတာ သူ မသိစေရ။

နှင်းထွက်သွားတဲ့အထိ နေရာမှာကျောက်ရုပ်ကြီးတစ်ခု လို ရပ်ကျန်ရစ်ခဲ့တာက ဗညားတော်။

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ နိုင်း၏နှုတ်မှ သူ ထင်မှတ်မထားသော စကားတွေကြားလိုက်ရ၏။

သေချာတာကတော့ နိုင်းစကားတွေဟာ သူ့ရင်ကို တုန်လှုပ်စေတာပါပဲ။

"ရှင်က သက်မဲ့အလုပ်တွေကိုသာ ဂရုစိုက်နေတဲ့လူ။ သက်ရှိလူကိုတော့ ဂရုမစိုက်ဘဲ ပစ်ထားခဲ့တာမဟုတ်လား၊ လိုင်းလည်း ရှင့်ကို စောင့်မျှော်ရင်း အချိန်တွေကုန်ခဲ့ပြီး အသက်ဆုံးခဲ့ရတာပဲ"

လိုင်း လိုင်းရယ်။ မင်းတကယ်ပဲ နိုင်းပြောသလို ကိုယ့်ကို စောင့်မျှော်ရင်း အချိန်ကုန်ခဲ့ရတာလား...

သည်လိုသာအမှန်ဆိုရင် မောင့်ရင်ထဲ နာကျင်လို့မဆုံးပါဘူးကွယ်။

တကယ်တော့ မောင့်ရင်ထဲမှာ မင်းဟာ ခုချိန်ထိ နေရာယူဆဲပါ လိုင်း။

ရင်ထဲကစကားတွေဆိုရင်း လိုင်း၏ဓာတ်ပုံကြီးရှေ့သို့ သူ ရပ်၍ ငေးစိုက်ကြည့်မိသည်။

"ဟင့်အင်း မောင် လိုင်းကို ဂရုမစိုက်ခဲ့ပါဘူး၊ လိုင်း



စောင့်ကို ဘယ်လောက်စောင့်ခဲ့ရတယ်မှတ်လဲဟင်၊ နောက်ဆုံးအချိန်ထိ မောင့်ကို လိုင်းစောင့်ခဲ့တာပါ"

အသက်ဝင်လာသော လိုင်းက သူ့ကို ခပ်မဲ့မဲ့လေးပြုံးကာ စော့ကျနပ်ချက်တွေ ပြောနေသယောင်...

သူခေါင်းကို ခါရမ်းလိုက်သည်။

"မဟုတ်ဘူး လုံးဝမဟုတ်ဘူး၊ လိုင်းကို မောင်ဂရုစိုက်ခဲ့ပါတယ်၊ လိုင်းအတွက် အရာအားလုံးပြည့်စုံစေဖို့ မောင်ကြိုးစားခဲ့တာပဲ"

"အဟင်း အခု အဲဒီသက်မဲ့အရာတွေနဲ့ မောင်ကျန်နေခဲ့ပြီပဲ၊ မောင်ကျေနပ်တယ် မဟုတ်လားဟင်"

လိုင်းက သူ့နားမှရပ်၍မေးလာ၏။ သူကြောင်ငေးစွာ လိုင်းကို ကြည့်မိသည်။

"ခုတော့ အဲဒီအရာတွေဟာ မောင့်ဘဝအတွက် အရေးကြီးတော့ပါဘူး လိုင်းရယ်၊ လိုင်းမရှိတဲ့ မောင့်ဘဝဟာ ဘယ်လောက်တောင် အထီးကျန်ခြောက်သွေ့နေလဲဆိုတာ သိလားဟင်၊ မောင့်ရင်ထဲ လိုင်းကို ဘယ်လောက်လွမ်းနေရလဲ"

ထိုစကားကြောင့် လိုင်းက ခေါင်းလေးမော့လာရယ်၏။

www.burmeseclassic.com

www.burmeseclassic.com



“လှိုင်း လှိုင်း၊ မောင့်ကိုဘာကြောင့် လှောင်နေတာလဲ ဟင်”

“အဟင်း မောင်ဟာအမြဲတမ်း ကိုယ့်အနားမှာရှိတဲ့လူကို တန်ဖိုးမထားသူဘဲ၊ အခု မောင့်အနားမှာရှိနေတာ ဘယ်သူလဲ နှိုင်းလေ နှိုင်းကိုရော မောင်ဂရုစိုက်လို့လားဟင်၊ အဟင်း နှိုင်းလည်း လှိုင်းလိုပဲ မောင့်ကိုစောင့်ရင်း အထီးကျန်ဝေဒနာကို ခံစားနေရပြီ၊ ဘယ်လောက်သနားစရာကောင်းလဲဟင်”

လှိုင်းက လက်ညှိုးထိုး၍ သူ့ကိုအပြစ်တင်နေပြီ။ သူ ခေါင်းခါရမ်းမိသည်။ သူ့ရင်ထဲကဝေဒနာတွေကို လှိုင်းသိအောင် ဘယ်လိုပြောရမှာလဲ။

“မောင် နှိုင်းကို ပစ်မထားပါဘူး၊ သူ့ကို အစစအရာရာ ပြည့်စုံအောင် မောင်ထားနေတာပဲ လှိုင်း”

“အဟင်း ဟင်း၊ မောင်က စီးပွားရေးသမားဆိုတော့ ငွေကြေးပြည့်စုံတိုင်း ကိုယ့်တာဝန်ကျေပြီလို့ မှတ်ယူတတ်သူပဲ၊ ဟုတ်ပါတယ်၊ လှိုင်းကိုလည်း မောင် စိန်ရွှေငွေရတနာတွေနဲ့ အလှုံ ပယ်ထားခဲ့တယ်လေ၊ ဒါပေမယ့် အဲဒီသက်မဲ့ပစ္စည်းတွေကြားမှာ လှိုင်းရဲ့နှလုံးသားဟာ ဘယ်လောက် အထီးကျန်ခြောက်သွေ့ခဲ့လဲ



ဆိုတာ သိရဲ့လားဟင်၊ ဘယ်လောက်ပဲ ချမ်းသာတဲ့ မိန်းမသားဖြစ်စေ ခင်ပွန်းရဲ့အချစ်ကို လိုချင်ကြတာ သဘာဝပဲ၊ ဒါကို မောင်မေ့နေသလား၊ ဒါမှမဟုတ် တမင်မသိချင်ယောင်ဆောင်ခဲ့တာလားဟင်၊ နှိုင်းကိုတော့ လှိုင်းလိုမဖြစ်ပါစေနဲ့ မောင်”

“လှိုင်း”

သူ့မျက်ဝန်းထဲမှာ လှိုင်း၏ရုပ်ပုံလွှာက ပျောက်ကွယ်သွားပြီး ရင်ထဲမှာ တစ်ဆစ်ဆစ်နာကျင်လျက် သူ အပြင်သို့ပြေးထွက်ခဲ့သည်။ ထို့နောက် ကားကို ကမူးရှူးထိုးမောင်း၍ နှိုင်းနှင့်ဝေးရာသို့လေ…

☼ ☼ ☼

www.burmeseclassic.com

www.burmeseclassic.com

## ဟျားတော်



သူ့ဘဝတွင် အချစ်ဆုံးမိန်းမတစ်ယောက်ကို ပြပါဆိုလျှင် "လှိုင်း" သာဖြစ်မည်။ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်ထိ အချစ်ဆိုတာကို စိတ်မဝင်စားခဲ့သော သူက လှပသိမ်မွေ့နူးညံ့သော လှိုင်းနှင့် တွေ့သောအခါ နှလုံးသားအရည်ပျော်ရလေ၏။

"ဒါက မေခင်ရဲ့သတို့သမီးအရံ၊ လှိုင်းထက်သာတဲ့"

သူ့ငယ်ချင်းမောင်မောင်၏မင်္ဂလာဆောင်မှာ "လှိုင်း" ကို တောင်မြင်ဖူးခြင်း။ ဖြူနုသောအသားအရေ ကျော့ရှင်းသော ကိုယ်ခန္ဓာ ပြစ်ဆိုစရာမရှိအောင် လှပသည့်မျက်နှာလေးနှင့် လှိုင်းအား သူ တစ်ခဏအတွင်း ငေးစိုက်ကြည့်မိတဲ့အထိပါပဲ။

"တွေ့ရတာဝမ်းသာပါတယ်ဆိုတဲ့ စကားထက် ပိုပါတယ် လှိုင်း"

တည်ငြိမ်တောက်ပသော သူ့မျက်ဝန်းတို့ကြောင့်ထင်။



www.burmeseclassic.com

www.burmeseclassic.com



လိုင်း မျက်လွှာချသွား၏။ သေချာတယ် သူ့ဘဝမှာ ဒီလောက်ကျက်သရေရှိ လှပတဲ့ မိန်းကလေးလေးမျိုး မတွေ့ဖူးခဲ့ပါ။

"လိုင်းကို ကိုယ်စိတ်ဝင်စားနေပြီ မောင်မောင်နဲ့မေခင်"

သူငယ်ချင်းတွေရှေ့မှာ သူ ဟန်မဆောင်ဘဲ ပွင့်လင်းစွာဝန်ခံခဲ့၏။

"မင်းအနေနဲ့ လိုင်းကိုစိတ်ဝင်စားတာ မဆန်းပါဘူးဗညားတော်၊ လိုင်းကို မြင်တဲ့သူတိုင်း စိတ်ဝင်စားကြတာပဲ"

"ဒါဆို ကိုယ်နောက်ကျပြီလား"

သူစိုးရိမ်စွာမေးတော့ မေခင်ပြုံးသည်။

"ရှင် ကံကောင်းပါတယ် ကိုဗညားတော်၊ လိုင်းမှာခုချိန်ထိ ချစ်သူမရှိသေးပါဘူး"

"ကျေးဇူးပဲ မေခင်၊ ဒါ ကျွန်တော်အတွက် မင်္ဂလာသတင်းပဲ"

အပြုံးဖြင့် သူ့ဝမ်းသာစွာပြောမိ၏။ နှင်းကို အကြိမ်ပေါင်းများစွာတွေ့နိုင်အောင် ကြိုးစားသည်။ သူ့အကျင့်က လိုချင်တာတစ်ခုကို ရအောင် ယူခြင်းပင်။

"ကျွန်တော် လိုင်းကိုချစ်တယ်"





ထိုစဉ်က နီမြန်းသွားသော လိုင်း၏ရှက်မျက်နှာလေးကို သူ ယနေ့ချိန်ထိ မမေ့နိုင်ပါ။

ဘဝမှာ လိုင်းနှင့်သာ အတူနေရလျှင် သူ့ဘဝ ပြီးပြည့်စုံပြီဟု ယူဆခဲ့၏။ တစ်ပတ်တစ်ခါ လေယာဉ်ဖြင့် လိုင်းဆီ ပန်းစည်းပို့ခဲ့သောသူ့ကို နောက်ဆုံးမှာတော့...

"နွဲ့ကောင်းတဲ့ရှင့်ကို ကျွန်မ အရှုံးပေးပါပြီ"

"ဟင့်အင်း ကျွန်တော် လိုင်းကို အနိုင်မယူခဲ့ပါဘူး"

"ဦးဗညားတော် စကားသိပ်တတ်တာပဲ"

"ဒါတောင်မှ ကျွန်တော့်ကို ချစ်တယ်လို့ လိုင်းမပြောသေးဘူးနော်"

သည်တော့ လိုင်း၏ချက်ခေါင်းကို မြတ်နိုးစွာ သူရှုံခဲ့၏။ လိုင်းက...

"မောင်"

ဟုခေါ်လာသောအချိန်မှာ လောက၏သာယာမှုကို ခံစားရသည်။

"မောင့်ကို ချစ်မိတဲ့အတွက် လိုင်း ဘယ်တော့မှ နောင်တမရပါစေနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ လှိုင်း၊ မောင့်ရဲ့အချစ်တွေအားလုံး လှိုင်း ဆီမှာပဲ တစ်သက်လုံး ပေးအပ်ထားမှာပါ"

"မောင့်ရယ်"

ကျေနပ်ပြုံးသော သူ့ရင်ခွင်ထဲသို့ ယုံကြည်စွာဖြင့် လှိုင်းခို ဝင်မှီလာခဲ့သည်။ အိစက်သော လှိုင်းကိုယ်လေးအား သူ မြတ်နိုး စွာ တွယ်ဖက်ရင်း

"မောင့်ဘဝမှာ လှိုင်းသာ အချစ်ဆုံးပါကွယ်"

ထိုကတိကို တည်ကြည်စွာပဲ သူစောင့်ထိန်းခဲ့ပါသည်။ လှိုင်းနှင့် လက်ထပ်ပြီးချိန်မှာ သူ အလုပ်ကို စိုက်ကြိုးစားခဲ့၏။

သူ့ရဲ့ရည်ရွယ်ချက်က

"ကိုယ်ချစ်တဲ့ မိန်းမတစ်ယောက်ကို ပြီးပြည့်စုံအောင် ထားဖို့ပါပဲ"

လှိုင်းနှုတ်များက လိုချင်တယ်ဆိုတာမျိုး မရှိစေရဟုပင်။

"လှိုင်း ဘာလိုချင်လည်း ဘာလုပ်ချင်လည်း လှိုင်းစိတ် ချမ်းသာတာ အားလုံးလုပ်နော်၊ မောင့်အတွက်က လှိုင်းစိတ်ချမ်း သာရင် ပြီးတာပဲ"

"လှိုင်းကို ဒီလောက်ထိ ချစ်သလားမောင်"





သောက်ရှူးကြွယ်ညီနောင်လို တစ်ဖျပ်ဖျပ် လက်သော မျက်ဝန်းလေးတွေဖြင့် လှိုင်းမေးလာတော့ အပြုံးဖြင့် သူ ခေါင်း ညိတ်ခဲ့၏။

"မောင့်မိန်းမ သူများတွေနဲ့ယှဉ်ရင် အမြဲတမ်း အထက်ရေ ပဲဖြစ်ရမယ်"

"ဒီလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်၊ ဒါပေမယ့် မောင်သိထားဖို့က လှိုင်းဟာ ဝတ်စားသနကို ခုံတဲ့ မိန်းမမျိုးမဟုတ်ပါဘူး၊ လှိုင်းအတွက် အဓိက စိတ်ချမ်းသာဖို့ပါပဲ"

သူ့ကို တည်ငြိမ်သော မျက်နှာလေးဖြင့် ကြည့်ရင်း ပြောစဉ်က လှိုင်း ဘယ်လိုအဓိပ္ပါယ်နှင့် ပြောတာလဲဟု မစဉ်းစား မိပေ။

"မောင့်မိန်းမ ငြိမ်းချမ်းတာကို သိပါတယ်၊ ဒါပေမယ့် မောင်ကိုက လှိုင်းကို သူများထက် သာစေချင်တာ"

"အခုလည်း ပြည့်စုံနေတာပါပဲ မောင်ရယ်"

မှန်တာ ပြောရလျှင် လှိုင်းက သိမ်မွေ့သော မိန်းတစ် ယောက်ဖြစ်၏။ သူများ မိန်းမတွေလို သိန်းသုံးရာတန် စိန်နား ကပ် ပန်ချင်တယ်မောင် ဟုလည်း တစ်ခွန်းမှ မပြောခဲ့ပါ။ ဖောက်

www.burmeseclassic.com



ဆုံး သူက လှိုင်းအတွက် ဖွေ့ည်းနှင့် အဝတ်အစားတွေ ဝယ်လာရင်း တောင်မှ

"အို မောင်ရယ် လှိုင်းမှာ အပြည့်အစုံရှိပါတယ်၊ ဘာလို့ ပိုက်ဆံအကုန်ခံပြီး ဝယ်လာတာလဲ"

ဟု ပြောတတ်သူည့် မိန်းကလေးမျိုး။ လှိုင်းက ရှောင့်ရဲနိုင်လေ သူက ပိုဆင်ချင်လေ ပို၍ လှိုင်းအား ပေးဆပ်ချင်လေ ဖြစ်မိ၏။

"ပြန်တာ မိုးသိပ်ချုပ်တာပဲ မောင်ရယ်"

သူညနေ့က်ပြန်လာတဲ့အထိ လှိုင်းက စိတ်ရှည်စွာ စောင့်တတ်၏။

"စာရင်းတွေ စစ်နေလို့ပါ လှိုင်း၊ ဘာလို့ မောင့်ကိုစောင့်နေတာလဲ လှိုင်း အိပ်ရေးပျက်မှာပေါ့ကွာ"

"အို မောင်ပြန်မရောက်သေးဘဲ လှိုင်း ဘယ်လိုအိပ်ပျော်နိုင်မှာလဲ၊ မောင့်ကိုမြင်မှ လှိုင်းရင်အေးရတာ"

"ဒါကြောင့် မောင့်မိန်းမကို မောင်သိပ်ချစ်နေရတာပေါ့" လှိုင်းအိမ်အပြင်မှာ ဘယ်လောက်ပဲ မောက်ကျနေပါစေ၊ လှိုင်းဆီကိုတော့ သူရောက်အောင် ပြန်မြဲပါ။





"မဖြစ်မနေသာ ခရီးထွက်ရမယ်၊ မောင် ဘယ်လောက်တောင် လှိုင်းကို လွမ်းလည်းသိလား"

ရင်ခွင်ထဲမှ လှိုင်းကိုယ်လေးကို မြတ်နိုးစွာဖက်ရင်း မျက်နှာလှလှလေးအား စိုက်ကြည့်ရင်း မေးမိသည်။

"လှိုင်းလည်း မောင့်ကို လွမ်းတာပါပဲကွယ်"

"တကယ်လား လှိုင်း"

"လှိုင်းရယ်"

ပြန်တွေးလိုက်တဲ့အချိန်တိုင်းမှာ လှိုင်းနဲ့ ပတ်သက်ပြီး ချိုမြိန်နူးညံ့မှုတွေ အမြဲအသစ်ဖြစ်တတ်၏။

"မောင်"

"လှိုင်း"

"တစ်ခါ တစ်ခါမှာ မောင်ဟာ လှိုင်းအနားမှာ ရှိပေမယ့် ဝေးရောက်နေသလို ခံစားရတယ်"

"အဟွန်း လှိုင်းရယ် ဒီလောက် တစ်အိမ်တည်း အတူနေတာပဲများကွာ"

လှိုင်းသာ သူ့ကို ခပ်ငေးငေးကြည့်သည်။ ထိုစဉ်က လှိုင်း၏ မျက်ဝန်းတွေကို သူ အဓိပ္ပါယ်တတ်ဖို့ ကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် မောင်၊ တစ်အိမ်တည်း အတူနေတာ တောင်မှ မောင်နဲ့လှိုင်းက ဝေးသလိုခံစားရတာလေ၊ အဲဒါ ဘာ ကြောင့်လဲဆိုတာ မောင်သိလားဟင်"

"ပြောပါဦး လှိုင်း"

"မောင်က အလုပ်ကိုပဲ ဂရုစိုက်နေတော့လေ"

"လှိုင်းအတွက် မောင်ကြိုးစားနေတာပါကွယ်"

ယောက်ျားကောင်းမှန်လျှင် အလုပ်ကိုကြိုးစားလုပ်၍ မိန်းမသားအား ကောင်းမွန်စွာ ထားနိုင်လျှင် သူ့ တာဝန်ကျေပြီဟု ထင်ခဲ့သည်။

☼ ☼ ☼



လှိုင်းတွင် သားလေးရှိနေပြီဟု သိလိုက်ရသောအခါ ကမ္ဘာအပေါ်တွင် သူသာအပျော်ဆုံး ဖြစ်ရ၏။ လှိုင်းနှင့် အိမ်ထောင် ကျပြီး ကလေးယူဖို့ အသင့်ဖြစ်ထားပေမယ့် ဖခင်ကြီးမှာက ချက်ချင်း မပေးခဲ့ပါ။

အိမ်ထောင်သက် နှစ်အတော်ကြာမှ ရလာသော ရင်သွေး မို့ သူ့ဝမ်းသာမှုက မဖော်ပြတတ်။

"ကိုယ့်ရင်သွေးလေး လွယ်ပေးတဲ့ လှိုင်းကို သိပ်ကျေး ဇူးတင်တာပဲဗျာ"

ဖြူနုသော လှိုင်း၏လက်ဖျားလေးများကို ဆုပ်ကိုင်၍ သူပြောတော့

"ဒီလို စကားမျိုး မပြောပါနဲ့ မောင်ရယ်၊ မောင့်ရဲ့ ရင် သွေးကို လှိုင်းကလည်း လိုချင်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"လှိုင်းရယ်"

သူ အလုပ်သွားလျှင် အိမ်မှာ တစ်ယောက်တည်း ကျန်တတ်သော လှိုင်းအတွက် အဖော်ပိုလိုအပ်ခဲ့ပေပြီ။

"အမွှာလေး" ဟု သိလိုက်ရသောအချိန်တွင်

"မောင်တော့ အရင်ကထက် အလုပ်ကို နှစ်ဆပိုကြိုးစားရမယ်"

သူပြောတော့ လှိုင်းမျက်နှာလေး ရွှတ်ခဲနဲ့ ပျက်သွားတာကို သတိမပြုမိခဲ့လိုက်ပေ။

"အလုပ်ကြိုးစားတာ ကောင်းပေမယ့်၊ ခုလည်းပြည့်စုံတာပါပဲ မောင်"

"ဘယ်ဟုတ်မလဲ လှိုင်း၊ သားတို့ရဲ့ ရှေ့ရေး ရှိသေးတယ်လေ"

သည်တော့ လှိုင်းမှာ သက်ပြင်းသာ ကျိတ်ချခဲ့၏။ ဘာကြောင့်များ သူ့ဘဝထဲမှာ အလုပ်သာ ကြီးစိုးနေပါလိမ့်ဟု တွေးခဲ့မည်ထင်၏။

"လှိုင်းရေ ... မောင် စင်္ကာပူသွားရမှာမို့ အဝတ်အစားတွေ ပို့နိုင်းလိုက်ပါ"





"အို ရုတ်တရက်ကြီး"

"ဟုတ်တယ် လှိုင်း၊ အရေးပေါ် ထိုးလေ"

ဤသို့ဖြင့် လှိုင်းကိုထား၍ နိုင်ငံခြားခရီးတွေ သူမကြာခဏ ထွက်ရ၏။

"လှိုင်း လိုက်ခဲ့မလား ဟင်"

"ဟင့်အင်း၊ မောင်က အလုပ်ကိစ္စနဲ့ သွားတာပဲ"

"အင်း ၊ ဟုတ်တယ် လှိုင်း၊ လှိုင်း လိုက်လည်း အချိန်က သိပ်ရတာ မဟုတ်ဘူး၊ ပင်ပန်းရုံပဲရှိမယ်"

မှန်တာပြောရလျှင် သူ့အတွက် လှိုင်းအိမ်မှာရှိနေလျှင် ကျေနပ်၏။ သူပြန်လာလို့ လှိုင်းမျက်နှာမြင်ရလျှင် အမောပြေရသည် မဟုတ်လား။

သို့သော် ခရီးက တစ်ခေါက်ပြန်လာတိုင်း လှိုင်းအတွက် လက်ဆောင်ပစ္စည်းကတော့ မမေ့ပေ။

"ဒီမှာ လှိုင်းအတွက် ဟိုနိုင်ငံက အကောင်းဆုံးပစ္စည်းတွေ"



www.burmeseclassic.com

www.burmeseclassic.com



အထည်ခံဝန်းများ၊ လက်ကိုင်အိတ်၊ ဖိနပ်မှအစ အားလုံး ဝယ်လာတတ်သော သူ့ကို လှိုင်း တည်ငြိမ်စွာကြည့်ပြီး

"ဘာကြောင့် အပင်ပန်းခံပြီး ဝယ်လာရတာလဲ မောင်၊ လှိုင်းက အိမ်ထဲမှာပဲ အနေများတာ၊ ဒါတွေ ဘယ်နေရာ သွားသုံး ရမှာလဲဟင်"

"အဟွန်း၊ မောင့်မိန်းမက တယ်ရိုးတာကိုး၊ ဘယ်မှဝတ် စရာမရှိရင် အိမ်နေရင်း ဝတ်ပစ်ဗျာ"

"အို၊ ဒီလောက်အကောင်းစားတွေကို"

နှမြောဟန်ပြသော လှိုင်းကို သူက ပြုံးကြည့်သည်။ လှိုင်း ကိုယ်လေးကို ညင်သာစွာ ထွေးဖက်ရင်း -

"မောင့်အတွက်ကတော့ မောင့်မိန်းမလှနေရင် ကျေနပ် ပါတယ်ဗျာ"

"ဒါဆို လှိုင်းက မောင့်အတွက် အလှပြရုပ်လေးလား ဟင်"

အဓိပ္ပါယ်ပါသော မျက်ဝန်းများဖြင့် လှိုင်းမေးခဲ့သည်။

"အရုပ်တော့ အရုပ်ပဲ၊ ဒါပေမယ့် သက်မဲ့မဟုတ်ဘူး၊





သက်ရှိ အရုပ်လေး"

"အို"

ထိုအချိန် သူနမ်းခဲ့စဉ်က လှိုင်းထံမှ အေးစက်သော တုံ့ ပြန်မှုသာ ရရှိခဲ့သည်။

"မောင်"

"လှိုင်း"

"လှိုင်း အိမ်ပြန်ချင်တယ်"

ပထမဆုံးအကြိမ် သူ့ကို မူဆာခြင်းပါ။ သူပြုံးကာ

"လှိုင်းရယ်၊ မောင်လိုက်ပို့ချင်ပါတယ်၊ ဒါပေမယ့် မောင့် အလုပ်တွေက များလေတော့"

"ဟင့်အင်း မောင်၊ လှိုင်းပြန်မယ်ဆိုတာ မောင့်ကို ပို့ ခိုင်းဖို့ မဟုတ်ပါဘူး၊ လှိုင်း တစ်ယောက်တည်း ပြန်မှာပါ"

"ဟာ ..မဟုတ်တာ၊ မောင် လှိုင်းကို စိတ်မချပါဘူး ဗျာ"

အိမ်ပြန်လာလို့မှ လှိုင်းကို မတွေ့ရရင် သူ နေတတ်မှာ မဟုတ်တာကြောင့် တားခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ စိတ်မချစရာမရှိဘူး မောင်၊ လှိုင်း ပြန်မှာ လေယာဉ်နဲ့ပဲ၊ ရန်ကုန်နဲ့ မန္တလေး တစ်ခဏရောက်တာ၊ ဟိုမှာ မာမီတို့ နိုင်းတို့ လာကြိုနေလိမ့်မယ်"

သည်တစ်ခါတော့ လှိုင်းက သူ့ကို ဆန့်ကျင်၍ ဖြစ်ချင်သော ဆန္ဒကိုပြောလိုက်၏။

"လှိုင်း တကယ်ပဲ ပြန်ချင်တာလား ဟင်"

"ဟုတ်တယ် မောင်၊ မာမီတို့ဆီ လှိုင်း ပြန်မရောက်တာ ကြာပြီပဲ"

"ဒါပေမယ့် မီးဖွားဖို့က ရှိသေးတယ်လေ"

"အဲဒါလည်း မာမီတို့ဆီမှာပဲ မွေးမယ် မောင်"

ထိုစကားကြောင့် သူမျက်နှာပျက်ချင်သွားရ၏။ အမှန်တော့ လှိုင်းကို သူ့ မျက်စိရှေ့မှာပဲ ရှိစေချင်တာ သို့သော် လှိုင်းက ဆန္ဒပြင်းနေလေတော့ သူအလိုလိုက်ဖို့သာရှိ၏။

"ဒီရက်ပိုင်းတော့ မောင် ခရီးတွေ ထွက်စရာရှိတယ် မောင်ပြန်လာမှပဲ"

"အို ဟင့်အင်း၊ မောင့်ဘာသာခရီးသွားတာပဲ၊ လှိုင်းပြန်တာနဲ့ ဘာမှမဆိုင်ဘူး၊ မနက်ပြန်ခဲ့ လှိုင်းပြန်တော့မယ်"

"ဟင်း ကောင်းပြီလေ၊ လှိုင်း ဒီလောက်ဆန္ဒရှိတာ မောင် တားတော့ပါဘူး၊ မောင်ကတော့ ခရီးကပြန်လာမှပဲ လှိုင်းဆီ လိုက်လာနိုင်မယ်"

"ရပါတယ် မောင်"

ဤသို့ဖြင့် လှိုင်း မန္တလေးသို့ပြန်သွားလေ၏။ ဒါဟာ လှိုင်းနဲ့သူတို့ရဲ့ နောက်ဆုံး နှုတ်ဆက်ခြင်းခရီး ဆိုတာသာ ကြို သိခဲ့ရင် တားမည်မှာ အမှန်ပါ။

ယခုတော့ လှိုင်းရယ်။

လှိုင်းတစ်ယောက် မိသားစုထံမှာ ပျော်ရွှင်စွာရှိနေလိမ့် မည်ဟု သူ ယုံကြည်စိတ်ချလျက် ခရီးတွေ ထွက်ဖြစ်ခဲ့သည်။

ရောက်တဲ့နေရာ လှိုင်းနှင့် ဖုန်းဆက်စကားပြော၏။

"မောင့်ဘာသာ အလုပ်ကို ဖြောင့်ဖြောင့်လုပ်ပါ၊ လှိုင်း အတွက် စိတ်မပူပါနဲ့၊ ဒီမှာ မာမီတို့ကလည်း လှိုင်းကို ဂရုစိုက်ကြ ပါတယ်"

"ဒီလိုဆို မောင်အလုပ်တွေ လက်စသတ်လိုက်မယ်နော် လှိုင်း၊ ဒါမှ လှိုင်းဆီ လိုက်လာရင် မောင်စိတ်ဖြောင့်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မောင်"

သူ့ရင်ထဲ လှိုင်းအတွက် နည်းနည်းလေးမှ ပူပန်ခြင်း မရှိဘဲ အဆက်မပြတ်ခရီးတွေ ထွက်လိုက်တာ လှိုင်း၏ မာမီကို ဖုန်းဆက်လာမှ ရပ်ခဲ့ခြင်းဖြစ်၏။

"လှိုင်း မီးဖွားတော့မယ် မောင်ဗညားတော်၊ အမြန်လိုက် လာပါ"

"ဗျာ ဟုတ်ကဲ့ မာမီ"

သည်အချိန်ထိ သူ့ရင်ထဲ လှိုင်းဆိုးဆိုးရွားရွားဖြစ်လိမ့်မည် ဟု မထင်ခဲ့ပေ။ လေဆိပ်မှာ နှိုင်းလာကြိုတာကိုပင် သာမန်လောက် ထင်ကာ

"မင်းအစ်မအတွက် ပန်းစည်း ဝယ်သွားရမယ်၊ လှိုင်းက ပန်းသိပ်ကြိုက်တာ" ဟ အပြုံးဖြင့်ပြောခဲ့သမျှ လှိုင်းဆီရောက် ချိန်မှာ -

"လှိုင်းဆုံးပါးသွားပြီ" ဆိုသော သတင်းက သူ့အတွက် မယုံနိုင်စရာဖြစ်ခဲ့၏။ လောကကြီး တစ်ခုလုံးမှာ ချာလည်သွား သလိုပါပဲ။

"အမွှာသားလေးနှစ်ယောက်ကတော့ ကျန်းကျန်းမာမာ





ပဲ"

မိခင်မရှိတော့သော ကလေးတွေ၏ ငိုသံက သူ့ရင်ထဲ မီးလိုပူလောင်စေသည်။

"လှိုင်း လှိုင်းရယ်၊ ဒီလောကကြီးထဲမှာ မင်း မရှိဘဲ မောင်နဲ့ သားတွေ ဘယ်လို ရပ်တည်ရမှာလဲ"

ကြေကွဲစွာဖြင့် ငြိမ်သက်နေသော လှိုင်းကို စိုက်ကြည့်မိ ခဲ့၏။

"ကလေးတွေရဲ့ ရှေ့ရေးက ရင်လေးစရာပဲ"

ဒီအရွယ်ဟာ မိခင်ရင်ခွင်မှာ ရှိနေရမယ့်အချိန်ပဲ၊ လူကြီး တွေက သားလေးများအတွက် စိတ်ပူပန်ကြပြီ၊ သူကတော့ ဘာ တစ်ခုမှ မပြောနိုင်။

နောက်ဆုံး သားလေးများအတွက် လူကြီးတွေ၏ စီစဉ်မှု ဖြင့် သူနှင့်နှိုင်းတို့ လက်ထပ်ခဲ့ကြသည်။

နှိုင်းကို လက်ထပ်ခဲ့ပေမယ့် သူ့ရင်ထဲရှိတာက လှိုင်း၊ ရှုံ့ကုန်အိမ်ပြန်ရောက်တော့ သူ့အတွက်ပိုဆိုး၏။

အရာအားလုံး လှိုင်း၏ ရုပ်ပုံလွှာတွေ ထင်ဟပ်နေသည်။

"မင်းကို မောင်ဘယ်တော့မှ မမေ့ပါဘူး လှိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစိတ်ဖြင့် အလုပ်ထဲမှာသာ အချိန်တုန်လျှက် အိမ်ပြန်ဖို့ အမြဲတမ်း ဝန်လေးခဲ့ရ၏။ သူ သိနေတာက နှိုင်းသည် လှိုင်း မဟုတ်ပေ။

○ ○ ○



လှိုင်းကိုမမေ့နိုင်သမျှ နှိုင်းအပေါ် လျစ်လျူရှုခဲ့သလို ဖြစ်မိတာအမှန်။ ကလေးတွေကို နှိုင်းနှင့် စိတ်ချစွာထားခဲ့၍ ခရီးခေါ သူ ခရီးတွေထွက်ခဲ့၏။

နှိုင်းနှင့်ကလေးတွေအတွက် ငွေအပြည့်ထားပေးသည်။

ငယ်ရွယ်လှန်းသော နှိုင်းကို မိန်းတစ်ယောက်လို သူ မမြင်နိုင်ခဲ့ပါ။

"ဒီလောက် ငယ်ငယ်နုနုလေးရထားတာ ခင်ဗျား ကံကောင်းတာပဲ ဦးဗညားတော်"

"တော်စမ်းပါဗျာ၊ နှိုင်းကို ကျုပ်က ကလေးတစ်ယောက် လောက် ပဲမမြင်ဘူးဗျ"

"ဒါတော့ ခင်ဗျားက လှိုင်းကိုပဲ အမြဲအလွမ်းကြီးနေတာ ကိုး၊ လှိုင်းက မဟာဆန်ဆန်လှသလို နှိုင်းကလည်း ပျိုမျစ်နုနယ်



www.burmeseclassic.com

www.burmeseclassic.com



မှတွေနဲ့ အလွန်ချစ်စရာကောင်းတာနော်"

မိတ်ဆွေတွေက နှိုင်းအကြောင်းပြောလာလျှင်တော့ သူ မလှုပ်မယှက်နေမိ၏။ နှိုင်းအပေါ် ဇနီးတစ်ယောက်ရယ်လို့ သူ ဘယ်လိုမှခံစား၍မရ။

အချိန်တွေကြာလာတာနှင့်အမျှ နှိုင်းဘက်မှ ပြောင်းလဲမှု များ ဖြစ်လာ၏။

"ကိုအကြိုက် ဟင်းတွေ နှိုင်းချက်ထားတယ်"

သူပြန်လာလျှင် နှိုင်းမှ အပြုံးဖြင့်ဆီးကြိုတတ်ပေမယ့် သူ မြင်နေမိတာက လှိုင်းတို့သာ။

"ဒီနေ့ မောင်ကြိုက်တဲ့ဟင်းတွေ ချက်ထားတယ် သိလား"

"အဟွန်း...ဟုတ်လား၊ ဒါကြောင့် မောင့်မိန်းမကို မောင် ပိုချစ်ရတာပေါ့"

"အို"

ဖြူနုအိထွေးသော လှိုင်းကို ရင်ခွင်ထဲဆွဲယူကာ ညင်သာ စွာ နမ်းခဲ့တာတွေ...

"ကို...ထမင်းစားမကောင်းဘူးလားဟင်၊ နှိုင်းချက်တဲ့





ဟင်းတွေ မကြိုက်လို့လား"

တစ်ယောက်တည်း အတိတ်ထဲမှာ နစ်မျောနေသော သူက နှိုင်းအသံကြားမှ သတိပြန်ဝင်လာ၏။

"နောက်တစ်ခါ မင်းကြိုက်တာပဲချက်ပါ နှိုင်း"

ထိုမျှပြောပြီး စားပွဲမှထလာခဲ့တာတွေ၊ နှိုင်းတစ်ယောက် ဘယ်လိုကျန်ခဲ့မည်ဟု သူ မစဉ်းစားမိခဲ့ပေ။

တစ်နှစ်ဆိုသောအချိန်ဟာ သူ့အတွက် ခဏလေးနှင့် ကုန်ခဲ့၏။ ကလေးတွေက နှိုင်း၏ပြုစုကောင်းမှုကြောင့် အတော် ကြီးထွားလာခဲ့ကြသည်။

"ကိုကိုနဲ့ညီညီ"

နှိုင်းက ထိုသို့ပဲ ကလေးတွေကို ခေါ်ခဲ့သည်။ မိနစ်ခြား ညီအစ်ကိုနှစ်ယောက်က သူနှင့်နှိုင်းကို မှတ်မိလျက် ရယ်ပြ နေတတ်ပြီ။

"သားတွေက အရမ်းချစ်စရာကောင်းတာပဲ ကို၊ အပြင် ခေါ်သွားတိုင်း သူတို့ကို မြင်တဲ့လူတိုင်းက ချစ်ကြတယ်"

ညဘက် သူပြန်လာ၍ အိပ်ပျော်နေသော ကလေးများကို

"ဟုတ်တယ် ကို၊ ဒါနှစ်ယောက်က တွန်းလှည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်လေ၊ ကလေးတွေက အပြင်ရောက်ရင် ပိုပျော်တယ်"

"ဪ"

နှိုင်းပြောသမျှလောက်သာ သူနားထောင်ပြီး စာကြည့်ခန်း ဝင်ခဲ့၏။

နှိုင်း၏သက်ပြင်းချသံကို နောက်မှကြားပေမယ့် ဂရုမပြု ခဲ့ပါ။

သူ၏ လျစ်လျူရှုမှုကို မခံနိုင်သော နှိုင်းက နောက်ဆုံး ဆံပင်ပုံစံနှင့် အဝတ်အစားမှအစ ပုံစံပြောင်းခဲ့၏။

နက်မှောင်ဖြောင့်စင်းသော ဆံပင်ရှည်များနှင့် အစိမ်းနု ရောင် ရင်စေ့အင်္ကျီလက်ပြတ်လေးဖြင့် လှပနေသည့် နှိုင်းအား ရုတ်တရက် သူမျက်စိထဲမြင်လိုက်မိတာက လှိုင်း...

"ဒီနေ့ ကိုပြန်လာတာ စောတယ်နော်"

သူလက်ထဲမှ အိတ်ကိုလှမ်းယူရင်း နှိုင်းအပြုံးလေးဖြင့် ပြောလာချိန်...

"မင်းဘာဖြစ်နေတာလဲ နှိုင်း၊ ဘာကြောင့် မင်းပုံစံကို မင်းမနေဘဲ လှိုင်းနဲ့လိုက်တူနေရတာလဲ၊ ဒီမှာ မင်း ဘယ်လောက် ပဲ ပုံစံပြောင်းပါစေ နှိုင်းဟာနှိုင်း၊ လှိုင်းဟာလှိုင်းပဲ"





ပေါက်ကွဲစွာ သူပြောမိခဲ့သည်။ ထိုစဉ်က နာကျင်သွား သော နှိုင်း၏ပုံစံလေးကို သူ မေ့လို့မရခဲ့ပါ။

"ရှင်ဟာ အသည်းမာတဲ့ လူတစ်ယောက်ပဲ ဦးဗညား တော်၊ ရှင့်အနားရှိတဲ့ သက်ရှိတွေထက် သက်မဲ့အရာတွေကိုပဲ ဂရုစိုက်ခဲ့တယ်၊ မမဟာလည်း ရှင့်ကိုစောင့်မျှော်ရင်း အထီးကျန်ခဲ့ရ တယ်၊ အခု ကျွန်မအလှည့်...၊ ကျွန်မလည်း ရှင့်ကို စောင့်မျှော်ရင်း အဝကုန်ဆုံးရမှာပါပဲ"

နှိုင်းကလည်း ဝထမဆုံးအကြိမ် ရင်ထဲရှိတာ ဖွင့်ဟခဲ့ သည် သူ့ အမှန်နှင့်အမှားကို မခွဲတတ်တော့။ လှိုင်းကို သတိရနေ တာ အမှားလား၊ နှိုင်းကို လျစ်လျူရှုမိခဲ့တာ အမှားလား။

သေချာတာကတော့ သူ့အတွက် တစ်စုံတစ်ရာ အမြဲ တစ်ခု လိုအပ်နေပြီ။

"မေ့သင့်မေ့ထိုက်တဲ့ အချိန်မှာ မေ့သင့်မေ့ထိုက်တဲ့လူ ကို မေ့ရမှာ မဆန်းပါဘူး ဗညားတော်၊ နှိုင်းကို အနားမှာထား ရင်း မင်းက လှိုင်းကိုသတိရနေတာဟာ အမှားအကြီးဆုံးပဲ"

"ဒါဆို ငါ လှိုင်းကို သတိမရရတော့ဘူးလား"

"သတိရတယ်ဆိုတာ အတိုင်းအတာတစ်ခုနဲ့လေ၊ နှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဂရုမစိုက်မိခဲ့လို့ မင်း နောင်တတွေနဲ့ ခံစားနေရတာ၊ အခု နှိုင်းအလှည့်… နှိုင်းကိုလည်း လှိုင်းလိုပဲ မင်းခံစားစေချင်တာလား''

''ဟင့်အင်း…နှိုင်း ငါ့ကြောင့်ခံစားရမှာစိုးလို့ တမင်ဝေးဝေးနေခဲ့တာ''

သူနှင့်ပတ်သက်၍ လှိုင်း စိတ်ဆင်းရဲခဲ့ရတာကို သိလေပြီ၊ ထို့ကြောင့် နှိုင်းကို လှိုင်းလိုမခံစားစေလို။

''အဲဒါကိုက မင်းမှားနေတာ ဗညားဇော်၊ မင်းစဉ်းစားကြည့်စမ်း…နှိုင်းဟာ အပျိုစင်ဘဝနဲ့ မင်းလို မုဆိုးဖို ကလေးနှစ်ယောက်အဖေကို လက်ထပ်ခဲ့တာ…

ဒါကိုပဲ မင်းက ဂရုမစိုက်ဘဲ လျစ်လျူရှုတယ်ဆိုတော့ နှိုင်းရင်ထဲ ဘယ်လောက်ခံစားရမလဲ…

ဒီကိုလိုက်လာတာဟာ နှိုင်းအနေနဲ့ မင်းကို အားကိုးယုံကြည်လို့ပဲ ဗညားဇော်၊ မင်းက ဂရုမစိုက်တော့ နှိုင်း ဘယ်လောက်အထီးကျန် ခြောက်သွေ့နေမလဲ''

မောင်မောင် ရန်ကုန်ရောက်နေခိုက် သူ ခံစားချက်တွေ ရင်ဖွင့်မိ၏။ သူနှင့် လှိုင်း၊ နှိုင်းတို့အကြောင်းကို မောင်မောင့်





အခင် အသိဆုံးပါ။

''ဒါဆို ငါ ဘာလုပ်ရမလဲ မောင်မောင်''

''ဗညားဇော်…မင်းဟာ စီးပွားရေးမှာ တော်သလောက် ချစ်ရေးမှာ သုညအဆင့်ပဲကွ၊ ဒါကြောင့် မင်းနဲ့ပတ်သက်ပြီး လှိုင်းနဲ့ နှိုင်း ခံစားရတာ''

မောင်မောင် ဝေဖန်တော့ သူ ငိုင်သွား၏။ ချစ်သူအတွက် အပ်ဆန္ဒအားလုံးပြည့်ဖို့ သူ ငွေရှာခဲ့တာပဲ။

''ငါ သူတို့ကို အပြည့်စုံဆုံး ထားခဲ့ပါတယ် မောင်မောင်''

''မိန်းမတွေဟာ အပေါ်ယံအခြင်းမှာ ဝုဏ်ပကာသနကို ပ်မောတတ်ကြပေမယ့် တကယ်တမ်း သူတို့တန်ဖိုးထားတာက ချစ်ပဲကွ…

ကိုယ့်ခင်ပွန်းက ကိုယ့်ကိုချစ်တာလောက် ဂရုစိုက်တာ ယက် သူတို့အတွက် တန်ဖိုးရှိတာ…ဘာမှမရှိဘူး ဗညားဇော်''

''ဒါပေမဲ့ ငါနဲ့နှိုင်းက ချစ်လို့ လက်ထပ်ခဲ့တာမဟုတ် ဘူး၊ ကလေးတွေကြောင့်သာ လူကြီးတွေအလိုကျ လက်ထပ် ခဲ့ကြတာပဲ မောင်မောင်''

လှိုင်းနှင့်တုန်းက ချစ်ပြီးမှ လက်ထပ်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းနဲ့ကျတော့ အစိမ်းသက်သက်··အရှေးသဖြင့် သူ့မျက်

နှိုင်းကို ကလေးတစ်ယောက်ဟု ထင်နေမိ၏။

"ဘာ်အတွက်ကြောင့်ပဲ လက်ထပ်ခဲ့တယ်ဖြစ်စေ

မင်းနဲ့နှိုင်းဟာ တရားဝင်ဇနီးမောင်နှံ···၊ နှိုင်းဟာ မင်းရဲ့ဇနီး၊

မယားပဲ ဗညားတော်···

ဒီတော့ ဇနီးတွေရဲ့ထုံးစံအတိုင်း ကိုယ့်ခင်ပွန်းဆီက

ကိုတော့ မျှော်လင့်မှာပဲကွ"

"နှိုင်းကောလား မောင်မောင်"

ထိုအမေးကြောင့် မောင်မောင်က စိတ်မရှည်သလို

၏။

"ထိပ်ဆုံးက နှိုင်းပါဝင်တာပေါ့ ဗညားတော်၊ မင်း

ကြင်နာမှုကို လိုချင်လို့သာ နှိုင်းဟာ ပုံစံပြောင်းပစ်ခဲ့တာပဲ"

"သူ ဘယ်လိုပုံစံပြောင်းလိုက်လဲဆိုတာ မင်းသိ

မောင်မောင်"

"သိတယ်··မင်းရောက်စက ပြောခဲ့သလို နှိုင်း

ဘာကြောင့် လှိုင်းနဲ့တူချင်ရတာလဲဆိုတာလေ၊ မင်းက လှိုင်း

ချစ်ခဲ့တာ နှိုင်းသိတယ်၊ ဒီတော့ လှိုင်းလိုပုံစံပြောင်းရင်





အချစ်ကို ရမလားလို့ နှိုင်းမျှော်လင့်ပြီး ပုံစံပြောင်းပစ်တာပဲ"

"ဟင်··ငါ့ရဲ့အချစ် ဟုတ်လား မောင်မောင်"

သည့်အခိုက် မောင်မောင်က သူ့ကို စိုက်ကြည့်၏။

ထို့နောက်····

"မင်း··နှိုင်းကို မချစ်ဘူးလား ဗညားတော်"

ဟု မေးလိုက်ခိုက် သူ့ ရုတ်တရက် ငြိမ်သက်သွားရလေ

သည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

ထိုညက မောင်မောင်နှင့်ပင် သူ အချိန်ကုန်ခဲ့သည် မနက်ကျတော့ ကုမ္ပဏီသို့ ဆက်သွားခဲ့၏။ နှင်းနှင့်ပတ်သတ် သူခေါင်းထဲမှာ အတွေးများနေ၏။ ထိုစဉ်...

"တီ...တီ"

လက်ကိုင်ဖုန်းသံ မြည်လာတာကြောင့် သူကိုင်လို တော့...

"ဟဲလို"

"နှင်းပါ...ဦးဗညားတော်"

မနေ့ညကနှင့်မတူဘဲ နှင်းအသံမှာ အကျော်တည် ဆေးဆေးနေ၏။

"ပြောပါ နှင်း"

"ကျွန်မ ကလေးနှစ်ယောက်ခေါ်ပြီး မန္တလေး





ဗညားတော်"

"ဟင်"

"ကျွန်မ မရှိပေမယ့်လည်း ဦးဗညားတော်အတွက် အဆင် ပြေမှာပါ၊ ဒါပါပဲ"

"နှင်း...နှင်း"

သို့သော် နှင်းက ဖုန်းချသွားလေပြီ။ သူသာ ဖုန်းထပ် ခေါ်လိုက်၏။

"လူကြီးမင်းခေါ်ဆိုသောဖုန်းမှာ စက်ပိတ်ထားပါ၍ဖြင့်" နှင်းက ဖုန်းတစ်ခါတည်း ပိတ်လိုက်ခြင်းပါလား။ သူ ခေါ် နှင်း စိတ်နာသွားတာပဲဖြစ်မည်။

"ဘာတွေငိုင်နေတာလဲ ဗညားတော်"

"ဪ...မောင်မောင်...လာ"

နေ့လယ်စာအတွက် မောင်မောင်ကို ချိန်းခဲ့၏။ မျက်နှာ ငေါင်းသော သူ့ကို မောင်မောင်ကြည့်သည်။

"နှင်း ခုပဲ ဖုန်းဆက်တယ် မောင်မောင်၊ သားတွေကို ပြီး မန္တလေး ပြန်သွားပြီတဲ့"

"ဟာ...ဒါ...မင်းကို စိတ်ကောက်သွားတာပဲ ဗညားတော်၊



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းလိုက်မှဖြစ်မယ်''

သူ ခေါင်းခါယမ်းလိုက်၏။ မောင်မောင် မျက်မှောင်ကြုတ်ကာ...

''ဘာလဲ...မင်းက မလိုက်နိုင်ဘူးလား ဗညားတော်''

''မဟုတ်ဘူး...မနက်ဖြန် ငါ နိုင်ငံခြားကိုသွားရမယ် မောင်မောင်''

''ဒါဆို နှိုင်းက ဘယ်လိုလုပ်မလဲ ဗညားတော်''

သူက တစ်ချက်စဉ်းစားလိုက်ပြီးမှ ကြည်လင့်သော မျက်နှာဖြင့်...

''ညက မင်းပြောခဲ့တဲ့ စကားတွေ ငါစဉ်းစားခဲ့တယ် မောင်မောင်၊ မင်းပြောတာ မှန်တယ်၊ ငါဟာ လက်ရှိဘဝကို မေ့နေသူပဲ၊ တကယ်တော့ နှိုင်းကို ငါ ဝစ်မထားသင့်ဘူး...

ခုဆို ကလေးတွေရဲ့မာမီဟာ နှိုင်းသာဖြစ်တယ်၊ ဒါကြောင့် နိုင်ငံခြားကပြန်လာရင် နှိုင်းအပေါ် ခင်ပွန်းတစ်ယောက်ရဲ့ အချစ်နဲ့ ကြင်ကြင်နာနာ ဆက်ဆံသွားဖို့ ဆုံးဖြတ်လိုက်ပြီ''

ထိုစကားကြောင့် မောင်မောင် ဝမ်းသာစွာပြုံး၏။

''မင်း အချိန်မီအမြင်မှန်ရလာတာပဲ ဗညားတော်၊





ယ်တော့ မင်းနဲ့နှိုင်းဟာ အင်မတန်လိုက်ဖက်ပြီး ချစ်စရာ င်းတဲ့ မိသားစုပါ၊ မင်းတို့မိသားစုအတွက် ငါ ဝမ်းသာစွာ ဖို့ပါတယ်ကွာ''

''ကျေးဇူးပဲ မောင်မောင်''

ထိုဆုံးဖြတ်ချက်ကြောင့် သူ့စိတ်တို့ ပေါ့ပါးလန်းဆန်းသွား ည်။ လတ်တလော အခြေအနေတော့ နှိုင်းလည်း မိဘတွေ တွေ့ အနားယူပါစေဦး၊ နိုင်ငံခြားက သူပြန်လာချိန်မှာ အံ့ဩ ကောင်းတဲ့ ပြောင်းလဲမှုတွေကို နှိုင်း ဆုံရမှာပါ။

''ကိုယ့်ရဲ့ ပြောင်းလဲမှုတွေဟာ နှိုင်းအတွက် အံ့မခန်း ရပါမယ်ကွယ်၊ နှိုင်းအတွက် လူသစ် စိတ်သစ်နဲ့ ချစ်တဲ့ င်းအဖြစ် 'ကို' ပြန်လာမှာပါ''

သူ့ရင်ထဲမှ တိုးတိတ်စွာပြောမိ၏။ တစ်ယောက်တည်း ဖတ်အတွက် ကျေနပ်စွာပြုံးမိသည်။

''သားတို့အပေါ်မှာလည်း ဂရုစိုက်တဲ့ ဒက်ဒီ၊ ကြင်နာ တဲ့ဒက်ဒီအဖြစ် နှိုင်း မြင်ရမှာပါကွယ်''

နွေးထွေးသော မေတ္တာများနှင့် သားနှစ်ယောက်အပေါ် ကောင်းတစ်ယောက်အဖြစ် သူ ဂရုစိုက်တော့မည်ဖြစ်၏။

နောက်နေ့မှာ နိုင်ငံခြားသွားခါနီး နှိုင်းထံ ဖုန်းဆက်လိုက်သည်။

"နှိုင်း"

"ပြောပါ…ဦးဗညားတော်"

"အဟွန်း…ကိုယ့်ကို ဘာကြောင့် နာမည်တပ်ခေါ်နေရတာလဲ နှိုင်း"

"အို…ဒါက…"

ရုတ်တရက် နှိုင်းဘက်မှ တိတ်ဆိတ်သွား၏။ သူတစ်ယောက်တည်း ပြုံးလိုက်ကာ…

"ကိုယ်…အခု လေဆိပ်ရောက်နေပြီ နှိုင်း"

"ဟင်…ဘာအတွက်လဲ"

"အဟွန်း…ကိုယ် အလုပ်ကိစ္စနဲ့ နိုင်ငံခြားသွားရမယ် နှိုင်း၊ သိပ်တော့မကြာပါဘူး၊ အဲဒီကပြန်လာရင် နှိုင်းအတွက် အံ့ဩစရာကောင်းတဲ့ လက်ဆောင်တွေ ကိုယ်ယူလာခဲ့မယ်"

"အို…မလိုပါဘူး၊ ဦးဗညားတော်သာ ကိုယ့်ဘာသာကျန်းမာရေး ဂရုစိုက်ပါ"

မိန်းတစ်ယောက်၏ဝတ္တရားဖြင့် နှိုင်း မှာနေရပေမေ





တကယ်တမ်း ရင်ထဲ နာကျင်သလိုပါပဲ။

သည်လိုအခြေအနေမှာ သူ့ တကယ်တမ်း လာသင့်တာက နှိုင်းဆီကိုမဟုတ်လား။

ယခုတော့ နှိုင်းနှင့်သားတွေ မြန်မာပြည်သွားတာတောင်မှ သူက ခရီးထွက်ဦးမည်တဲ့။ ကဲ…ဘယ်လောက်စိမ်းကားလဲ။

"ကိုယ့်အပေါ် ဂရုစိုက်တဲ့အတွက် ကျေးဇူးတင်ပါတယ် နှိုင်း"

"ကျေးဇူးတင်စရာမလိုပါဘူး ဦးဗညားတော်၊ ဒါက မိန်းတစ်ယောက်ရဲ့ဝတ္တရားပဲ"

"အဟွန်း…ဟုတ်ပြီလေ၊ ကိုယ်ကလည်း ခင်ပွန်းတစ်ယောက်ရဲ့ဝတ္တရားအရ နှိုင်းဆီ ခရီးထွက်ကြောင်း ပြောတာပါ၊ ဒါနဲ့ သားတို့ကော နေကောင်းရဲ့လား နှိုင်း"

"ကောင်းပါတယ်…သူတို့အဘိုးနဲ့အဘွား လက်ထဲမှာ သိပ်ပျော်နေကြပါတယ် ဦးဗညားတော်"

တစ်နှစ်ကြာပြီးမှ မြင်တွေ့ရသော ကလေးများအား အဘိုးနှင့်အဘွားက ချစ်၍မဆုံးအောင်ပါ။

"ဒက်ဒီနဲ့မာမီတို့ကိုလည်း သတိရကြောင်း ပြောပေး

www.burmeseclassic.com



ပါ နှိုင်း၊ ကဲ··ကိုယ် လေယာဉ်ပေါ်တက်တော့မယ်··ဘိုင်"

"ဘိုင်"

ဖုန်းချပြီးနောက် နှိုင်း သက်ပြင်းလေးချလိုက်၏။ မာမီ အနားရောက်လာသည်။

"မောင်ဗညားတော်လား နှိုင်း"

"ဟုတ်တယ် မာမီ၊ ခုပဲ နိုင်ငံခြားကို အလုပ်ကိစ္စနဲ့ သွားပြီ"

"ဪ"

ရုတ်တရက် မာမီလည်း ငေးငိုင်သွားပြီးမှ ချက်ချင်း ပြုံးလိုက်ရင်း···

"သူ့ခမျာလည်း အလုပ်က တယ်များတာကိုး၊ ဒီလို အလုပ်ကြိုးစားတာဟာလည်း သမီးနဲ့ သားနှစ်ယောက်အတွက်ပဲ မဟုတ်လား၊ ဒီတော့ သမီးကပဲ အစစအရာရာ နားလည်ပေးပါ ကွယ်"

"ဟုတ်ကဲ့ပါ···မာမီ"

မာမီတို့အမြင်မှာတော့ တစ်နှစ်ကျော်မျှမြန်တွေ့ရတဲ့ သူတို့ သမီးဟာ အရင်ကထက် စိုလှလာပြီး အရည်အသွေးကောင်းလှ





သာ ဓိန်များကြောင့် အရောင်တဖျပ်ဖျပ်နှင့် တောက်ပနေသည် ဟုတ်လား။

ကလေးနှစ်ယောက်မှာလည်း အထူးဂရုစိုက်မှုကြောင့် ူးတုတ်ခဲကာ တစ်နေ့ကို သုံးစုံထက်မနည်း ကောင်းမွန်သော တ်အစားများ လဲနိုင်ခြင်းကပဲ အမြဲသစ်လွင်လှပ ချစ်စရာ ာင်းနေ၏။

"အိမ်ထောင်ကျသွားရင် ယောကျ်ားတစ်ယောက်ရဲ့ ည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ သူ့မိန်းမရဲ့ ကလေးတွေ ကြည့်ရုံနဲ့သိသာတယ်၊ မယားနဲ့ ကလေးတွေ အရောင် တ်တောက်ပပဖြစ်နေရင် ဒီယောကျ်ား အရည်အချင်းရှိလို့ပဲ···

ဒါမှမဟုတ်ဘဲ မယားနဲ့ကလေးတွေ စားရမဲ့ သောက်ရမဲ့ အရောင်မှိန်ဖျော့နေရင် ဒါဟာ အရည်အချင်းမရှိတဲ့ ယောကျ်ား ဆိုပဲကွယ့်"

နှိုင်းနှင့်ကလေးတွေကိုကြည့်ပြီး မာမီက ထိုသို့ပြောခဲ့ ည်။

"ဦးဗညားတော်က မိန်းမနဲ့ကလေးတွေကို ပြည့်စုံအောင် ် ဝိုအောင်ထားနိုင်ပါတယ် မာမီ၊ တစ်နေ့··တစ်နေ့ သူ့အ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အလုပ်ပဲရှိတယ်"

"ဒါ ကောင်းတာပေါ့ကွယ်၊ အလုပ်မလုပ်တဲ့ ယောကျ်ား မျိုးနဲ့သာတွေ့ရင် မာမီသမီးနဲ့ မြေးတွေ ဒုက္ခရောက်ကုန်မှာပေါ့"

"အို . . . မာမီတို့သမက်က အလုပ်လုပ်တဲ့နေရာမှာ သူများထက်ကို လောဘကြီးပါတယ်နော်"

ကလေးတစ်ယောက်လို နှုတ်ခမ်းလေးစူကာ နှိုင်းပြောတော့ မာမီပြုံး၏။ နှိုင်း ဘာကိုဆိုလိုတယ်ဆိုတာ လူကြီးဖြစ်တဲ့ မာမီ မသိဘဲနေမလား။

ဒါပေမဲ့ . . .

"အိမ်ထောင်ဆိုတာ ကိုယ့်ခင်ပွန်းအပေါ် နားလည်ပေးတတ်ရတယ်ကွယ့်"

တည်ရှိပြီးသော အိမ်ထောင်ရေးအား ဆက်လက်တည်စေ့အောင် မာမီက ထိုသို့သာ ဆုံးမခဲ့လေ၏။

☼ ☼ ☼



"နှိုင်း"

"ဟင် . . . ခေါင်း"

မမျှော်လင့်ဘဲ ခေါင်းကိုတွေ့လိုက်ရ[illegible] နှိုင်း [illegible] အံ့ညြသွား၏။ ခေါင်းက နှိုင်းကို ချစ်ခြည်[illegible]

"နှိုင်း . . . နှိုင်း တစ်ယောက်တည်း[illegible]"

"ဟုတ်ပါတယ် ခေါင်း၊ [illegible]"

နှိုင်းအမေးကြောင့် ခေါင်း ခပ်မဲ့မဲ့ပြုံး[illegible] နှိုင်း မခံနိုင်သလိုပါပဲ။

"ကိုယ်ကတော့ ခုထိတစ်[illegible] နှိုင်း"

"အို"

"ကိုယ်တို့ တစ်နေရာရာမှာ [illegible] ပြောကြရအောင် နှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"အို…ဟင့်အင်း…နှင်း…နှင်းမှာ အချိန်မရှိလို့"

တစ်ချိန်က ချစ်ခဲ့ရဖူးသော လူတစ်ယောက်မှ
ငြင်းလိုက်ရတာ စိတ်ထဲမကောင်းပါ။

ဒါပေမဲ့ နှင်းသည် အရင်လို လွတ်လပ်သူတစ်ယော
မဟုတ်တော့ပေ။

"ဒီလောက် အကြာကြီးနေမှ ကိုယ်နဲ့နှင်း ပြန်တွေ့ရ
ပါဗျာ၊ ကိုယ့်အတွက် အချိန်နည်းနည်းလောက်တော့ နှင်း ပေး
ပါတယ်"

ဓောင်းဝန်သော မျက်ဝန်းများဖြင့် ဓောင်းပြောလာ
နှင်း သက်ပြင်းကြိတ်ချမိရ၏။

"ကောင်းပြီလေ…နာရီဝက်လောက်တော့ နှင်းမှာအ
ရပါတယ်"

"အဟွန်း…ကိုယ့်အတွက်က အဲဒီလောက်အချိန်လေ
လည်း တန်ဖိုးရှိပါတယ် နှင်း"

ဤသို့ဖြင့် နှင်းတို့နှစ်ယောက် မန္တလေးတောင်ခြေသို့
ရောက်ခဲ့သည်။ ခရေပင်များအုပ်ဆိုင်းနေသော လမ်းလေးမှာ
အတူလျှောက်မိ၏။





ကျဲပြန့်နေသော ခရေပွင့်လေးတွေ…

"ဒီနေရာတွေကို နှင်း မှတ်မိပါတယ်နော်"

"အို…ဓောင်းရယ်"

အရင်ချစ်ခဲ့စဉ်က နှင်းနှင့်ဓောင်းတို့၏ ခြေရာများဖြစ်ခဲ့
သည့်နေရာတွေ…နှင်းအတွက် ခရေပန်းလေးတွေကို ဓောင်း
ကိုယ်တိုင် သီကုံးပေးခဲ့၏။ ယခုတော့ အလွမ်းခြေရာဖြစ်နေပြီ။

"အကြောင်းပြချက်မရှိဘဲ ကိုယ့်ကို ဘာကြောင့် ရက်ရက်
စက်စက် စွန့်ထားခဲ့ရတာလဲ နှင်း၊ နှင်းရဲ့လုပ်ရပ်ဟာ ကိုယ့်ရင်ကို
ဘယ်လောက်ထိခိုက်နာကျင်စေတယ်ဆိုတာ သိရဲ့လားဟင်"

ဓောင်းက နှင်းနှင့်မျက်နှာချင်းဆိုင်ရင် မေးလာသည်။
ဓောင်းမျက်ဝန်းထဲမှာ နာကျင်ကြေကွဲမှုတွေ ပြည့်နေသလိုပါပဲ။

နှင်း မျက်လွှာချလိုက်မိ၏။ ဦးသုညာ၊ ဓောင်ကို လက်ထပ်
ခဲ့စဉ်က ဓောင်းအား တစ်ချက်မစဉ်းစားနိုင်ခဲ့ပါ။ ထလေးတွေ
အတွက်သာ အရေးကြီးဆုံးဖြစ်ခဲ့၏။

"ကိုယ့်ကို တစ်ခုခုပြောပါဦး နှင်း"

တိတ်ဆိတ်နေရာမှ နှင်း မျက်တောင်ကော့များ ပြည့်ညှင်း
မှာ ပင့်ကြည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှင်းရဲ့လုပ်ရပ်ဟာ ခေါင်းအပေါ်မှာ နာကျင်စေတယ် ဆိုရင် နှင်း တောင်းပန်ပါတယ်၊ ဒါပေမဲ့ နှင်းအတွက် ခေါင်းကို ထားခဲ့စေတဲ့ကိစ္စမှာ ခုချိန်ထိမမှားခဲ့ဘူးလို့ ထင်ပါတယ်"

"ဘာလဲ…နှင်း၊ ဦးဗညားတော်ဆိုတဲ့လူက သိပ်ကို ချမ်းသာလို့လားဟင်"

ထိုအမေးကြောင့် နှင်း မျက်နှာလေး ကွက်ခနဲပျက်သွား၏။

"ဘယ်လိုမေးလိုက်တာလဲ ခေါင်း၊ နှင်းကိုလက်ထပ်ခဲ့ တာ ပစ္စည်းဥစ္စာကြောင့်လို့ ခေါင်း ထင်နေသလားဟင်"

"ဒါဆို ဘာကြောင့်လဲ၊ ဘာ့အတွက်နဲ့ မင်း ကိုယ့်ကို ထားခဲ့ရတာလဲ နှင်း"

ခေါင်းက နှင်း၏လုံးဝန်းကျစ်လျစ်သော ပခုံးလေး နှစ်ဖက်ကို လှုပ်ခါ၍ မေးလိုက်သည်။ နှင်းက ခေါင်းလက်များ ကို ဖယ်ချမိ၏။

"ဒီလိုမလုပ်ပါနဲ့ ခေါင်း၊ ခွဲခွာကြရတဲ့အချိန်မှာ ခေါင်း တစ်ယောက်တည်း ခံစားခဲ့ရတာ မဟုတ်ပါဘူး"

"ဪ…ဒါဖြင့် နှင်းလည်း ခံစားခဲ့တယ်ပေါ့၊





အဟွန်း…ဦးဗညားတော် ရင်ခွင်ထဲကနေပြီး နှင်းရဲ့ခံစားချက်ကို ကိုယ် လုံးဝနားမလည်ဘူး"

နှင်း ဖျတ်ခနဲ ခေါင်းကိုကြည့်လိုက်၏။ ခေါင်း ထင်နေ တာက ဦးဗညားတော်နှင့် လက်ထပ်ခဲ့၍ နှင်း သိပ်ပျော်နေတယ် ဆု….

ရုတ်တရက် နှင်း၏လှပသော နှုတ်ခမ်းလေးတွေ မဲ့ခနဲ ဖြစ်သွားသည်။

"ဒီကိစ္စမှာ နှင်းအပေါ် ခေါင်း ထင်ချင်သလိုထင်ပါ၊ ဒါပေမဲ့ နှင်းရင်ထဲက နာကျင်မှုဟာ ခုချိန်ထိပါပဲ"

"မင်း…မင်း မပျော်ဘူးလား နှင်း"

"အဟင်း…နှင်းအတွက် အပျော်ဆိုတာဘာလဲလို့ အတော်စဉ်းစားရမယ့်အဖြစ်ပါ ခေါင်း"

"ဟင်"

ယခုမှ လှပသော နှင်း၏ မျက်နှာတွင် နာကျင်ရိပ်တို့ကို ခေါင်း တွေ့ရသည်။

"အခု နှင်းပြန်လာတာက…"

"မာမီတို့ဆီမှာ နှင်း အနားယူမလို့ပါ ခေါင်း"



www.burmeseclassic.com

www.burmeseclassic.com

ဓောင်း သက်ပြင်းချသည်။ နှင်းကို ကရုဏာသက်

ကြည့်၏။

"မင်း သိပ်ပင်ပန်းခဲ့လား နှင်း"

"လူပင်ပန်းတာထက် စိတ်ပင်ပန်းတာက ပိုပါတယ်

ဓောင်း"

"ဒါကြောင့် မင်းရဲ့မျက်နှာလေး မကောင်းတာကို

ခုချိန်ကစပြီး မင်းပျော်ပျော်နေပါ နှင်း၊ ကိုယ်နဲ့တွေ့ပြီပဲ"

တောက်ပသောမျက်ဝန်းများဖြင့် နှင်းကိုကြည့်ပြီး ဓောင်

ပြောသည်။ သည်လိုအကြည့်မျိုးကို တစ်ချိန်က နှင်း ရင်ခုန်ခဲ့

တာ သတိရမိ၏။

"နှင်း ပြန်တော့မယ်"

"ဘာဖြစ်လို့လဲ နှင်း၊ ကိုယ်နဲ့တွေ့တဲ့အချိန်လေး ခဏ

နေပါဦးလားကွယ်"

ဓောင်းတားတော့ နှင်းခြေလှမ်း တန့်သွားသည်။ မှန်တာ

ပြောရလျှင် ဒီလိုအချိန် နှင်းရင်ထဲ သိပ်ကိုအထီးကျန်ဆန်နေပါ

မမျှော်လင့်ဘဲ ဓောင်းနှင့်ပြန်တွေ့ရတာကို နှင်းရင်ထဲ

ဝမ်းသာသလိုလို…ဝမ်းနည်းသလိုလိုပါပဲ။





"ဓောင်းက နှင်းကို စိတ်နာနေတာမဟုတ်ဘူးလားဟင်"

"အင်း…မှန်တာပြောရရင် ကိုယ့်အပေါ် အစိမ်းဖြတ်

သွားတဲ့ နှင်းကို အစက နာကျင်မိခဲ့တယ်၊ ဒါပေမဲ့ အချိန်တွေ

ကြာလာတော့ နှင်းအပေါ် နာကျင်မှုတွေပျောက်ပြီး သတိရ

တမ်းတစိတ်တွေပဲ ဖြစ်မိတယ်လေ"

"ဓောင်းရယ်"

နှင်းအပေါ်ချစ်သော ဓောင်းကို ကောင်း၍ ဝင့်လည်တယ်ဟု

ဆိုရမည်လားမသိ၊ ဦးဗညားတော်သည် နှင်းအပေါ် လုံးဝ

ကြောင်နာခဲ့ပေ။

"ခုလို မမျှော်လင့်ဘဲ နှင်းကို ပြန်တွေ့ရတော့ ကိုယ့်ရင်

ထဲ ဘယ်လောက်ထိတောင် ဝမ်းသာသွားလဲဆိုတာ နှင်း သိရဲ့

လား"

"နှင်းကတော့ ဓောင်းကိုတွေ့ရတာ အားနာတယ်ကွယ်"

နှင်းကြောင့် ဓောင်း ခံစားခဲ့ရတာသိ၍ စိတ်ရင်းမှန်ဝင်

ပြောခြင်းပါ။ ဓောင်းပြုံး၍ ခေါင်းခါလေ၏။

"ဒီတစ်ခါတော့ ကိုယ့်အပေါ် နှင်း ထပ်ပြီးမစိမ်းကား

ပါနဲ့လားဟင်"


www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဓောင်းရယ်····"

"ကိုယ်သိပါတယ် နှိုင်း၊ ကိုယ်တို့ပြန်ဆုံတာ ကံကြောင့်မဟုတ်လားဟင်"

သည်လိုပြောရမည့်အဖြစ် ထင်၏။ နှိုင်းစိတ်ထဲ ဓောင်းကိုပြန်တွေ့ဖို့ မျှော်လင့်မထားပါ။

"မနက်ဖြန် ကိုယ်စောင့်နေမယ်နော် နှိုင်း"

"ဟို···နှိုင်း လာဖြစ်မယ်မထင်ဘူး ဓောင်း"

ဓောင်းမျက်နှာ ကွက်ခနဲပျက်ပြီးမှ ပြုံးသည်။ နှိုင်းကိုညှို့ငင်စွာကြည့်လျက်···

"နှိုင်းကို ကိုယ်စောင့်နေမှာပါ"

"နှိုင်း မလာဖြစ်ရင်ကော"

"ကိုယ်ကတော့ နှိုင်း မလာမချင်း စောင့်နေမယ်၊ ကိုယ်သိတယ်···နှိုင်း ကိုယ့်အပေါ် ရက်စက်မှာမဟုတ်ဘူးဆိုတာ"

စကားတတ်သော ဓောင်းကြောင့် နှိုင်း မျက်စောင်းလေးထိုးလိုက်၏။ ဓောင်း ပြုံးသည်။

"ကဲ···နှိုင်း ပြန်တော့မယ်"

"အိုကေ···ကိုယ်လိုက်ပို့ပေးမယ်"





"အို··နေပါစေ၊ နှိုင်းဘာသာ ပြန်ပါ့မယ် ဓောင်း"

"မလုပ်ပါနဲ့ဗျာ၊ ဒီတောက်လျှောက်တဲ့နှိုင်းကို ကိုယ် စိတ်မချပါဘူး"

ဓောင်းက နှိုင်း၏အိမ်များထိ ခွတ်လိုက်ပို့ပေးသည်။ နှိုင်းပြန်ရောက်တော့ ကလေးတွေ အိပ်နေပြီ။

"တစ်ယောက်တည်း ဘယ်တွေသွားနေတာလဲ နှိုင်း"

"ဟို··သူငယ်ချင်းနဲ့တွေ့နေလို့ပါ မာမီ"

"အင်း··မာမီ ထင်သားပဲ၊ မြေးလေးတွေတော့ ခုလေးတင် အိပ်ပျော်သွားတယ် သမီး"

အိပ်ပျော်နေသော ကလေးတွေကို နှိုင်း ခပ်ဖွဖွလေးနမ်းလိုက်၏။ သူတို့မျက်နှာလေးတွေက နှိုင်းရင်ကို အေးမြစေတာငြင်းမရပေ။

"ဦးဗညားတော် ဖုန်းဆက်သေးလား မာမီ"

"မဆက်ဘူး နှိုင်း၊ အလုပ်များနေလို့ မဆက်ဖြစ်တာထင်တယ်ကွယ့်"

"နှိုင်း အနားယူတော့မယ် မာမီ"

ဦးဗညားတော်နေရာမှာ ဓောင်းသာဆိုလျှင် နှိုင်းရဲ့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပစ်ထားပါမည်လား။

အို...နှိုင်း ဘာကြောင့် ဒီလိုတွေးရတာပါလိမ့်။

o o o

ခေါင်းကို ပြန်တွေ့ရချိန်မှာ နှိုင်းစိတ်တွေ ဝေ့ါမါးမိတာ အမှန်။ ဦးဗညားတော်နှင့်တုန်းက စိတ်ထဲ မွန်းကြပ်သလိုရှိသမျှ ခုတော့ ဘာကြောင့်လန်းဆန်းနေပါလိမ့်။

မနက်ကျတော့ ခေါင်း ချိန်းထားသော နေရာသို့သွားဖို့ နှိုင်း အကြိမ်ကြိမ် စဉ်းစား၏။

အို...ငါ သွားတွေ့မှာ ရိုးရိုးသားသားပဲ၊ ဘာတိုနိုးရှိ ရှိလဲ။ နောက်တစ်ခုက ခေါင်းကို နှိုင်းတသသ စောင့်ထား ခွားခြင်းဖြစ်သည်။

သည်လိုအချိန်မှာ ခေါင်းကို မတောင်းစေချင်ဘူးဟု နှိုင်း မှာလျက်...

"မာမီ...သူငယ်ချင်းနဲ့ချိန်းထားလို့ နှိုင်း အပြင်သွား လိုက်ဦးမယ်"

"အေး...အေး...နောက်တော့မကျစေနဲ့ သမီး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…မာမီ"

ပန်းနုရောင်ဝတ်စုံလေးဖြင့် နှင်း လှပစွာထွက်ခဲ့၏။ ခေါင်းက ကြိုရောက်လျက် နှင်းတို့ စောင့်နေသည်။

"ရောက်နေတာကြာပြီလား ခေါင်း"

"မနက်မိုးလင်းကတည်းကပဲ နှင်း"

"ကြည့်စမ်း…အစောကြီးပါလားဟင်၊ နှင်းသာ ရောက်မလာရင် ခက်မယ်"

ဝီရိယကောင်းလွန်းသော ခေါင်းကို မျက်စောင်းထိုးမိ[illegible] ခေါင်း ပြုံးကာ….

"နှင်း ရောက်လာမယ်ဆိုတာ ကိုယ်က သေချာသိ[illegible]တယ်လေ"

"ဟင်း…တော်ပါ၊ ဒီက သနားလို့…"

"အဟွန်း…ဘာကြောင့်ပဲဖြစ်ဖြစ် နှင်း ရောက်လာတာ ကိုယ်ဝမ်းသာတယ်"

နှင်း သက်ပြင်းလေးချလိုက်၏။ တကယ်တော့ ခေါင်းကို သနား၍သာ ရောက်အောင်လာခြင်းပါ။

"နှင်း အကြာကြီးနေလို့မဖြစ်ဘူး ခေါင်း"





"ဘာလဲ…ဦးဗညားတော် ရှိနေလို့လား နှင်း"

"ဟင့်အင်း…သူ ခရီးထွက်နေတယ်"

"ဒါနဲ့များ နှင်းရယ်၊ ခရီးထွက်နေတဲ့ ဦးဗညားတော်ကို နှင်း လွမ်းနေမှာပေါ့နော်"

ခေါင်းအမေးကြောင့် နှင်း နှုတ်ခမ်း[illegible] ရသည်။

ဦးဗညားတော်ကို လက်ထပ်ခဲ့ပေမယ့် [illegible] ကြင်နာမှုမှမရခဲ့တာပဲ။

တိတ်ဆိတ်နေသော နှင်းကို ခေါင်း [illegible]

"ပြောပါဦး နှင်း၊ ဦးဗညားတော်နဲ့နေရတာ နှင်း [illegible] လားဟင်"

"ခေါင်းက ဘာ့ယ်လိုထင်လဲဟင်"

နှင်း ပြန်မေးတော့ ခေါင်း [illegible]

"ကိုယ့်အထင်တော့ နှင်း [illegible] ဘာကြောင့် လဲဆိုတော့ နှင်းမျက်နှာမှာ အပျော်[illegible] မတွေ့ဘူးလေ"

"ဟင်း…ဟုတ်ပါတယ် ခေါင်း၊ [illegible] ဦးဗညားတော်ကို နှင်း လက်ထပ်ခဲ့ရတာ မာမီတို့[illegible]ကို



www.burmeseclassic.com

www.burmeseclassic.com



ပါ"

"ဒါ…ဒါဆို နှင်းရဲ့ဆန္ဒ မပါခဲ့ဘူးပေါ့နော်"

မျှော်လင့်ချက်မျက်ဝန်းများဖြင့် ခေါင်း မေး၏။ နှင်း ခေါင်းလေးခါယမ်းသည်။

"ဘယ်လိုပါနိုင်မှာလဲ ခေါင်း၊ နှင်းမှာ ခေါင်းရှိနေခဲ့တာပဲလေ၊ ဒါပေမဲ့ အခြေအနေအရပ်ရပ်က နှင်း မငြင်းဆန်နိုင်အောင် ဖြစ်ခဲ့ရတာယ်"

"အခု ဦးဗညားတော်နဲ့ နှင်း အဆင်ပြေရဲ့လားဟင်"

"ဟင့်အင်း…တကယ်တော့ သူကလည်း နှင်းကို လက်ထပ်ခဲ့ပေမယ့် သူ့ရင်ထဲမှာ မမပဲရှိတယ်လေ၊ အတင်း… တကယ်တော့ ဒါလည်း သူ့အလွန်မဟုတ်ပါဘူး၊ မမက သူချစ်ရတဲ့ မိန်းမပဲ"

သည်စကားကိုပြောစဉ် နှင်း၏အပြုံးက မရှိသလိုပါပဲ။ ခေါင်း ခေါင်းခါယမ်းသည်။

"ဘာတွေပြောနေတာလဲ နှင်း၊ လက်ရှိမှာ နှင်းက ဦးဗညားတော်ရဲ့ ဇနီးပဲလေ"

"အဲဒါက ရုပ်ကြပါ ခေါင်း၊ သူ့နှလုံးသားထဲမှာ နှင်းမှ



ရှိတာ"

"ဒါဆို နှင်း ဘာအတွက် သူနဲ့ဆက်နေမလဲဟင်၊ ဒီမှာ နှင်း…ကိုယ်လေ မင်းကို ဘယ်လောက်တမ်းတခဲ့ရသလဲ သိလား၊ ကိုယ့်ရင်ခွင်ကို မင်းပြန်လာပါ နှင်း"

ရဲရဲစွာပင် ခေါင်းက နှင်းကို ခေါ်လေပြီ။ မျက်ရည်ရစ်ပဲစွာဖြင့် နှင်း ကြည့်မိတာက ခေါင်း။

"နှင်းကို…နှင်းကို ချစ်နိုင်သေးလို့လား ခေါင်းရယ်"

"ဘာကြောင့်မချစ်နိုင်ရမှာလဲ နှင်း၊ ကိုယ့်ဘဝမှာ နှင်း တစ်ယောက်ပဲရှိခဲ့တာ"

"ခေါင်းရယ်"

နှင်းအပေါ် အချစ်မပြောင်းသည့် ခေါင်းအတွက် မျက်ရည်ကျမိရ၏။

ခေါင်းက နှင်းခန္ဓာလေးကို ဆုပ်ကိုင်ကာ…

"ဦးဗညားတော်ကို ထားခဲ့ပါ နှင်း"

"ဟင်"

"ကိုယ်တစ်ယောက်တည်း နှင်းအတွက် ကြေကွဲခဲ့ရတဲ့ ရက်တွေ များနေပြီ နှင်း"

www.burmeseclassic.com

www.burmeseclassic.com



"အဟင့်…ဟင့်…ခေါင်းရယ်"

လက်ထပ်ခဲ့သော ခင်ပွန်းက မကြင်နာဘဲ အချစ်ဟောင်းက နှင်းကို ကြင်နာနေတာမို့ ဝမ်းနည်းရ၏။

"ခုချိန်ကစပြီး နှင်းရဲ့မျက်ရည်တွေ မကျပါနဲ့တော့ကွယ် နှင်းအနားမှာ ကိုယ်တစ်ယောက်လုံး ရှိနေပြီပဲ"

ပြောရင်း ခေါင်းက နှင်းကိုယ်လေးကို ရင်ခွင်ထဲ ဆွဲအယူ…

"အို…ဟင့်အင်း…ဒီ…ဒီလိုမလုပ်ပါနဲ့ ခေါင်း"

"ဟင်"

"ဘာပဲဖြစ်ဖြစ် ခုချိန်ထိ နှင်းဟာ ဦးဗညားတော်ရဲ့ မိန်းမတစ်ယောက်ပါ၊ ဒါကြောင့် မိန်းတစ်ယောက်ရဲ့သစ္စာကို ခေါင်း ထိန်းရမယ်မဟုတ်လား ခေါင်း"

ခေါင်း သက်ပြင်းချ၏။ နှင်းကို နားမလည်သလိုကြည့်သည်။

"အဆင်မပြေတဲ့ အိမ်ထောင်ရေးတစ်ခုကို နှင်း ဘယ်လောက်ထိ သည်းခံနိုင်မှာလဲဟင်၊ နှင်းကို တမ်းတနေတဲ့ ကိုယ့်ကိုကော နှင်း မသနားဘူးလားကွာ"





"နှင်းကိုမေ့ပြီး ခေါင်း လက်ထပ်လိုက်ပါ"

"ဘာ…ဘာပြောတယ် နှင်း၊ အချစ်ဆိုတာကို မင်းက ဘယ်လိုထင်နေလဲဟင် နှင်း၊ ဦးဗညားတော်က လှိုင်းကို ဘာကြောင့်မမေ့နိုင်တာလဲဆိုတာ မင်းသိလား နှင်း၊ အဲဒါ အချစ်ကြောင့်ပဲ"

"အို"

"ဟုတ်တယ်…ကိုယ်လည်း အချစ်ကြောင့် နှင်းကို မမေ့နိုင်ခဲ့တာလေ"

သေချာစဉ်းစားကြည့်တော့ ခေါင်းပြောတာ မှန်နေ၏။ ဦးဗညားတော်ရင်ထဲ မမကိုချစ်နေ၍ကြောင့်သာ နှင်းအပေါ် ဂရုမစိုက်နိုင်ခဲ့။

ခေါင်းကလည်း နှင်းကိုချစ်နေလို့တဲ့။ မျက်တောင်တော့ ကြီးများ ပုတ်ခတ်လျက် မျက်ရည်များကို သိမ်းလိုက်၏။

"နှင်းကို စဉ်းစားခွင့်ပေးပါ ခေါင်း"

"စဉ်းစားပါ နှင်း၊ ဒီကြားထဲ ကိုယ်နဲ့နှင်း တွေ့ခွင့်ရမယ်မဟုတ်လားဟင်"

"စဉ်းစားပြီးမှတွေ့ကြတာ ပိုကောင်းမယ် ခေါင်းရယ်"



www.burmeseclassic.com

ခေါင်း ခေါင်းခါယမ်း၏။ ဒုတိယအကြိမ် ပြန်လည်ဆုံစည်းတဲ့ နှင်းကို တစ်ခဏလေးမှ မခွဲချင်တော့ပါ။

"ကိုယ်ကတော့ နှင်းကို နေ့တိုင်းတွေ့ချင်တယ်"

"မဖြစ်ဘူး ခေါင်း၊ သူများတွေအမြင်မှာ နှင်းကို ဘာပြောကြမလဲဟင်"

"ဒါဆို နှင်းနဲ့ စဉ်းစားဖို့ ဘယ်လောက်အချိန်ယူမှာလဲ၊ ကိုယ် ကြာကြာမစောင့်နိုင်ဘူး"

တစ်ဖက်မှ ခေါင်း၏မိဘတွေက သူတို့သဘောတူထဲ မိန်းကလေးတစ်ယောက်နှင့် လက်ထပ်ပေးဖို့ ပြောနေကြပြီ။ ဒါ့ကြောင့် နှင်းအား အသိမပေးတော့။ အဓိက နှင်း ဆုံးဖြတ်ချက်သာ အရေးကြီး၏။

"တစ်ပတ်လောက်တော့ အချိန်ပေးပါ ခေါင်း"

"ကိုယ့်အတွက် အဖြေက...."

"အကောင်းဆုံးဖြစ်အောင် နှင်း စဉ်းစားပါ့မယ်ကွယ်"

"ကောင်းပြီလေ နှင်း၊ ကိုယ် နှင်းကိုယုံကြည်တယ်၊ တစ်ပတ်အတွင်း ကိုယ် နှင်းကို သတိရတဲ့စိတ်နဲ့ စောင့်နေပါ့မယ်"





"ဒါဆို နှင်း ပြန်တော့မယ်"

ခေါင်းကို လိုက်မပို့နိုင်းတော့ဘဲ နှင်း တစ်ယောက်တည်း ပြန်ခဲ့သည်။ အတွေးများစွာဖြင့် နှင်း ခေါင်းထဲမှာ ဦးဗညားတော်နှင့် ခေါင်းက လွန်ဆွဲနေ၏။

☼ ☼ ☼



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်ဆိုသော ရက်တွေအတွင်းမှာ ခေါင်းနှင့်ပတ်သက်၍ နှိုင်း သေသေချာချာ စဉ်းစား၏။ လက်ထပ်သွားသော နှိုင်းကို စိတ်မနာဘဲ ပြန်လာဖို့ပြောတဲ့ ခေါင်း····

ဦးဗညားတော်ကတော့ အနားမှာရှိသော နှိုင်းကို တစ်ချက်လေး ဂရုမစိုက်ခဲ့။ နှိုင်းဘက်မှ အတတ်နိုင်ဆုံး ကြိုးစားပေမယ့် အချည်းနှီးဖြစ်ခဲ့ရသည်။

"ဒီပုံစံအတိုင်း ဆက်သွားရင် နှိုင်းလည်း မခံနိုင်ဘဲ သူ့ကိုစောင့်မျှော်ရင်း အချိန်ကုန်သွားနိုင်တယ်···

နှိုင်းရှိနေတဲ့အတွက်လည်း ဦးဗညားတော် စိတ်ထဲ ကျဉ်းကြပ်နေမှာပဲ၊ ဒီတော့ ငါ ဘာကြောင့် သူ့အနားမှာ ခွေတွယ်ကပ်နေမလဲ၊ နှစ်ဦးနှစ်ဖက် စိတ်ချမ်းသာဖို့ ခေါင်းကိုပဲ···"

နှိုင်း ခံစားခဲ့ရတာတွေနှင့် ပတ်သက်ပြီး စဉ်းစားခဲ့သည်။





နောက်ဆုံးအဖြေက ခေါင်းဘက်မှာသာ။

"ဘာတွေစဉ်းစားနေတာလဲ သမီး၊ ဒီမှာ မြေးလေးတွေ နိုးပြီ"

"မာ··မီ"

"အို···သားတို့"

တစ်နှစ်ကျော်ပြီဖြစ်သော အမြွှာနှစ်ယောက်က နှိုင်းကို ကောင်းကောင်းသိနေ၏။

'မာမီ'ဟူသော ခေါ်သံလေးတွေကြောင့် ရင်ထဲကြည်နူးရတာအမှန်။ သူတို့လေးတွေလည်း မကြာခင် နှစ်နှစ်ပြည့်တော့မည်။

"နှိုင်းသွားတဲ့အခါ ဒီကလေးတွေနဲ့ ဦးဗညားတော်··· အို···သူတို့လည်း ကြီးနေကြပြီ၊ ဦးဗညားတော် လိုအပ်တာတာလည်း သူတို့ကိုပါပဲ"

သံယောဇဉ်ကြိုးများကို ဖြတ်အတောင်းဖြတ်ဖို့ နှိုင်း ကြိုးစားရသည်။

"မြေးလေးတွေက သိပ်မှတ်ဉာဏ်ကောင်းတာ သမီးရဲ့ ဘာလေးပဲသင်သင် တစ်ခါထဲနဲ့ တတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း...ကောင်းပါတယ် မာမီ၊ မာမီက သားတို့ကို ကောင်းကောင်းပြုစုတာကိုး"

"မဟုတ်တာကွယ်၊ သမီးက အနီးကပ်ပြုစုခဲ့လို့သာ မာမီ မြေးလေးတွေ ကျန်းမာကြတာ၊ ခေါင်ဗညားတော်သာသိရင် ဝမ်းသာမှာ"

မာမီနှုတ်ဖျားမှ 'ဗညားတော်' ဆိုသော နာမည်ပါလာတော့ နှိုင်း သက်ပြင်းကြိတ်ချ၏။

"ကလေးတွေကို မာမီပဲ ကြည့်ထားပေးပါဦး၊ သမီး အပြင်သွားစရာလေးရှိလို့..."

"အင်း...သမီးလည်း အိမ်ထဲမှာနေတာ ကြာပြီပဲ၊ သွားပါကွယ်၊ မာမီ ကြည့်ထားပါ့မယ်"

"ကျေးဇူးပါပဲ မာမီ"

နှိုင်းက သားများကို တစ်ချက်စီနမ်းပြီး ထွက်ခဲ့၏။ ရေချိုးပြီးတာနှင့် အဝတ်အစားလဲ၊ အလှပြင်ပြီး ထွက်ခဲ့၏။

ခေါင်းဆီကိုလေ...

"နှိုင်း"

"ခေါင်း"





ချိန်းထားသောနေရာမှာ ခေါင်းက အသင့်စောင့်နေ၏။

"ဘယ်လိုလဲ နှိုင်း၊ ကိုယ့်အတွက် လက်ဆောင်ကောင်း ပါတယ်မဟုတ်လား"

လှပသော နှိုင်း၏မျက်နှာလေးကိုကြည့်ပြီး ခေါင်း မေး သည်။

"အဟင်း...မပါဘူးဆိုရင်ကော ခေါင်း"

"ဒါဆို ခေါင်း အသည်းကွဲတာပေါ့ နှိုင်းရယ်"

"တော်ပါ...ဒီပုံစံလား အသည်းကွဲမှာ"

"ဟောဗျာ...တကယ်ပြောတာ နှိုင်း"

မှန်တာပြောရလျှင် ခေါင်းနှင့်တွေ့သည့်အချိန် နှိုင်း စိတ်ထဲ ပေါ့ပါးလန်းဆန်းသလိုပါပဲ။

"ကဲ...ပြောပါဦး နှိုင်း၊ ကိုယ့်အတွက် ဆုံးဖြတ်ချက်က"

"ခေါင်းကို သေချာစဉ်းစားစေချင်တယ်ကွယ်၊ နှိုင်းဟာ ချင်တုန်းကလို အပျိုစင်တစ်ယောက်မဟုတ်ဘူး၊ တကယ်တမ်း ဝင်ဘက်က လက်ခံနိုင်ရဲ့လားဆိုတာ"

လေးနက်သော မျက်ဝန်းများဖြင့်ကြည့်ရင်း နှိုင်းပြော တွေ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ နှိုင်း၊ ဒါ ဓောင်းအချစ်ကို အထင်သေးတာပဲ…

နှိုင်း ဒီလောက်တောင်မယုံရင် အခုချက်ချင်း လက်ထပ်ကြမလား"

"အို…ဓောင်း"

စိတ်မြန်စွာဖြင့် ဓောင်းက နှိုင်း၏လက်ကို ဆွဲ၍ခေါ်သည်။

"တကယ်တမ်းကျတော့ နှိုင်းဘက်က သတ္တိမရှိတာပါ ဗျာ"

"ဒီလိုမဟုတ်ပါဘူး ဓောင်း၊ ခုထက်ထိ ဦးဗညားတော်နဲ့မှ နှိုင်းက ပြတ်သေးတာမဟုတ်ဘဲ၊ စိတ်ထင်တိုင်း လုပ်လို့မဖြစ်ဘူးလေ"

နှိုင်းပြောတာမှန်သည်မို့ ဓောင်း သက်ပြင်းချ၏။ တကယ်တော့ နောက်တစ်ကြိမ် ခွဲဖို့ဆိုတာ ဓောင်းအတွက် ကြောက်နေသလိုပါပဲ။

"သူ…ဘယ်တော့လာမှာလဲ နှိုင်း"

"မသိသေးဘူး ဓောင်း"

"ဒါဆို သူပြန်လာတာနဲ့ နှိုင်း ညှိလိုက်လေ၊ ပြီးရင်





ကိုယ့်ဆီဖုန်းဆက်၊ ကိုယ် ချက်ချင်းလာခေါ်မယ် နှိုင်း"

ဓောင်းက တစ်ယောက်တည်းပြောပြီး အစီအစဉ်ချနေ၏။

"နှိုင်းဘက်က ရပြီတဲ့ဦး၊ ဓောင်းမိဘတွေကကော နှိုင်းနဲ့ သဘောတူမှာတဲ့လားဟင်"

ထိုအမေးကြောင့် ဓောင်း တိတ်သွား၏။ သေချာတယ်… ဓောင်းဘက်မှာ ပြဿနာရှိနေပြီ။

"နှိုင်း မေးတာ ဖြေပါဦး ဓောင်း"

"ဒီမှာ နှိုင်း…ဘယ်သူတွေ ကန့်ကွက်ပါစေ၊ အဓိက ကိုယ်တို့နှစ်ယောက်ပါ"

"ဘာလဲဟင်…ဓောင်းမိဘတွေက နှိုင်းနဲ့သဘောမတူနိုင်တာကို ဓောင်း သိနေလား"

ထိုအမေးကြောင့် ဓောင်း ဖျက်ကနဲဖျတ်သွား၏။ နှိုင်း အကြည့်တို့က ဓောင်း၏မျက်နှာပေါ်မှ မလွဲပေ။

"ဖြေပါ ဓောင်း"

"အဲဒီအဖြေကို သိရအောင် ကိုယ့်မိဘတွေဆီ သွားမှ ဖြစ်မယ် နှိုင်း၊ ကိုယ်တို့ အတူသွားကြရအောင်"

"အို…ဟင့်အင်း…နှိုင်းဘက်က ဘာမှမသေချာသေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး ခေါင်း၊ ဒီလိုပဲ ခေါင်းဘက်ကလည်း သေချာစေချင်တယ်၊ ဒီတစ်ခါ နှိုင်း ဘာအတွက်နဲ့မှ မမှားယွင်းချင်ဘူး ခေါင်း"

သည်တစ်ကြိမ် လက်ထပ်ခြင်းမှားယွင်းလျှင် နှိုင်း၏ ဘဝ ပိုရှုပ်ထွေးမည်ဟု သိနေ၏။

"ကိုယ့်ဘက်ကတော့ သေချာပါတယ် နှိုင်း"

"အဟင်း...လက်ထပ်ခြင်းဆိုတာ ခေါင်း တစ်ယောက်တည်း သေချာရုံနဲ့ မပြီးပါဘူး ခေါင်း"

မဲ့ပြုံးလေးဖြင့် နှိုင်းဆိုတော့ ခေါင်း ခပ်စူးစူးကြည့်၏။

"ကိုယ်ကတော့ အချစ်မှာ ကာယကံရှင်ထက်ပိုပြီး အရေးကြီးတာ မရှိဘူးထင်တာပဲ နှိုင်း၊ ခုဆို မင်းကိုယ်တိုင် ပတ်ဝန်းကျင်နဲ့ မိဘတွေ ရွေးချယ်ပေးတဲ့ လက်ထပ်ခဲ့ခြင်းဟာ အဆင်ပြေလို့လားဟင် နှိုင်း"

"ဟုတ်တယ်...ဦးဇညားတော်နဲ့ လက်ထပ်ခဲ့တာ ကျွန်မအတွက် အဆင်မပြေပေမယ့် အားလုံးအတွက် အဆင်ပြေတယ်။ အဲဒီအတွက် ဖြေသာသေးတယ် ခေါင်း၊ ကဲ...ခေါင်းနဲ့ နှိုင်း လက်ထပ်ပြီးရင်ကော အဓိကဖြစ်တဲ့ ကာယကံရှင်နှစ်ယောက်





အတွက်လည်း အဆင်မပြေ၊ ဆက်နွယ်နေတဲ့ လူတွေအတွက်လည်း အဆင်မပြေ၊ ဘယ်လိုအဓိပ္ပာယ်ရှိမှာလဲဟင်"

ခေါင်းမိဘတွေဘက်မှ နှိုင်းကို သဘောမတူမှာ သေချာနေသလိုပါပဲ။

ဒါကလည်း အပြစ်ဆိုစရာမရှိ။ နှိုင်းသည် လက်ထပ်ပြီးတဲ့ မိန်းမတစ်ယောက်ဖြစ်နေ၏။ ကွာရှင်းပြီးတယ်ဆိုတာတောင် တစ်ခုလပ်ဟူသောအဲ့ကို ဘယ်သူမှ မက်မောမှာမဟုတ်ပေ။

"ကာယကံရှင်တွေအတွက် ဘာကြောင့် အဆင်မပြေမှာလဲ နှိုင်း၊ ကိုယ်တို့က ချစ်နေကြတာပဲ၊ အချစ်ရှိရင် အားလုံးပြီးပြည့်စုံတယ် နှိုင်း"

"သြော်...ဒါဆို ကောင်းပြီလေ၊ သူပြန်လာတာနဲ့ ကျွန်မ ကွာရှင်းခွင့်တောင်းမယ်၊ ဒါဆို ခေါင်း ကျေနပ်တယ်မဟုတ်လား"

"ကိုယ်ကျေနပ်ဖို့ထက် နှိုင်း စိတ်ချမ်းသာဖို့လည်း အဓိကမဟုတ်လား၊ ကိုယ်ချစ်တဲ့သူနဲ့နေရင် နှိုင်း စိတ်ချမ်းသာမယ်လေ"

ခေါင်းနှင့် နှိုင်းတို့ ရှက်ဝန်းချင်းဆုံသည်။ နှိုင်းဘဝရှေ့ ချစ်တဲ့သူနဲ့ တစ်ခါလောက် အတူနေကြည့်ချင်စိတ်တို့ ပြန်ပေါ်

www.burmeseclassic.com

လာသည်။

"ကောင်းပြီလေ"

သည်တော့မှ ခေါင်း မျက်နှာပြုံးသွားလျက် နှိုင်း၏ လက်ဖျားလေးများကို တယုတယ ဆွဲဆုပ်ကိုင်လိုက်၏။

○ ○ ○



"နှိုင်း"

"ဟင်…ဦးဗညားတော်"

အိမ်ထဲဝင်လိုက်တာနှင့် အပြုံးတို့ဖြင့်ကြိုနေသော ဦးဗညားတော်ကို တွေ့လိုက်ရခိုက် နှိုင်း အံ့အားသင့်သွားမိ၏။

"ကိုယ် ကြိုဖုန်းမဆက်ဘဲ ရုတ်တရက်ရောက်လာလို့ နှိုင်း အံ့သြနေသလားဟင်"

နှိုင်းထံသို့ တစ်လှမ်းချင်းလျှောက်လာရင်း သူမေးသည်။ နှိုင်း ခေါင်းလေးခါယမ်းကာ…

"ရှင်…ရှင်ဘယ်တုန်းက ရောက်နေတာလဲ ဦးဗညားတော်"

"ရှူး…ကိုယ့်ကို ဘယ်လိုခေါ်လိုက်တာလဲ နှိုင်း။ တော်ကြာ မာမီတို့ကြားသွားလို့ ကိုယ်တို့နှစ်ယောက် အဆင်မပြေ



www.burmeseclassic.com

www.burmeseclassic.com



ဘူး ထင်နေပါမယ်"

နှုတ်ခမ်းပေါ် လက်ညှိုးတင်၍ သူ တားဆီးရင်းပြော သည်။ နှိုင်းအဖို့ သူ့အပြုအမူတွေက အံ့ဩစရာ။

"တကယ်လည်း ရှင်နဲ့ကျွန်မက...."

"ဟော...သမီး ပြန်ရောက်လာပြီကိုး၊ သမီးထွက်သွား ပြီး မကြာဘူး မောင်ဗညားတော် ရောက်လာတာပဲကွယ့်၊ ရောက် တာနဲ့ သမီးကိုမေးလို့ အပြင်သွားတယ်ပြောတော့ သူ လိုက်ကြို ဦးမတဲ့လေ"

မျှော်ရည်များကို မာမီက ကိုယ်တိုင်ယူလာလျက် ဦးဗညားတော် ရောက်လာခြင်းအတွက် ကျေနပ်ပြုံးတို့ဖြင့် နှိုင်းကို ပြောပြနေ၏။

"ကိုယ်က နှိုင်းတစ်ယောက်တည်းဆိုတော့ စိတ်ပူလို့ လေ၊ ပြောပါဦး...နှိုင်းက ဘယ်တွေသွားနေတာလဲ"

ကြင်နာသောမျက်ဝန်းများဖြင့် ကြည့်ကာ သူမေးတော့ နှိုင်း မျက်လုံးလေးဝိုင်းလျက်....

"ဟို...ဟို...သူငယ်ချင်းတွေနဲ့ သွားတွေ့တာပါ ကို"

မာမီ့ရှေ့မှာမို့ နှိုင်း ဟန်ဆောင်လိုက်ရ၏။ သူပြုံးကာ...





"အဟွန်း...ကိုယ်လည်းထင်ပါတယ်၊ နှိုင်းလည်း ဒီကို ရောက်တုန်း မိတ်ဆွေတွေနဲ့ သွားနိုင်တယ်ဆိုတာ...၊ ကိုယ် ရောက်တော့ သားတို့အိပ်နေပြီလေ၊ အဟွန်း...ကိုယ်နဲ့ခဏလေး ခွဲခွာခဲ့တဲ့အတွင်းမှာ သားတို့က ပိုထွားလာတယ် နှိုင်း"

"အမယ်လေး...ထွားရုံတင်မကဘူး၊ စကားတွေပါ တတ်လာတယ် မောင်ဗညားတော်ရေ၊ မာမီ...ဒက်ဒီ ဆိုတာတော့ အပိုင်ခေါ်တတ်နေပြီကွယ့်"

မြေးများ၏ ချစ်စရာကောင်းပုံကို မာမီဂုဏ်ယူစွာပြောပြ နေသမျှ သူ အပြုံးဖြင့် ကျေနပ်စွာနားထောင်သည်။

"သားတို့အတွက် မာမီနဲ့ နှိုင်းတို့ကို ကျေးဇူးတင်ရမယ်၊ ဪ...မာမီတို့အတွက် လက်ဆောင်တော့ပေးပြီးပြီ၊ နှိုင်းအတွက် ကိုယ်ယူလာတဲ့ လက်ဆောင်တွေ ကြည့်ပါဦး"

"ဟုတ်တယ် သမီး၊ မာမီတို့အတွက် မောင်ဗညားတော် ယူလာတဲ့ လက်ဆောင်တွေ မနည်းဘူး၊ ကလေးတွေအတွက် အစာတဲ၊ ကဲ...သမီးတို့ အေးအေးဆေးဆေး လက်ဆောင်တွေ ကြည့်ကြ၊ မြေးလေးတွေ အိပ်နေတုန်း မာမီ ညနေစာအတွက် ချက်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မာမီထွက်သွားတော့ နှိုင်းနှင့်သူ နှစ်ယောက်တည်း ကျန်ခဲ့သည်။

"လာလေ…နှိုင်း၊ လက်ဆောင်တွေက နှိုင်း အခန်းထဲမှာ"

"နှိုင်း နောက်မှပဲ ကြည့်မယ်၊ မာမီကို သွားကူလိုက်ဦးမယ်"

ဓောင်းနှင့်တွေ့လာခဲ့တာမို့ သူ့ကို မျက်နှာချင်းဆိုင်ရဲဝန်လေးနေ၏။

သူက နှိုင်းလက်ကိုဆွဲကာ…

"လာစမ်းပါ နှိုင်းရယ်၊ ကိုယ် နှိုင်းကို ပြောစရာတွေ အများကြီးရှိတယ်"

"ဟို…နှိုင်း"

"ကျွတ်…အခန်းထဲရောက်မှ ပြောကြတာပေါ့ နှိုင်း"

ပြောရင်း နှိုင်းလက်ကိုဆွဲ၍ သူ အပေါ်ထပ်တက်ခဲ့၏။ သည်တစ်ခေါက် သူ့ပုံစံက နှိုင်းစိတ်ထဲ ထူးခြားနေသလိုပါပဲ။

"ဒီမှာကြည့်ပါဦး၊ နှိုင်းအတွက် ကိုယ့်ရဲ့လက်ဆောင်တွေ"





"အို…အများကြီးပဲ"

လှပကောင်းမွန်သော နိုင်ငံခြားမှယူလာသော လက်ဆောင်များကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်မိ၏။

"အဟင်း…တကယ်တော့ ကိုယ်က နှိုင်းကို ဒီထက်ပေးချင်တာပါ၊ ဒါက နှိုင်းအတွက် ကိုယ့်ရဲ့အထူးလက်ဆောင်"

"ဟင်"

အနက်ရောင် ကတ္တီပါဘူးလေးထဲမှာ အရှည်အသွေးကောင်းလှသော ပတ္တမြားကို စိန်များ ဝန်းရံထားသည့် အသည်းပုံလော့ကက်သီးနှင့် ပလက်တီနမ်ဆွဲကြိုးလေး…

"ကိုယ်ဝတ်ပေးမယ် နှိုင်း"

"ရှင်"

ဆွဲကြိုးလေးကိုယူလျက် နှိုင်း၏လည်တိုင်ကျော့ကျော့မှာ အပြုံးများဖြင့် သူ ဝတ်ဆင်ပေးလေသည်။

ဆွဲကြိုးဝတ်ပြီးချိန်မှာ နှိုင်း၏ကုပ်သားဝင်းဝင်းလေးကို သူ တစ်ချက်နမ်းရှိုက်လိုက်စဉ်…

"အို"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း…နှင်းကို ကိုယ်သိပ်ချစ်နေမိပြီကွယ်"

"ဟင်"

သူက နှင်းကိုယ်လေးကို ဆွဲလှည့်ယူ၍ မျက်နှာချင်းဆိုင်ကာ ရင်ချင်းအပ်လျက် ပြော၏။

ရုတ်တရက် သူ့နှုတ်များမှ 'ချစ်တယ်' ဆိုသော စကားကြောင့် နှင်း မယုံနိုင်အောင် ဖြစ်သွားသည်။

"နှင်း…ကိုကိုပြောလိုက်တဲ့ စကားတွေဟာ အိပ်မက်တစ်ခုထဲ ရောက်နေတဲ့ ကို့အတွက် နှိုးပေးလိုက်သလိုပါပဲ၊ ဒါကြောင့် ဆုံးဖြတ်ချက်ချခဲ့တယ်၊ ဒီတစ်ခေါက် ပြန်ရောက်တာနဲ့ နှင်းအပေါ် ကို့ရဲ့အချစ်တွေအားလုံးကို အပြည့်အဝပေးဆပ်မယ်လို့"

မျက်လုံးဝိုင်းလေးများဖြင့် အံ့သြနေသော နှင်းကို ရွှန်းလဲ့တောက်ပစွာကြည့်ပြီး မျက်နှာလေးအား ဆွဲမော့ယူလျက် သူ ညင်သာစွာ ရှိုက်နမ်းသည်။

သူ့အနမ်းများကြောင့် နှင်းရင်ထဲ တုန်လှုပ်သွား၏။ အရင်တုန်းကတော့ သူ့ထံမှ ဒီလိုအကြင်နာများကို နှင်းကြိတ်၍ မျှော်လင့်ခဲ့ဖူးပေမယ့် ယခုအခြေအနေမှာတော့…





"ဟင့်အင်း…မ…မဖြစ်ဘူး ကို"

"ဟင်"

"တကယ်တော့ ရှင်…ရှင်က နှင်းကိုမချစ်ပါဘူး၊ ရှင်တာက မမကိုပါ ဦးဗညားတော်"

နှင်းက သူ့ရင်ခွင်မှ ရုန်းထွက်၍ပြောတော့ သူ ခေါင်းခါင်း၏။

"လှိုင်းကို ကိုယ်မေ့လိုက်ပြီ နှင်း၊ ကိုယ့်ဘဝမှာ အခုတ်ရှိ ဆက်ဆိုင်တာက နှင်း…၊ နှင်းကိုပဲ ကိုယ်ချစ်မယ်၊ တ်နိုးမယ်၊ ကိုဟာ အရင်က ဗညားတော် မဟုတ်ဘူးဆိုတာ း သိစေချင်တယ်"

သူပြောရင်း နှင်းဆီ တစ်လှမ်းချင်းတိုးလာ၏။

"ကိုယ့်ဆီလာပါဦး နှင်း၊ ကိုယ့်ရဲ့လျစ်လျူရှုမှုတွေကို ဲ သတိပေးခဲ့တာလေ၊ ကိုယ့်အပေါ် နှင်းရဲ့ဆွဲဆောင်မှုက ာင်မြင်ပါတယ်၊ ပုံစံပြောင်းလိုက်တဲ့ နှင်းဟာ ကိုယ့်မျက်စိထဲ ပျောက်ခဲ့ဘူး၊ နှင်းကို တစ်ချိန်လုံး သတိရနေခဲ့တယ်ကွယ်"

"အို"

အနီးကပ်ရောက်လာသော သူက နှင်း၏ကိုယ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်ထဲ ဖျက်ခနဲ ဆွဲယူလျက် မွတ်သိပ်စွာနမ်းသည်။

သည့်ထက် အချိန်တွေတုန်းကဆိုလျှင် သူ့ရဲ့အနမ်းတွေက နှိုင်းကို လှုပ်ရှားစေမိမည်ထင်။

"နှိုင်း…နှိုင်းကိုလွှတ်ပါဦး၊ သားတို့ကို နှိုင်း သွားကြည့်"

"အဟွန်း…သားတို့ကို ဒီလောက်တောင်ချစ်လားဟင် နှိုင်း၊ ဒါဆို သားတို့အက်ဒီကိုကော နှိုင်း"

လှုယေ်ဆန်ဆန် သူ့အမေးကြောင့် နှိုင်း မျက်နှာလေး နီသွားရ၏။ အမြဲတမ်း မျက်နှာတည်တည်ကြီးဖြင့် သူက ယခုတော့ ဘာကြောင့် ဒီလောက်ချိုမြနေရတာလဲ။

"ရှင်…ရှင် ဟိုမှာ ဘာတွေဖြစ်လာတာလဲ ကို"

"ဟောဗျာ…ဘာကြောင့်ဒီလိုမေးရတာလဲ နှိုင်း"

"အို…ကျွန်မနဲ့ တစ်အိမ်တည်းနေလာတာ ဘယ်လောက်ကြာပြီလဲဟင်၊ ရှင်…ဒီလို တစ်ခါမှ"

"အဟွန်း…နှိုင်းရယ် ကိုယ်ပြောပြီးပြီလေ၊ နှိုင်းက ကိုယ့်ကို နိုးလိုက်တာပါလို့၊ အဲဒီအတွက်လည်း နှိုင်းကို ကိုယ်ကျေးဇူးတင်တယ်၊ နှိုင်းနဲ့သားတို့ကို ဂရုစိုက်ဖို့ကို အချိန်မီ သတိရလာလို့လေ"





"ဒါဆို…ဦးဗညားတော် နိုင်ငံခြားက ဒီတစ်ခေါက်ပြန်လာရင် ဘာနဲ့မှမတူဘဲ ယူလာတဲ့လက်ဆောင်ဆိုတာက…"

"အဟွန်း…ကိုယ့်ရဲ့အချစ်တွေလေ၊ ဟောဒီအသည်းလေးက ကိုယ့်ရဲ့ကိုယ်စား နှိုင်းနှလုံးသားနဲ့ အမြဲ နီးနီးကပ်ကပ်ရှိနေလိမ့်မယ် နှိုင်း"

ဖြူနုသော ရင်ဘတ်ပေါ်မှာ လှုပသည့် အသည်းပုံလေးကို သူ ဖွဖွတို့ထိရင်း ပြုံး၍ပြော၏။

"နောက်တစ်ခုပြောဖို့ မေ့နေတာက မင်း ပိုလှလာတယ် နှိုင်း"

ထို့နောက် နှိုင်း၏ကျော့ရှင်းသော လည်တိုင်ပေါ်သို့ တမ်းမက်သည့် အနမ်းများ…နှိုင်းသည် အိပ်မက်တစ်ခုထဲ ရောက်သွားခဲ့၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

"ဒက်ဒီ"

သွေးကစကားပြောသည်ဆိုတာ မှန်လှ၏။ မည်မျှ

အနေဝေးပါစေ၊ အမြွှာတို့က ဦးဗညားတော်ကို တွေ့တာနှင့်

ရှင်ရယ်မောရှ် မှတ်မိနေကြပြီ။

"ဒက်ဒီ" ဟုခေါ်သံက ဦးဗညားတော် ရင်ထဲ ကြည်

ပီတိဖြစ်စေတာ ငြင်းမရပေ။

"သားတို့ရယ်...ခုချိန်ကစပြီး သားတို့ကို ဒက်ဒီ

စိုက် ကြင်နာပါ့မယ်"

အမြွှာနှစ်ယောက်နှင့် သူ့ကိုကြည့်ပြီး နှင်းကိုယ်တိုင်

ကြည်နူးသလို ခံစားရ၏။ သည်အဖေနှင့် သည်သားတွေ ခုလို

ဖို့ နှင်း၏ဘဝကို စွန့်လွှတ်ခဲ့တာမဟုတ်လား။

"သားတွေက သိပ်ကိုသိနေပြီနော် နှင်း၊ အရမ်းလည်





ချစ်စရာကောင်းတယ်"

"ကြည့်ပါဦး...နှင်းထက် သူတို့ဒက်ဒီကို ပိုသိနေလိုက်

ကြတာနော်"

မနာလိုဟန်ဖြင့် နှင်းပြောတော့ သူပြုံး၏။ အမြွှာတွေက

နှင်းကို ရယ်ပြုံးပြကာ...

"မာမီ...မာမီ"

ဟုခေါ်တာကြောင့် အားလုံးသဘောကျကြနိုသည်။

"ဒီကောင်တွေ သိပ်လည်တာပဲကွ"

"အဲဒါ ဦးဗညားတော်နဲ့တူလို့"

"ဟော့...နှင်းက ဘာကြောင့် ကိုယ့်ကို ဒီလိုပြောရတာ

လဲကွ"

"အို...အရင်တုန်းကတော့ နှင်းတို့အပေါ် သိပ်မိမ်းတား

ပြီး ခုတော့ ဘာမှမသိသလိုနဲ့ ရင်းနှီးပြနေတာလေ"

နှင်း ဘာကိုဆိုလိုတယ်ဆိုတာ သူသိတော့ ပြုံး၏။ သူ

မိမ်းကားခဲ့တဲ့ နေ့ရက်တွေကို နှင်း မမေ့နိုင်ခဲ့တာပဲ။

"အမွန်း...အဲဒီအချိန်တွေကို အခု နှစ်ဆပေးဆပ်ပါ

မယ်ဆိုရင် နှင်း ကျေနပ်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အို…မသိဘူး"

မျက်ဝန်းစိုစိုကြီးများဖြင့် သူကြည့်ကာပြောတော့ ဖန်

ရောင်မျက်နှာလေးဖြင့် နှိုင်း ခေါင်းခါ၏။

"ကဲ..ကဲ..မာမီ မြေးတွေလည်း အိပ်ချိန်ရောက်ပြီ"

သည်ကိုရောက်ကတည်းက အမြွာနှစ်ယောက်မှာ ဇာ

တို့နှင့်အိပ်၏။ နှိုင်းက တစ်ယောက်တည်း…

သို့သော် ယခုတော့…

"မောင်ဗညားတော်လည်း ခရီးပန်းလာတော့ စော

အနားယူကွယ်"

"ဟုတ်ကဲ့…မာမီ"

သူတို့ အပေါ်ထပ်တက်ခဲ့ကြသည်။ နှိုင်း အခန်းထဲ

လိုက်ဝင်လာ၏။

"ဟင်…ဦးဗညားတော် အခန်းက"

"ဒီမှာပဲလေ"

"အို…မ…မဟုတ်ဘူးထင်တယ်"

"အဟွန်း…ဘာကြောင့်မဟုတ်ရမှာလဲ နှိုင်း၊ ကိုယ့်

ရဲ့အခန်းဟာ ကိုယ့်အခန်းပဲပေါ့ဗျာ"





"အို"

သူကပြောရင်း အပေါ်ကုတ်အင်္ကျီကိုချွတ်၏။ နှိုင်း

…က်နှာပျက်နေသည်။

ရန်ကုန်အိမ်မှာ သူနှင့်နှိုင်းတို့ တစ်ခန်းစီ နေခဲ့ကြတာပဲ။

…ခု…

"ခေါက်…ခေါက်"

တံခါးခေါက်သံကြောင့် နှိုင်း ဖွင့်လိုက်တော့…

"မာမီ မေ့သွားလို့ကွယ်၊ ဒီမှာ အိပ်ရာခင်းအသစ်တွေ"

"ရှင်…ဟုတ်ကဲ့"

အဝါနှင့် အစိမ်းပွင့်ခက်များပါသော အိပ်ရာခင်းအသစ်

…မှာ နှိုင်းလက်ထဲ လှပစွာရှိနေ၏။ မာမီထွက်သွားတော့ နှိုင်း

…ပ်ရာခင်းများ လဲလိုက်သည်။

"အတော်လှတဲ့ အိပ်ရာခင်းတွေပါလား နှိုင်း"

"ရှင်…ဟို…"

ရေချိုးခန်းမှထွက်လာသော သူက နှိုင်းအား လာရပ်သည်။

…ချိုးပြီးကာစမို့ သူ့ထံမှ မွှေးတော့လတ်ဆတ်သောရနံ့က နှိုင်းထံ

…ပ်လာ၏။ နှိုင်း ရင်ခုန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှာမိကာ အိပ်ရာခင်းတွေဟောင်းလို့ လာပို့သွားတာ"

"အပွန်း…အဆင်ပြေတာပေါ့ နှိုင်း"

"ဟို…ဒီမှာ ဦးဗညားတော် အိပ်လေ၊ နှိုင်း အပြင်မှာ အိပ်မယ်"

"နှိုင်း"

စကားမဆုံးခင် သူက နှိုင်းကိုယ်လေးကို ရင်ခွင်ထဲ ဖျတ်ခနဲဆွဲယူ၏။

"ဒီအချိန်ကစပြီး မင်း ကိုယ့်အနားပဲရှိရမယ် နှိုင်း၊ ကိုယ့်နားက မင်းဘယ်မှမသွားရဘူး"

"အို"

သန်မာသော သူ၏လက်များကြားတွင် နှိုင်းကိုယ်လေး ရုန်းမသာအောင်ပါပဲ။

"ကိုယ်…မင်းကိုချစ်တယ်၊ ခုချိန်ကစပြီး ကိုယ် မင်းအပေါ် ခင်ပွန်းကောင်းတစ်ယောက်အဖြစ် ရပ်တည်ပါ့မယ် နှိုင်းရယ်"

"အို…ဟင့်အင်း"

သို့သော် နှိုင်း၏ရုန်းကန်မှုကြောင့် နှစ်ယောက်သား





အရှိန်လွန်ကာ အိပ်ရာပေါ်ကျရောက်စဉ် အခန်းမီးများ ဖျတ်ခနဲ မှိတ်သွားလေ၏။

လှပသော ဝန်းကမ္ဘာတစ်ခု သို့မဟုတ် မြင့်မားသော ထမ်းပါးထိပ်တစ်ခုမှာ နှိုင်း အသည်းတလှစ်လှစ် ရင်တငြိမ့်ငြိမ့် ရောက်နေသလိုပါပဲ။

စမ်းချောင်းတို့က တငြိမ့်ငြိမ့်စီးနေသည်။ ကျေးငှက်သံတို့က မတ်ဝန်းကျင်တစ်ခွင်မှာ သာယာလှ၏။

"နှိုင်း"

"ဟင်…ခေါင်း"

မျက်နှာမကောင်းစွာဖြင့် ခေါင်းက နှိုင်းကိုကြည့်နေ၏။

"ခုတော့ ဒီနေရာမှာ မင်းပျော်နေပြီလား နှိုင်း"

"အို…ဟင့်အင်း"

"အပွန်း…မင်း ကိုယ့်ကိုမညာပါနဲ့ နှိုင်း၊ မင်း ပျော်နေပါပြီ"

ခေါင်းပြောတာ မှန်သလားဟု နှိုင်း စဉ်းစားကြည့်သည်။ ထိုစဉ်…

"မင်း ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အို…ကို"

ဦးဗညားတော်က ရုတ်တရက်ပေါ်လာသည်။ မျက်နှာမှာ တည်လွန်း၏။ သူက ခေါင်းကို စူးစိုက်ကြည့်နေပြီ။

"ခင်ဗျားက ကျုပ်လက်ထဲက သူ့ကို လုယူသွားတာပဲ ဦးဗညားတော်"

"ဘာ…ဘာကွ၊ မင်းရူးနေသလား ခေါင်ရင်၊ နှိုင်းက ကျုပ်ဇနီးကွ"

ပြောရင်း ဦးဗညားတော်က နှိုင်းလက်ကို ဖျတ်ခနဲ ဆွဲယူ၏။ ခေါင်းရှေ့မှာ နှိုင်း မျက်နှာပျက်သွားသည်။

"နှိုင်းက ခင်ဗျားကိုလက်ထပ်ခဲ့တာ ချစ်လို့မဟုတ်ဘူး ဗျ။ သူ့မိဘတွေကြောင့်၊ သူချစ်တာ ကျုပ်ကိုပဲ ဦးဗညားတော်"

သည်တော့ ဦးဗညားတော်က နှိုင်းကိုကြည့်၏။

"သူပြောတာဟုတ်သလား နှိုင်း"

"ဟို…ကျွန်မ…"

"အမှန်တရားကို ပြောလိုက်ပါ နှိုင်း"

ခေါင်းက တိုက်တွန်းသည်။ နှိုင်းက သူတို့နှစ်ယောက်ကြားမှာ မျက်နှာငယ်လေးနှင့် ရပ်နေ၏။





"ပြောလိုက်ပါ နှိုင်း၊ မင်းချစ်တဲ့လူက မင်းရဲ့ခင်ပွန်း ကျုပ်ကိုပဲဆိုတာ"

"အို"

တစ်ဖက်မှ ဦးဗညားတော်ကလည်း တိုက်တွန်းနေသည်။ နှိုင်း ဖျတ်ခနဲ သူတို့နားမှ ခွာလိုက်၏။

"ကျွန်မ သွားတော့မယ်"

ရုတ်တရက် ကျောခိုင်းလိုက်စဉ်…

"နှိုင်း"

"နှိုင်း"

သူတို့နှစ်ယောက်၏ ခေါ်သံ ပေါ်လာသော်လည်း နောက်ကို လှည့်မကြည့်တော့၊ သူတို့နှစ်ယောက်ကြားမှာ နှိုင်း ဘာမှမဆုံး ဖြတ်နိုင်ပေ။

"နှိုင်း"

"အင်…ဟင်"

တစ်စုံတစ်ယောက်၏ခေါ်သံကြောင့် နှိုင်း မျက်လုံးတို့ ဖွင့်ကြည့်လိုက်တော့…

"ဟင်…ကို"



www.burmeseclassic.com

www.burmeseclassic.com



နှင်းရဲ့မျက်နှာကို အပေါ်စီးမှ အုပ်မိုးကြည့်နေသည့် ဦးဗညားတော်အား တွေ့ရခိုက် ခေါင်းကို မျက်လုံးတွေက ရှာမိ၏။

ကြည့်စမ်း…ဒါ အိပ်မက်ပါလား။

လက်တွေ့မှာ နှင်းရောက်နေတာက ဦးဗညားတော် ရင်ခွင်ထက်ဝယ်ပင်။

"ချာတိတ်…အိပ်နေလိုက်တာ ဇာကယ့်ကလေးလေး အတိုင်းပဲကွယ်"

သူက နှင်းနဖူးကို ညင်သာစွာနမ်းရှိုက်ရင်း ပြောသည်။ နေ၏အလင်းရောင်ကြောင့် မိုးလင်းနေပြီဆိုတာ နှင်း သိလိုက်၏။ နှင်း အိပ်ရာမှထဖို့ပြင်စဉ်….

"ဟော့…အစောကြီးရှိသေးတယ်၊ နေပါဦးကွ"

"အို"

နှင်းကိုယ်လေး သူ့ရင်ခွင်ထဲ တစ်ဖန်ပြန်ရောက်သွားသည်။

"ကိုယ်စဉ်းစားမိတယ်၊ နှင်းကို အစောကတည်းက ကိုယ် ဘာကြောင့် ဂရုစိုက်မိတာပါလိမ့်လို့"

သေးကျဉ်းသော နှင်း၏ခါးလေးကို သူ တင်းတင်းဖက် ရင်း ဆိုသည်။

"အဟွန်း…ဒါပေမယ့်လည်း ခုချိန်ထိ ကိုယ် နောက် မကျသေးပါဘူးလေ၊ နှင်းဟာ ချစ်စရာကောင်းတဲ့ ပန်းလေး တစ်ပွင့်ပဲကွ"

နုညက်သော နှင်း၏ပါးပြင်ပေါ်သို့ ညင်သာစွာ အနမ်း တွေကျရောက်လာသည်။ သူဟာ နှင်း လက်ထပ်ထားတဲ့ခင်ပွန်း တစ်ယောက်ရို့ မျက်ဝန်းအစုံကိုသာ မှိတ်လိုက်မိတော့၏။

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

"အင်း...ဒီလိုအတူနေလာပြီးမှ မြေးလေးတွေနဲ့ ခွဲရမယ်ဆိုတော့ ရက်တရက် မာမီ့ရင်ထဲ မနေတတ်သလိုပဲကွယ်"

အချိန်မရွေးသော ဦးဗညားတော်က နောက်မှအလုပ်များကို စိတ်မချ၍ ဒီနေ့ပြန်လေ၏။ သူပြန်မည်ဆိုတော့ နှိုင်း အတုပ် အပိုးပြင်ရသည်။

သည်အချိန်မှာ နှိုင်းက သူ၏ဇနီးမယားအစစ် ဖြစ်ခဲ့လေပြီ။ ထို့ကြောင့် ဖောင်းကိုတောင် သွားတွေ့ဖို့ မစဉ်းစားတော့။ အရာအားလုံး ပြီးဆုံးသွားပြီလို့ နှိုင်းယူဆထား၏။

"တွေ့ကြုံခဲ့ကြ ခွဲခွာတာပေါ့ မာမီကြီးရယ်၊ ရန်ကုန်နဲ့ မန္တလေးဆိုတာ မဝေးပါဘူး။ မကြာခဏ လာလို့ရတာပဲကွာ၊ ကျုပ်တို့လည်း မြေးတွေကိုလွမ်းရင် ရန်ကုန်လိုက်သွားရုံပေါ့ဗျာ"

ရိပ်သာမှထွက်လာတာ မကြာသေးသော ဒက်ဒီကတော့





အရာရာကို တရားနှင့်ဖြေသိမ့်ပုံပင်။ နှိုင်းကိုယ်တိုင်လည်း မာမီတို့နှင့်ခွဲရမှာ စိတ်မကောင်းပေ။

"ဒက်ဒီတို့ မာမီတို့လည်း အသက်ကြီးနေပြီ၊ နှိုင်းတို့နဲ့ လိုက်နေပါလားဟင်"

"ဒါတော့မဖြစ်ဘူး သမီး၊ မာမီတို့က ဒီမှာပဲ ခေါင်းချဖို့ ဆုံးဖြတ်ထားတယ်"

မမတစ်ယောက်လည်း ဒီနေရာမှာပဲ ဆုံးပါးခဲ့တော့ မာမီတို့အတွက် ပို၍တွယ်တာစရာဖြစ်တာ မဆန်းပါ။

"ကိုတို့ မကြာခဏ လာလို့ရတာပဲ နှိုင်းရယ်၊ ဖုန်းနေ့တိုင်းဆက်ပြီး 'မာမီတို့ ကျန်းမာရေး မေးနိုင်တာပဲ"

"မောင်ဗညားတော် ပြောတာဟုတ်တယ် သမီး၊ တစ်ယောက်နဲ့တစ်ယောက် ကျန်းမာရင် တော်ပြီပေ"

နှိုင်း သက်ပြင်းချလိုက်၏။ လူကြီးတွေ ပျော်ရာမှာနေပါစေဟု သဘောထားလိုက်သည်။

"နှိုင်းတို့ မကြာခဏလာပါ့မယ် မာမီ"

"အေးကွယ်"

"ကဲ...နှိုင်း ဒက်ဒီနဲ့မာမီကို ကန်တော့ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

လေဆိပ်ဆင်းခါနီး မိဘတွေကို ကန်တော့ကြသည်။ ဒက်ဒီနှင့်မာမီ မျက်နှာမကောင်းစွာဖြင့် ဆုတွေပေးကြ၏။

"ကဲ…သားသားတို့ ဘိုးဘိုးနဲ့ ဘွားဘွားကို နှုတ်ဆက်ကြ"

ဦးဗညားတော်နှင့် နှိုင်းက အမြွှာနှစ်ယောက်ကို တစ်ယောက်စီ ချီထား၏။

သူတို့လက်ထဲမှာ ကလေးတွေကို အဘိုးနှင့် အဘွားအား နမ်းစေသည်။

"ချစ်စရာကောင်းတဲ့ ငါ့မြေးကြီးတွေ နောက်တစ်ခါ တွေ့ရင် စကားတွေအများကြီး တတ်နေမှာသေချာတယ်"

မာမီတို့က သားတွေကို ပြန်နမ်းရင်း ပြော၏။

"သားတွေ နှစ်နှစ်ပြည့်မွေးနေ့ပွဲကို ကျွန်တော် ခမ်းခမ်းနားနား လုပ်ပေးဖို့ စိတ်ကူးထားတယ် ဒက်ဒီနဲ့မာမီ"

"ကောင်းတာပေါ့ကွယ်၊ မြေးကြီးတွေ မွေးနေ့ပွဲရောက်မှ မာမီတို့လာခဲ့မယ်"

"ဟင်…မာမီကလည်း သားတို့ကိုရော မြေးကြီးတွေ





တဲ့"

နှိုင်းက မကြိုက်သလို ပြောလိုက်၏။ မာမီပြုံးကာ…

"သြော်…မြေးကြီးတွေပေါ့ကွယ်၊ တစ်နေ့ သမီးကလေးရလာရင် သူတို့က မြေးဦး မြေးကြီးတွေပဲ ဖြစ်ရမှာလေ"

"အို…မာမီကလည်း"

ထိုကိစ္စမျိုး မစဉ်းစားဖူးသော နှိုင်းမှာ မျက်နှာလေး နီရဲသွား၏။ ဦးဗညားတော်က သဘောကျဟန်ဖြင့် ပြုံးသည်။

"အဟွန်း…မာမီပြောတာ မှန်တယ် နှိုင်း၊ နှိုင်းလည်း ငယ်သေးတာပဲ၊ တစ်နေ့ ဘားသမီးရနိုင်တာပဲ"

"အို…ဟင့်အင်း…နှိုင်းမှာ ဒီသားလေးတွေရှိရပြီပဲ"

"ကဲ…ကဲ…နောက်မှအငြင်းပွားကြ လေယာဉ်ထွက်တော့မယ်"

"ဟုတ်ကဲ့…ကျွန်တော်တို့သွားတော့မယ် ဒက်ဒီ"

"မာမီ…နှိုင်းသွားပြီနော်"

အပြန်ခရီး ခုရှုများတာမို့ မာမီတို့ကို လိုက်မပို့နိုင်ဘေး ဒရိုင်ဘာနှင့်သာ လေဆိပ်ထွက်ခဲ့သည်။

"အဟွန်း…ခုမှ ကိုယ့်ဘာသာ မိသားစု စုံစုံလင်လင်နဲ့ ခရီးထွက်ဖြစ်တော့တယ် နှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ခရီးထွက်တာမဟုတ်ပါဘူး၊ မဖြစ်မနေမို့ ထိုလာခေါ်တာမဟုတ်လား"

မျက်စောင်းလေးထိုးကာ နှိုင်းပြောတော့ သူပြုံးသည်။ ထို့နောက် နှိုင်း၏လက်လေးကို တင်းတင်းဆုပ်ကိုင်ကာ…

"ဒီလိုမပြောပါနဲ့ဗျာ၊ နှိုင်းနဲ့သားတို့ဟာ ကိုယ့်အတွက် မရှိမဖြစ်တဲ့သူတွေပါ၊ ဒါကြောင့် အလုပ်တွေကိုပစ်ပြီး နှိုင်းတို့ထိုလာခေါ်တာပါကွယ်"

"နှိုင်းကတော့ မယုံပါဘူး"

"အဟွန်း…ဟွန်း…နှိုင်းယုံအောင် ကိုယ် သက်သေပြမှာပေါ့၊ မိသားစုခရီးစဉ်အတွက် ဒီကအပြန် ငပလီကို သွားမယ်လေ"

"ဟင်…တကယ်"

အလုပ်အလွန်များသောသူက ခုလို အချိန်ပေး၍ ငပလီလိုက်မို့မည်ဆိုတော့ ဝမ်းသာသွားရ၏။ မနေလေးသူ နှိုင်းက ပင်ပျော့ယ်နှင့် အနေဆေးသည်မဟုတ်လား။

လေဆိပ်ရောက်တော့ ခရီးသည်တွေအပြည့်…ထိုစဉ်

"နှိုင်း"





"ဟင်…ခေါင်း"

မမျှော်လင့်ဘဲ ခေါင်းကို လာတွေ့ရတာကြောင့် နှိုင်းမျက်နှာပျက်သွား၏။

ခေါင်းကလည်း နှိုင်းဘေးမှ ဦးဗညားတော်ကိုကြည့်ကာ မျက်နှာမကောင်းတော့…

"နှိုင်း မိတ်ဆွေလား"

ရုတ်တရက် တိတ်ဆိတ်သွားစဉ် ဦးဗညားတော် မေးလာ၏။ နှိုင်းမျက်နှာကိုမြင်၍ ခေါင်း ခပ်လေးလေးညိတ်လိုက်သည်။

"ဟုတ်…ဟုတ်တယ် ကိုး ဒေါက်တာခေါင်းဒ တဲ့"

"တွေ့ရတာဝမ်းသာပါတယ် ဒေါက်တာ၊ ကျွန်တော်က နှိုင်းရဲ့ခင်ပွန်း ဗညားတော်ပါ"

"ဟုတ်ကဲ့…ကျွန်တော်ကလည်း တွေ့ရတာဝမ်းသာပါတယ် ဦးဗညားတော်"

အမျိုးသားနှစ်ယောက် လက်ဆွဲနှုတ်ဆက်တာကို နှိုင်း အငေးသားကြည့်နေမိ၏။ သည်လိုနေရာမှာ ခေါင်းကိုလာတွေ့လိမ့်မည်ဟု နှိုင်း မထင်ခဲ့ပေ။

"ဒါက ကျွန်တော့် ဇစ်စတင်းကတ်ပါ၊ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ရောက်ရင် ဝင်ပါ"

ဦးဗညားတော်က ဗစ်စတင်းကတ်ထုတ်ပေးရင်း ခေါင်

ဆိုပြော၏။ ခေါင်းက နှိုင်းကို တစ်ချက်လှမ်းကြည့်သည်။ပြီး

ဦးဗညားတော်ဘက်လှည့်ကာ…

"ခုလိုဖိတ်ခေါ်တာ ဝမ်းသာပါတယ် ဦးဗညားတော်

ရန်ကုန်ကို ကျွန်တော် မကြာခဏ ရောက်ပါတယ်"

"နှိုင်းရဲ့မိတ်ဆွေဟာ ကျွန်တော့်မိတ်ဆွေပါပဲ ခေါက်တာ

ခေါက်တာလာရင် ကျွန်တော်ဝမ်းသာစွာ ကြိုဆိုပါတယ်"

သူက လိုက်လျောစွာပြောလိုက်လေ၏။

အရပ်မြင့်မြင့်နှင့် ချောမောခန့်ညားသော ဦးဗညားတော်

လို ယောကျ်ားတစ်ယောက်နှင့် အနီးကပ်နေလာသော နှိုင်း အ

ဖြင့် စိတ်မလှုပ်ရှားဘဲ နေမည်လား။

"ကျေးဇူးပါပဲ ဦးဗညားတော်၊ ကျွန်တော်က

ဦးဗညားတော်ကို ချေ့ဖိတ်မကျေလိုက်နိုင်သလို ဖြစ်သွားတယ်

နှိုင်းက ဦးဗညားတော် ရောက်လာတာ ကျွန်တော့်ကို မပြောခဲ့

လေ"

ခေါင်းက နှိုင်းကိုကြည့်ပြီး ပြောလိုက်၏။ နှိုင်း မျက်



ချီသည်။

"အဟွန်း…ကျွန်တော် ရောက်တာ မကြာသေးဘူး

ခေါက်တာ၊ နှိုင်းနဲ့ ကလေးတွေကို လာခေါ်တာ၊ ရန်ကုန်မှာ

အလုပ်တွေပစ်ထားသလို ဖြစ်နေတော့ ဒီမှာ ကြာကြာမနေနိုင်

ဘူးကိုး၊ နောက်များမှ အေးအေးဆေးဆေးနေပြီး နှိုင်းနဲ့အတူ

မိတ်ဆွေတွေအိမ် လည်ရမယ်"

ဦးဗညားတော် ခပ်ဖြူးဖြူးပြန်ပြောတော့ ခေါင်း မျက်နှာ

မျက်ခေါင် ကြိုးစားသည်။

"ဦးဗညားတော့်သာ လာမယ်ဆိုရင် ကျွန်တော်က

ကြိုဆိုပါတယ်ဗျာ၊ နှိုင်းက ခေါ်လာမှာမဟုတ်လား"

အမျိုးသားနှစ်ယောက်ကြားတွင် နှိုင်း ချောင်ပိတ်မိနေ

သလိုပါပဲ။ ခေါင်းမေးတော့ နှိုင်း မျက်တောင်ကော့များ ဝင့်ကြည့်

တ၏။

"နောက်တစ်ခေါက် ဒီကိုရောက်ဖို့ဆိုတာ နှိုင်းတို့ မလွယ်

နိုင်တယ် ခေါက်တာ"

"ဟဲ…ဟဲ…ရောက်လာတဲ့အခါကျတော့ဗျာ၊ ဘာပဲဖြစ်

ဖြစ် ရန်ကုန်ရောက်ရင် ကျွန်တော်ကတော့ နှိုင်းတို့ဆီဝင်မှာပဲ။"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်း ဘာကိုဆိုလိုတယ်ဆိုတာ နှိုင်း သိပါ
ရုတ်တရက် ဘာမှအကြောင်းမကြားဘဲ ပြန်သွားတဲ့ နှိုင်းအား
ရောက်အောင်လာတွေ့မည်မှာ သေချာသည်။

"အိမ်မှာ ကျွန်တော်မရှိပေမယ့် နှိုင်းက အမြဲရှိပါ
သာဖြစ်အောင် လာခဲ့ပါ ဒေါက်တာ၊ ကဲ...ခုတော့ ကျွန်တော်
ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီဗျာ"

ခေါင်းကိုနှုတ်ဆက်ပြီး သူတို့ ထွက်ခဲ့သည်။ ခပ်
လှမ်းရောက်မှ နှိုင်း ပြန်ကြည့်တော့ ခေါင်း၏ စူးလက်
မျက်လုံးများနှင့်ဆုံမိ၏ ချက်ချင်းအကြည့်လွှဲလိုက်၏။

○ ○ ○

"ဒေါက်တာခေါင်းမှာ အိမ်ထောင်ရှိလား နှိုင်း"

"ရှင်...ဟင့်အင်း"

ရန်ကုန်အိမ်ပြန်ရောက်တော့ အခန်းထဲဝင်၍ အနားယူစဉ်
ညားတော်က မေးလာသည်။

"ဒီလူက လူချောပဲ၊ ချစ်သူရည်းစားတော့ရှိမှာပေါ့ နှိုင်း"

"အို...နှိုင်း မသိ...မသိဘူး၊ နှိုင်းက ဒီမှာ ထိုင်နေရ
တာပဲ"

မျက်နှာမပျက်အောင် ကြိုးစား၍ နှိုင်း ဖြေလိုက်၏
ည်တော့ သူပြုံးကာ နှိုင်းကိုယ်လေးကို ဖက်၏

"အဟွန်း...ဟုတ်သားပဲ၊ ကိုယ့်မိန်းမက ဆိုတဲ့အရား
ဆိုတော့ ဒေါက်တာအကြောင်း ဘယ်သိမလဲ...ဆောရီး"

သူ့ရင်ခွင်ထဲမှာ နှိုင်း သက်ပြင်းလေး ကြိတ်ချလိုက် သည်။





www.burmeseclassic.com

www.burmeseclassic.com



"ကဲ... အပြစ်တော့မဆိုနဲ့ နှိုင်း၊ အလုပ်တွေပစ်ထားရတဲ့ ရက်တွေများပြီ၊ ကို ကုမ္ပဏီသွားလိုက်ဦးမယ်"

"ရှင်...ဟုတ်ကဲ့"

ယခုတစ်ကြိမ် သူ အလုပ်သွားမှာလောက် နှိုင်း ဝမ်းသာတာ မရှိပါ။ သွက်လက်စွာပဲ သူ့ကို ကားနားထိ နှိုင်း လိုက်ပို့ပေး၏။

"ကို စောစောပြန်လာခဲ့မယ် နှိုင်း"

နှိုင်းနဖူးကို ဖွဖွနမ်းရှုတ်ဆက်ပြီး သူပြောသည်။ နှိုင်း ခေါင်းအသာညိတ်လိုက်၏။

"ကိုပြန်လာရင် ဘာဝယ်ခဲ့ရဦးမလဲ၊ နှိုင်း ဘာစားချင်လဲဟင်"

"ဟင့်အင်း...အိမ်မှာစားစရာတွေ ရှိနေတာပဲ ကို၊ ဘာမှ မဝယ်ပါနဲ့တော့"

"အဟွန်း...ကောင်းပြီဗျာ"

သူထွက်သွားမှ နှိုင်း အသက်ပြင်းပြင်းရှူနိုင်၏။ အိမ်ထဲပြန်ဝင်ခဲ့သည်။ အမြွှာနှစ်ယောက်က အိပ်နေကြပြီ။ ထိုစဉ်...

"ကလင်...ကလင်"





ဖုန်းသံကြောင့် နှိုင်း ကိုင်လိုက်၏။

"ဟဲလို"

"ကိုယ်ပါ...နှိုင်း"

"ဟင်...ခေါင်း"

မမျှော်လင့်ဘဲ ခေါင်းဖြစ်နေတာကြောင့် နှိုင်း ဝတ်လုံးကျွင်းသို့ စေ့စဲကြည့်မိသည်။ စောစောကသာ ဖုန်းလာလျှင် သူနှင့်တိုးမှာသေချာ၏။

"ဘယ်လိုလဲ နှိုင်း၊ ဒီတစ်ခါလည်း ဘာအကြောင်းမှ ပြန်မှမပေးဘဲ ကိုယ့်ကို ရက်စက်သွားပြန်ပြီလားဟင်"

နှိုင်း၏တိတ်ဆိတ်နေမှုကို သည်းမခံနိုင်သလို ခေါင်းအသံက ထွက်ပေါ်လာသည်။

"နှိုင်း...နှိုင်း တောင်းပန်ပါတယ် ခေါင်း"

"ဘာကိုတောင်းပန်တာလဲ နှိုင်း၊ နှိုင်းကြောင့် ကိုယ်အသည်း နှစ်ခါကွဲတာကိုလား"

"အို...ခေါင်းရယ်"

သည်တစ်ကြိမ်မှာလည်း နှိုင်းအတွက် ခေါင်း ဘယ်လောက်ခံစားရမည်ဆိုတာ ကိုယ်ချင်းစာနိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ နှင်း၊ ကိုယ့်မှာ နှင်းနဲ့နီးစပ်ဖို့ ဘယ်လောက်ထိ မျှော်လင့်ခဲ့သလဲဆိုတာ သိရဲ့လားဟင်၊ ခုတော့ နှင်းက ကိုယ့်ကို ရှိတယ်လို့တောင်မထင်ဘဲ ဦးဗညားတော် ခေါ်ရာ ပြန်လိုက်သွားတာ တန်းနေတာပါလား"

"နှင်း ဘာပြောရမလဲ ခေါင်း၊ တကယ်တော့ ဒါဟာ ရုတ်တရက် အခြေအနေပါ"

နှင်းစကားကို ခေါင်းက မယုံသလို ရယ်၏။

"အဟွန်း...ဘယ်လိုအခြေအနေပဲ ဖြစ်ပါစေ၊ ကိုယ့်ကို တော့ နှင်းအနေနဲ့ ဖုန်းတစ်ချက် ဆက်သင့်တယ်မဟုတ်လား"

"နှင်း အခွင့်မသာခဲ့ပါဘူး ခေါင်ရယ်"

ဦးဗညားတော် ရောက်လာခြင်းနှင့် ပြန်ခြင်းက မြန်လွန်းတာမို့ နှင်း ဘာမှပြင်ဆင်ချိန် မရတာအမှန်ပါ။

"ကောင်းပြီလေ၊ ဒါဆို မနက်ဖြန် ကိုယ်ချိန်းတဲ့နေရာ နှင်း လာခဲ့ပါ"

"ဟင်...ခေါင်းက ဟိုမှာ..."

"အဟွန်း...ရန်ကုန်နဲ့ မန္တလေးဆိုတာ လေယာဉ်နဲ့စီးရင် အနီးလေးပါ နှင်း၊ ကိုယ် မနက်ဖြန် ရန်ကုန်ကိုရောက်မယ်"





ဒါဟာ တမင် နှင်းကိုလာတွေ့တာဖြစ်မည်ဟု သိလိုက်၏။

"တကယ်လို့ ကိုယ်ချိန်းတဲ့နေရာ နှင်းမလာဘူးဆိုရင် နှင်းဆီ ကိုယ်လာခဲ့မယ်"

"အို"

ခေါင်းသာ အိမ်ကိုလိုက်လာလျှင် ဦးဗညားတော်နှင့် တွေ့မှာသေချာ၏။

"ဒီ..ဒီလိုမလုပ်ပါနဲ့ ခေါင်း"

"အဟွန်း...ဒါဆို ကိုယ့်ဆီ နှင်းလာခဲ့လေ"

"ဟင်း...ကောင်းပြီလေ၊ ခေါင်းရှိမယ့်နေရာကိုသာ ပြောပါ"

နှင်း လက်ခံသဘောတူတာကို ခေါင်း ကျေနပ်သွားပုံ ရ၏၊ ဟိုတယ်တစ်ခုနာမည်ကို ခေါင်း ရွတ်ပြသည်။

"နှင်းလာမယ်လို့ ကိုယ် ယုံကြည်တယ်၊ သိုင်"

ခေါင်း ဖုန်းချသွားတော့ နှင်းစိတ်ထဲ လေးလံနေ၏။ မနက်ဖြန် ဟိုတယ်မှာ ခေါင်းကိုသွားတွေ့ဖို့ဆိုတာ နှင်းအနေဖြင့် တကယ့်စွန့်စားခန်းပါ။



www.burmeseclassic.com

သည့်မှာကာ ဦးဗညားတော်၏ အသိုင်းအဝိုင်းက များ၏။ နှင်းနှင့်ခေါင်း တွေ့တာကို ဘယ်သူမှမသိစေချင်ပေ။

"နှင်းတို့ကိစ္စ မဖြစ်နိုင်လို့ လက်လျှော့လိုက်ပါတော့ ခေါင်း၊ ခုချိန်ကစပြီး နှင်းနဲ့ခေါင်းတို့ မိတ်ဆွေရင်းတွေ ဆက်ဆံသွားရအောင်"

နောက်ဖြစ် ခေါင်းကိုတွေ့လျှင် နှင်း ပြောရမည့်စကားတွေ စိတ်ထဲကြိတ်ကာ စီစဉ်နေ၏။

ညနေ ဦးဗညားတော် ပြန်လာတော့ ဟန်ဆောင်ပြုံးဖြင့် နှင်း ကြိုရသည်။

"ကို ပြန်လာတာ စောသားပဲ"

"အဟွန်း···ကိုယ်ပြောပြီးပြီလေ၊ ခုချိန်ကစပြီး နှင်းနဲ့ ကလေးတွေအပေါ် ကိုယ်ပြောင်းလဲမယ်ဆိုတာ"

နှင်းခါးလေးကိုဖက်၍ သူ့အပေါ်ထပ် တက်ခဲ့သည်။ သူ၏ပြောင်းလဲမှုကို အိမ်က အလုပ်သမားတွေ အံ့ဩမှာသေချာ၏။

"ကြည့်ပါဦး···ကိုယ့်မိန်းမလေးက ရေချိုးပြီး လန်းလန်းဆန်းဆန်းနဲ့ လှနေလိုက်တာ"





"အို"

အခန်းထဲရောက်တော့ နှင်းကိုယ်လေးကို ဆွဲဖက်၍ ပါးပြင်မို့မို့ပေါ် နမ်းရှိုက်သည်။

သူ့ရင်ခွင်ထဲမှ နှင်း လွတ်မြောက်သွားသည်။ သူက မလွှတ်ပေးဘဲ နှင်း နှုတ်ခမ်းတွေကို အသံတိတ်စေ၏။ တကယ်ပဲ သူသည် အရင်ကနှင့်မတူအောင် ပြောင်းလဲခဲ့တာသေချာပြီ။

"နှင်း"

"ဟင်"

"ဒင်နာကို အပြင်ထွက်စားကြမယ်လေ"

"အို···ဟင့်အင်း၊ အိမ်မှာဟင်းတွေချက်ထားတယ် ကို"

အခုနတော့ ခေါင်းကိစ္စကြောင့် နှင်းစိတ်ထဲ ရှုပ်ထွေးနေသည်။ ဘယ်ကိုမှ မသွားချင်ပေ။

"ဘာဖြစ်လို့လဲ နှင်း၊ အိမ်ကဟင်းတွေ အလုပ်သမားတွေ ကျွေးလိုက်ပါ"

"ဟင့်အင်း···နှင်း ဒီနေ့ ဘယ်မှမသွားချင်ဘူး ကို"

သည်တော့ သူက နှင်းကို အကဲခတ်ကြည့်လာ၏။ နှင်းက မျက်ခွံနဲ ထရပ်လိုက်ပြီး···

www.burmeseclassic.com



"ကို…ရေချိုးလိုက်လေ၊ နှင်း ကိုအတွက် ညနေစာ ပြင်လိုက်ဦးမယ်"

ပြောပြီး နှင်း ထွက်ခဲ့သည်။ အောက်ထပ်မှာ ထမင်းပွဲကို စီစဉ်နေပေမယ့် မနက်ဖြန့်အရေးတွေးကာ နှင်း မကြာခဏ သက်ပြင်းချမိ၏။

မကြာခင် ရေချိုး အဝတ်အစားလဲပြီး ဦးဗညားတော် ရောက်လာသည်။

"ဟင်းတွေ စုံလှချည်လား နှင်း"

"ဒါကြောင့် ကိုကို အပြင်မထွက်စားဖို့ နှင်း ပြောတာပေါ့"

သူပြုံး၍ စားပွဲတွင် ဝင်ထိုင်သည်။ နှင်းက မျက်နှာချင်းဆိုင် ထိုင်လိုက်၏။

"အမှန်တော့ နှင်းနဲ့အတူ ဒီလိုလက်ဆုံစားရတာ ကိုယ့်အတွက် အရမ်းကြည်နူးရတယ်၊ နောက်ဆို ဘယ်နှစ်ယောက်နဲ့ ဘယ်လောက်ပျော်စရာကောင်းမလဲ"

နှင်းထည့်ပေးသော ဟင်းတွေကို အရင်လို မငြင်းဆန်ဘဲ သူမြိန်ယှက်စွာစား၏။ နှင်းပန်းကန်ထဲသို့လည်း သူက ဟင်းတွေ





ပြန်ထည့်ပေးသည်။

တကယ့်ခနီးမောင်နှံအစစ်၏ ထမင်းစားဝိုင်းလေးပါ။ သို့သော် ဒီအချိန် ဒီအခါရောက်မှ နှင်းကြောင့် မိသားစုပြိုကွဲရော ကြုံလာရမည်လား။

"နှင်း…ထမင်းစားနည်းလှချည်လား"

"ရှင်…ဟို နေလယ်က ရင်ခံသွားလို့ပါ ကို"

ထိုမျှသာပြောပြီး သူ့ရှေ့မှ နှင်း ထွက်ခဲ့သည်။ ဟန်မဆောင်တတ်တဲ့ နှင်းအတွက် သူ့ရှေ့နေရတာ မွန်းကြပ်သလိုပါပဲ။

o o o



www.burmeseclassic.com

www.burmeseclassic.com

မြူနှင်းဝါသော အုသာအရေမှာ မီးခိုးနုရောင်ဝတ်စုံဖြင့် ပိုးသားကဲ့သို့ တောက်ပနူးညံ့ပျော့ပျောင်းသည့် ဖြောင့်စင်းသော ဆံနွယ်တို့ကို ဖြန့်ချလျက် နုနယ်ဖျော့ချစ်မှုနှင့် တည်ငြိမ်ရင့်ကျက်မှုတို့ ပေါင်းစပ်လျက် ငြိမ်းချမ်းစွာ ကျက်သရေရှိ လှပနေသည့် မိန်းကလေးတစ်ယောက်....

"ဒီတစ်ခါ ကျွန်မ ဆောင်းကို နောက်ဆုံးအနေနဲ့ လာတွေ့တာပါ"

"ဘာ...ဘာပြောတယ် နှင်း၊ မင်းက ကိုယ့်ကို နောက်ဆုံးလာတွေ့တာ ဟုတ်လား"

သည်းမျှလှပသော နှင်းနှင့် ဒီတစ်ကြိမ် မလွဲတော့ပြီဟု ဆောင်း ထင်ခဲ့သမျှ ယခုတော့ နားထဲမယုံနိုင်စရာ။

နှင်းက တည်ငြိမ်စွာဖြင့်...





"ဟုတ်ပါတယ် ဆောင်း၊ တကယ်တော့ ဆောင်းနဲ့ကျွန်မတို့ရဲ့အတိတ်က ပြီးဆုံးခဲ့ပါပြီ"

"ဪ...ခုတော့ မင်းက ဒီလိုပြောပြီလား နှင်း၊ နောက်ဆုံးအကြိမ်ထိ မင်းဟာ ကိုယ့်ဆီလာရို့ ပြောခဲ့တာတွေ မေ့ပြီလားဟင်"

နှင်း မျက်နှာမပျက်အောင် ကြိုးစားလိုက်၏။ စိတ်လှုပ်ရှားနေသော ဆောင်းအတွက် နှင်းစကားတွေကြောင့် ဒေါသဖြစ်မှာသေချာသည်။

"ကျွန်မ အိပ်မက်မက်ခဲ့တာပါ ဆောင်း"

"ဘာ...အိပ်မက်"

"ဟုတ်ပါတယ် ဆောင်း၊ တကယ်တော့ စိတ်ရဲ့ တစ်ခဏထွက်ပေါက်အဖြစ် ကျွန်မ စိတ်ကူးယဉ်မိတာ"

ဆောင်းက လက်မခံနိုင်ဟန်ဖြင့် ခေါင်းခါယမ်းလျက် သည်းမျှတည်ငြိမ်နေတဲ့ နှင်းပုံစံကို လုံးဝသဘောမတူနိုင်အောင်ပါ။

"စိတ်ကူးယဉ်တာမဟုတ်ဘူး နှင်း၊ ကိုယ်ကို တကယ်ချစ်ခဲ့တာ၊ ဒီတစ်ခါ ကိုယ် မင်းကို ဘယ်လိုမှ လက်မလွှတ်နိုင်ဘူး၊ ကိုယ်နဲ့ပြန်လိုက်ခဲ့ပါ နှင်း"

ဆောင်းက ဖျတ်ခနဲ နှင်းလက်ကို ဆွဲယူ၍ပြောလေ၏။ နှင်း



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးနီလျက် ချက်ချင်းရှန်းသည်။

"ဒီလိုမလုပ်ပါနဲ့ ဓောင်း၊ ကျွန်မဟာ ပိုင်ရှင်ရှိသူပါ"

"သြော် ခုကျတော့ မင်းက ဦးဗညားတော်ကို ထည့်တွက်ပြီပေါ့"

မခံချင်ဟန်ဖြင့် သူ မေးသည်။ နှိုင်းအကြည့်တို့အကြောင့် ဒီလောက်စိမ်းကားသွားရတာလဲ။

"ဘာပဲဖြစ်ဖြစ် သူဟာ ကျွန်မခင်ပွန်းပါ ဓောင်း"

"ဒါပေမဲ့ မင်းတို့အိမ်ထောင်ရေးက အစစ်အမှန်မဟုတ်ဘူးလေ နှိုင်း"

ထိုစကားကြောင့် နှိုင်း မျက်လွှာချ၏။ အဖြစ်အပျက်တို့ ပြောင်းလဲကုန်တာ ဓောင်းကို ဘယ်လိုပြောရမလဲ။

• "ပတ်ဝန်းကျင်မှာတော့ ကျွန်မဟာ ဦးဗညားတော်ရဲ့ ဇနီးပါပဲ ဓောင်း၊ ဒီတော့ ဇနီးတစ်ယောက်အနေနဲ့ ခင်ပွန်းအပေါ် သစ္စာစောင့်သိရပါမယ်"

"ဒါဆို ကိုယ်တို့ တစ်သက်လုံး ဝေးကြရမှာလား နှိုင်း"

"အချိန်က ကုစားသွားမှာပါ ဓောင်း"

ဓောင်းက မျက်တောင်များ မွေးစင်းလျက် နှိုင်းကိုကြည့်၏။





"မင်း...သူ့ကိုချစ်သွားပြီလား နှိုင်း"

"အို"

ထိုအမေးကို နှိုင်း ရုတ်တရက် မဖြေနိုင်ပါ။ ဓောင်း စိတ်မရှည်မဲ့ပြုံးသည်။

"နောက်ဆုံးတော့ မင်း သူ့ကိုချစ်သွားပြီပေါ့"

နှိုင်း နှုတ်ခမ်းလေးတင်းတင်းစေ့ကာ ဓောင်းကိုကြည့်လိုက်၏။

သည်နေ့ပြောစရာရှိတာ အားလုံးပြောခဲ့မည်။

"ဖြစ်နိုင်ပါတယ် ဓောင်း၊ သူ့ကို ကျွန်မရဲ့ခင်ပွန်းတစ်ယောက်အနေနဲ့ပေါ့"

"သြော်"

နှိုင်းအဖြေက ဓောင်းကို နာကျင်သွားစေတာအမှန်။ ဓောင်းဘက်ကသာ နှိုင်းကို မမေ့နိုင်ခဲ့တာပါလား။

"နောက်ဆုံး ကိုယ်တစ်ခုပဲမေးမယ် နှိုင်း၊ မင်း သူ့ကို ချစ်လား"

"အဲဒီအဖြေကို ရှင်ရှာနေစရာလိုမှာလား ဓောင်း"

"ဟုတ်တယ်...ဒါမှ ကိုယ့်ရဲ့မျှော်လင့်ချက်တွေ ဘယ်တို့ သွားရမယ်ဆိုတာ စဉ်းစားနိုင်မယ် နှိုင်း"



www.burmeseclassic.com

www.burmeseclassic.com



သည့်အချိန် ခေါင်းနှင့်နှိုင်းတို့ မျက်ဝန်းချင်း အတန်ကြာ ဆုံ၏။ အတိတ်က အရိပ်အမျိုးမျိုးကို ဖြိုးခနဲ ဖျတ်ခနဲ ကိုယ်စီ ပြန်မြင်ယောင်မိသလိုလို.....

အတိတ်၏အရိပ်မှ နှိုင်း လုံးဝထွက်ဖို့ စဉ်းစားလိုက် သည်။ ခေါင်းကိုလည်း နေရာမှန် ဘဝမှန်သို့ ရောက်စေချင်၏။

ဒါမှသာ စစ်မှန်တဲ့အချစ်ဟုယုံကြည်သည်။

"ကျွန်မ ဖြေပါ့မယ် ခေါင်း၊ ဦးဗညားတော်ကို ခင်ပွန်း လစ်ယောက်အနေနဲ့ကော၊ သားတို့ရဲ့ဖခင်အနေနဲ့ကော ကျွန်မ ချစ်ပါတယ်"

"ဟင်"

နှိုင်း၏စကားအဆုံး ခေါင်းမျက်နှာတစ်ခုလုံး ဖြူရော့ သွားစဉ်...

"အဲဒီစကားအတွက် ကို မင်းကို ကျေးဇူးအများကြီး တင်ပါတယ် နှိုင်း"

"ဟင်...ကို"

"ဦးဗညားတော်"

တည်ငြိမ်စွာဖြင့် သူတို့နှစ်ယောက်ကြားထဲ ဝင်ရောက် လာသူက ဗညားတော်၊ ခေါင်းနှင့် နှိုင်းတို့၏ မျက်နှာကို တစ်လှည့်





စီကြည့်သည်။

"တကယ်တော့ လေဆိပ်မှာ ဒေါက်တာနဲ့တွေ့ကတည်း က မင်းတို့နှစ်ယောက်မှာ ဇာတ်လမ်းရှိခဲ့မယ်ဆိုတာ ကိုယ်ရိပ်မိ ခဲ့ပါတယ်"

"အို"

"ဟာ"

လူကဲခတ်ကောင်းသော ဦးဗညားတော်ကိုပဲ သူတို့ ချီးကျူးရမလို။

"မနေ့က နှိုင်း မှုပျက်နေတာ ကိုယ်ရိပ်မိတယ်လေ၊ တကယ်တော့ နှိုင်းဟာ ဟန်မဆောင်တတ်တဲ့ မိန်းကလေးပါ"

"ကျွန်မ..."

တစ်စုံတစ်ခုကို ရှင်းပြဖို့ နှိုင်း ကြိုးစားသည်။ ဦးဗညား တော်က လက်ကာပြ၏။

"ကိုယ် မင်းကို အပြစ်တင်နေတာ မဟုတ်ပါဘူး နှိုင်း၊ တကယ်တော့ မင်းမှာချစ်သူရှိနေတယ်ဆိုတာသာ ကိုသိရင် ခုလို လက်ထပ်ဖြစ်ခဲ့မှာတောင် မဟုတ်ပါဘူး နှိုင်း"

"ဒါပေမဲ့ အခု ကျွန်မက ကိုရဲ့ဇနီး"

"ဟုတ်ပါတယ်၊ မင်းရဲ့သစ္စာရှိမှုကို ကိုယ်လေးစားပါ



www.burmeseclassic.com

www.burmeseclassic.com



တယ် နှိုင်း၊ ကိုယ့်ကိုမချစ်ဘဲ ကိုယ်နဲ့သားတွေအတွက် မင်း ငဲ့ညှာပြီး လိုက်ယပ်ခဲ့တာသိရတော့ ကိုယ် စိတ်ထိခိုက်ရတယ်၊ ဒီအတွက် မင်းကို ပြန်ပေးဆပ်ဖို့ ကိုယ်စဉ်းစားဆုံးဖြတ်ခဲ့တယ် နှိုင်း"

ဦးဗညားတော်က စကားကို ခဏရပ်ပြီး ဆောင်းဘက် လှည့်ကြည့်၏။

"ကျုပ်ကိုခွင့်လွှတ်ပါ ဒေါက်တာ၊ ကျုပ်ဟာ ဒေါက်တာ တို့နှစ်ယောက်ရဲ့အချစ်ကို ဖြိုခွဲမိခဲ့သူပါ"

"ကျွန်တော် အားလုံးကို ခွင့်လွှတ်နိုင်ပါတယ် ဦးဗညား တော်"

အဓိပ္ပာယ်များလှစွာပါသော စကားကို ဆောင်း ပြောလိုက် ၏။ ဦးဗညားတော် ပြုံးသည်။

"ဒေါက်တာ့ရဲ့သဘောထားကြီးမှုကို ကျုပ် လေးစား တင်မိပါတယ်၊ ခုတော့ အဖြစ်မှန်အားလုံး သိကြပြီပဲ၊ ဒေါက်တာ ခွင့်လွှတ်နိုင်မှတော့ နှိုင်းကို ကျုပ်ဘက်က ကျေနပ်စွာစွန့်လွှတ် ပေးပါမယ်"

"ဟင်…ကို"

နှိုင်း အံ့အားသင့်စွာ ဦးဗညားတော်ကိုကြည့်၏။ ကိုက





နှိုင်းကို ကြင်နာစွာကြည့်လာသည်။

"လောကမှာ မချစ်မနှစ်သက်တဲ့လူနဲ့နေရတာ ဒုက္ခ တစ်ခုပါ နှိုင်း၊ မင်းကို အဲဒီဒုက္ခ ဆက်ပြီးမခံစားစေချင်ပါဘူး၊ ဒါကြောင့် ကိုယ်ချစ်တဲ့သူနဲ့အတူ မင်းဘဝကို ပျော်ရွှင်စွာဖြတ်သန်း ပါတော့ နှိုင်း"

အရင်က ဒီစကားမျိုးကြားရလျှင် နှိုင်း[illegible] တစ်ခု တစ်ရာကို ဆုံးဖြတ်ကောင်း ဆုံးဖြတ်မိမည်။

ယခုတော့……

"ဒီမှာ ကျွန်မဟာ မိန်းတစ်ယောက်၊ မိခင်တစ်ယောက် ပါ၊ မိန်းတစ်ယောက်အနေနဲ့ ခင်ပွန်းကို သစ္စာဖောက်ခွင့်ရှိရင် ရှိမယ်၊ ချစ်သူတစ်ယောက်အနေနဲ့လည်း သစ္စာမဲ့ချင်မဲ့မယ်၊ ဒါပေမဲ့ မိခင် တစ်ယောက်အနေနဲ့ ကျွန်မရဲ့သားတွေအပေါ် ဘယ်လိုမှ သစ္စာ မဖောက်နိုင်ဘူး။ ဘယ်လိုမှ သစ္စာမမဲ့နိုင်ဘူး"

စကားအဆုံး နှိုင်းက မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်လိုက်စဉ်…

"မေမီ"

"မာမီ"

"ဟင်…သားတို့"



www.burmeseclassic.com

www.burmeseclassic.com



နာနီခေါ်လာသော ကလေးတွေကို နှိုင်း ကြင်နာစွာ ထွေးပွေ့ယူလိုက်၏။ ထို့နောက် မျက်ရည်များ တပေါက်ပေါက် ကျလျက်...

"သားတို့ရယ်...မင်းတို့နားက မာမီ ဘယ်ကိုမှမသွား ပါဘူးကွယ်"

လေးနက်သော ကတိစကားကို နှိုင်း ပေးလိုက်မိ၏။

ခေါင်းက နှိုင်းနှင့်ကလေးတွေကို လေးနက်စွာကြည့် သည်။

"နှိုင်းရဲ့ဆုံးဖြတ်ချက်ဟာ မှန်ပါတယ်၊ နှိုင်းရဲ့မြင့်မြတ် တဲ့ စိတ်ဓာတ်ကို ကျွန်တော် တစ်သက်လုံး ချီးကျူးလေးစား အမှတ်ရနေပါ့မယ်၊ ဟဲ...ကျွန်တော့်ကို ခွင့်မြုကြပါ"

နောက်ဆုံးအနေနှင့် နှိုင်းကို တစ်ချက်ကြည့်ပြီး ခေါင်း ထွက်ခဲ့သည်။

"နှိုင်း"

ဦးဗညားတော်၏ အသံပေါ်လာသည်။ မျက်ရည်တို့ မခြောက်သေးသော မျက်ဝန်းများဖြင့် သူ့ကို ဖြည်းညင်းစွာ နှိုင်း ကြည့်လိုက်မိ၏။

"ခုချိန်ကစပြီး နှိုင်းနဲ့သားတို့အပေါ် တစ်သက်လုံး ခင်ပွန်း





ကောင်း၊ ဖခင်ကောင်းတစ်ယောက်အဖြစ် သစ္စာရှိပါ့မယ်လို့ ကတိ ပေးပါတယ်ကွယ်"

"ကိုရယ်"

သူ၏ကျယ်ပြန့်နွေးထွေးသော ရင်ခွင်ကျယ်ကြီးထဲသို့ နှိုင်းတို့သားအမိသုံးယောက် အားကိုးယုံကြည်စွာ ခိုဝင်လိုက်မိ သည်။ ထို့နောက် ကိုနှင့် နှိုင်းတို့၏ မျက်ဝန်းချင်းဆုံချိန်မှာ နှစ်ဦး သား ရင်ခုန်သံများ ဆူညံစွာရိုက်ခတ်သွားလေ၏။

ရင်ခုန်သံစည်းချက်ရိုက်ခတ်သံများက သူတို့နှလုံးသား များတွင် အဆက်မပြတ် မြည်ဟီးလျက်။

[illegible]

[illegible]



www.burmeseclassic.com